# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် ဇူလိုင်လ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ပွားစီးတိုးအောင် အားထုတ်**

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏ အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုးဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိအကျိုးစီးပွား တိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည်သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏ အကျိုးစီးပွား ကြုံဆုံပေါ်ပေါက်လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏။)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)


၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်၊ စနေနေ့။ Saturday, 3 April 2021 ၁၀၃၃၆


**ကြေးမုံ ယနေ့ ဖတ်စရာ**

Belarus Today သတင်းစာမျက်နှာတွင် အမှတ်စဉ်(၅၀)ဖြင့် ထုတ်ဝေသော ၂၀၂၁ ခုနှစ် မတ်လ ၁၈ ရက်နေ့ရက်စွဲပါ Republic အွန်လိုင်းသတင်းစာ၏ နိုင်ငံရေးကဏ္ဍတွင် "နိုင်ငံတော်ကြီး မပြိုကွဲစေချင်" ခေါင်းစဉ်ဖြင့် Mr. Aliksei DZERMAN ရေးသားဖော်ပြထားသည့် မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်တိုးတက်မှု အခြေအနေများအပေါ် သုံးသပ်ချက် သတင်းဆောင်းပါး

စာမျက်နှာ » ၈

၂၀၂၁ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ပြုလုပ်ခဲ့သည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အစည်းအဝေး၌ ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener ၏ ပြောကြားချက်များအပေါ် တုံ့ပြန်သတင်းထုတ်ပြန်ချက်

စာမျက်နှာ » ၂၄



ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီဥက္ကဋ္ဌ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ ညှိနှိုင်းအစည်းအဝေး (၁/၂၀၂၁)တွင် အမှာစကားပြောကြားစဉ်။

# ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီအစည်းအဝေး ကျင်းပ

နေပြည်တော် ဧပြီ ၂

ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ ညှိနှိုင်းအစည်းအဝေး (၁/၂၀၂၁)ကို ယနေ့နံနက် ၁၀ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က အမျိုးသားအဆင့်ကော်မတီ အကောင်အထည်ဖော်ဆောင်ရွက်မည့် မူဝါဒနှင့်လုပ်ငန်းစဉ်များ၊ ပြည်နယ်အဆင့် ကော်မတီများနှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ဒေသအသီးသီးရှိ IDPs များအတွက် ကာကွယ်၊ စောင့်ရှောက်၊ ထောက်ပံ့ပေးမှုများ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ နေရပ်စွန့်ခွာသူများ ဘေးကင်းလုံခြုံ၍ ဂုဏ်သိက္ခာရှိစွာဖြင့်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

# အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့မှ COVID-19 ကာလအတွင်း ပုဂ္ဂလိကပိုင် စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနများရှိ အာမခံအလုပ်သမားများအား လူမှုဖူလုံရေးထောက်ပံ့ငွေ ထုတ်ပေးပြီးစီးမှု

နေပြည်တော် ဧပြီ ၂

COVID-19 ကာလအတွင်း လူမှုဖူလုံရေးအဖွဲ့မှ လူမှုဖူလုံရေးအကျိုးဝင် ပုဂ္ဂလိကပိုင် စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနများရှိ အာမခံအလုပ်သမားများအား လူမှုဖူလုံရေးထောက်ပံ့ငွေများအား ခွင့်ပြုထုတ်ပေးလျက်ရှိရာ COVID-19 1st Wave အတွက် ၂၀၂၀ ပြည့်နှစ် မေ ၁၃ ရက်မှ ၂၀၂၁ ခုနှစ် မတ် ၃၁ ရက်အထိ စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာန စုစုပေါင်း (၈,၆၂၀) ဌာနမှ အာမခံအလုပ်သမား (၈၅၃,၂၂၄) ဦးအတွက် ထောက်ပံ့ငွေကျပ်သန်း (၂၁,၄၆၂ ဒသမ ၅၁၂) အား လည်းကောင်း၊ COVID-19 2nd Wave အတွက် ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၂ ရက်မှ ၂၀၂၁ ခုနှစ် မတ် ၃၁ ရက်အထိ စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာန စုစုပေါင်း (၇,၇၁၀) ဌာနမှ အာမခံအလုပ်သမား (၇၃၅,၃၅၀) အတွက် ထောက်ပံ့ငွေကျပ်သန်း (၄၆,၅၉၇ ဒသမ ၃၀၆) အား လည်းကောင်း၊

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖




ကြေးမုံ

## အဝေးရောက်မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

နေရပ်ဒေသအသီးသီးသို့ တိမ်းရှောင်နေသူများအနေဖြင့် အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ အရေးယူခြင်းမရှိဘဲ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက် မြန်မာနိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်နိုင်ပါရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က ဧပြီလ ၁ ရက်နေ့က သတင်းထုတ်ပြန်ထားသည်။

တပ်မတော်သည် နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းရယူခဲ့သည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစတင်၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ CRPH အမည်ခံ မတရားအသင်း၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများအနေဖြင့် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရသည်။

နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော မြန်မာနိုင်ငံသား ပြည်သူများအနေဖြင့် တပ်မတော်က နိုင်ငံ့တာဝန် စတင်ယူခဲ့သည့် ဖေဖော်ဝါရီလ ၁ ရက်နေ့မှစတင်၍ နောက်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော ဆန္ဒပြပွဲများတွင် ပါဝင်လိုမှုကြောင့်ဖြစ်စေ၊ အခြားသူများ၏ စည်းရုံးလှုံ့ဆော်မှုကြောင့်ဖြစ်စေ ပြစ်မှုတစ်မျိုးမျိုးတို့ကို ကျူးလွန်ခြင်းမရှိဘဲ အကြောင်းအမျိုးမျိုးဖြင့် ပါဝင်ခဲ့ကြသူများသည် လုံခြုံရေးတပ်ဖွဲ့များ၏ ရှာဖွေဖမ်းဆီးခြင်းကို ခံရမည်စိုးရိမ်သောကြောင့် နယ်စပ်ဒေသရှိ EAO တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံတစ်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်နေကြသူများမှာ လူဦးရေအားဖြင့် တစ်ထောင်ဝန်းကျင်ခန့်ရှိပြီး ၎င်းတို့အနေဖြင့် သိလျက်နှင့်ဖြစ်စေ၊ မသိ၍ဖြစ်စေ သဘောရိုးဖြင့် ပါဝင်နေကြသူများလည်း ရှိမည်ဖြစ်သည်။

ယခုအခါ အချိန်ကာလအားဖြင့် နှစ်လကျော်မျှကာလသို့ရောက်ရှိလာသဖြင့် စားဝတ်နေရေး၊ လူမှုဘဝအရေးတို့ အဆင်မပြေမှုများရှိလာမည်ဖြစ်သည်။ ထို့အပြင် ၎င်းတို့သည် CRPH မတရားအသင်းနှင့် ၎င်းအသင်းနှင့် ဆက်စပ်နေသည့် လူပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သော ကြေညာချက်၊ ထုတ်ပြန်ချက်၊ ပြောကြားချက်များအပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိကြပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရရှိခြင်း၊ လူမှုစီးပွားဘဝ အဆင်မပြေ အခက်အခဲဖြစ်ခြင်းတို့နှင့် ရင်ဆိုင်နေကြရသည်ကို ကြားသိရပါသည်။ ထို့ကြောင့် နိုင်ငံသားများသည် မိမိတို့နေရင်းဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်နေသည်ဟု ကြားသိရပါသည်။

ယခုအခါနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အကြောင်းအမျိုးမျိုးတို့ကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား တရားဝင် ပြန်လည်ဖိတ်ခေါ်နေသည်များ ရှိလာခဲ့သော်လည်း နိုင်ငံတော်ကို ဆန့်ကျင်ပုန်ကန်နေသူများ၊ တိုင်းပြည်ဖျက်လိုဖျက်ဆီး လုပ်လိုသူများ၊ မသမာသူများက အစိုးရက တမင်လှည့်ဖြားခေါ်ဆောင်နေသည်ဟုလည်းကောင်း၊ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်ခဲ့လျှင် ဖမ်းဆီးချုပ်နှောင်ခံရမည်ဟုလည်းကောင်း မပြန်စေရန်အတွက် မယုံကြည်အောင်ပြုလုပ်ခြင်း၊ ခြောက်လှန့်ခြင်း၊ စိုးရိမ်စရာဖြစ်အောင် ပြုလုပ်ခြင်းတို့ဖြင့် သွေးထိုးလှုံ့ဆော်နေသည်ကိုလည်း တွေ့ရပါသည်။

နိုင်ငံကို စီမံအုပ်ချုပ်နေသော အစိုးရတစ်ရပ်အနေဖြင့် တိုင်းသူပြည်သားများအပေါ်တွင် ရင်ဝယ်သားကဲ့သို့ သဘောထားပြီး အပြစ်မရှိသူများ အပြစ်မဖြစ်အောင်၊ မမျှော်လင့်ဘဲ လမ်းမှားပေါ်သို့ မရောက်အောင် အချိန်မလွန်မီ စောင့်ရှောက်ကာကွယ်ပေးရန် တာဝန်ရှိပေသည်။ ယနေ့လက်ရှိအချိန်အခါအထိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဆိုးဆိုးရွားရွားပြစ်မှုကျူးလွန်သူများကိုသာ ဖမ်းဆီးထိန်းသိမ်းလျက်ရှိပြီး ဆန္ဒပြပွဲများတွင် ပါဝင်ခဲ့သည့် ငယ်ရွယ်သူ ကျောင်းသား ကျောင်းသူလေးများ၊ ပြစ်မှုကျူးလွန်ခြင်းမရှိသည့် ပြည်သူများအား မိဘရပ်ထံသို့ ကောင်းမွန်စွာ ပြန်လည်လွှတ်ပေးလျက်ရှိသည်ကို ကိုယ်တွေ့ကြုံသူများအားလုံး အသိပင်ဖြစ်သည်။

သို့ဖြစ်ရာ ပြစ်မှုကျူးလွန်ခြင်းမရှိသော အဝေးရောက်ပြည်သူများအနေဖြင့် ဖျက်လိုဖျက်ဆီးလုပ်လိုသူများ၏ သွေးထိုးပေးမှုများကို နားမယောင်ဘဲ အမိရင်ခွင်သို့ ပြန်လည်ဝင်ရောက်သကဲ့သို့ စိတ်အေးချမ်းသာစွာ ပြန်လာကြပါရန် မေတ္တာတရားဖြင့် အသိပေးအပ်ပါကြောင်း။ ။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး

၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ လူမှုရေး

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## သက်ရှိကမ္ဘာ ရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂-၄-၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၁၀၀ | ၉,၁၀၀ | ၇၀၀ | ၆,၃၇၀,၀၀၀ |
| MTSH | ၃,၅၀၀ | ၃,၅၀၀ | ၅,၀၄၉ | ၁၇,၆၇၁,၅၀၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၀ | ၀ |
| FPB | ၂၁,၅၀၀ | ၂၁,၅၀၀ | ၀ | ၀ |
| TMH | ၂,၈၀၀ | ၂,၇၅၀ | ၃ | ၈,၃၀၀ |
| EFR | ၃,၂၀၀ | ၃,၂၀၀ | ၅၇ | ၁၈၂,၄၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူပါသည်။

### နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဧပြီ ၂

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၈၇.၂ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၇၅၂.၆ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၂၆.၇၁ |
| (ဃ)ထိုင်း | တစ်ဘတ် | = | ၄၇.၅၃၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၅၉.၁၀ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၀.၂၉၀ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၁၃၃.၃ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၀၆.၉ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၃၄၆.၀ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၁.၉၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာ၊ ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးတင်ထွန်းတာ၊ ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဒေါ်အေးအေးသင်းနှင့်အဖွဲ့

# မိမိတာဝန်ကို ရိုးရိုးသားသားနှင့် ကျေပွန်အောင် ထမ်းဆောင်ကြရန်လို

**မိမိတို့အနေဖြင့် တပ်မတော်ကို စွမ်းရည်စွမ်းအားမြင့်မားသည့်၊ တိုက်စွမ်းရည်၊ တိုက်စွမ်းအား ကောင်းမွန်သည့်တပ်မတော်ဖြစ်အောင် အမြဲတမ်း လေ့လာ၊ လေ့ကျင့်၊ လိုက်နာကြရမည်ဖြစ်ကြောင်း၊ လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ တစ်ဦးချင်း၏ စွမ်းဆောင်ရည်ကောင်းမွန်မှသာလျှင် Team work ရရှိပြီး အဖွဲ့လိုက်စွမ်းဆောင်ရည်များလည်း ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ မိမိတာဝန်ကို ရိုးရိုးသားသားနှင့် ကျေပွန်အောင် ထမ်းဆောင်ကြရန် လိုကြောင်း၊ တစ်ဦးချင်း အသိစိတ်ဓာတ်ကောင်းမွန်စွာဖြင့် ကြိုးစားဆောင်ရွက်ပြီး မိမိတို့တစ်ဦးချင်းမှ မိမိကိုယ်ကိုနှင့် မိမိတပ်ကို ကောင်းအောင်ကြိုးစားပြီး တပ်မတော်၊ တိုင်းပြည်နှင့် လူမျိုး၏ဂုဏ်ကို မြှင့်တင်နိုင်အောင် ကြိုးစားလုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀-၃-၂၀၂၂ ရက်နေ့တွင် မြိတ်၊ ကျွန်းစုနှင့် ကိုကိုးကျွန်းတပ်နယ်တို့မှ အရာရှိ၊ စစ်သည်မိသားစုများနှင့် တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

☆ ရှေ့ဖုံးမှ
မိုခိုမှုကင်းသည့် လူနေမှုပတ်ဝန်းကျင် ပြန်လည်တည်ဆောက်ပေးရေးဆိုင်ရာ ကိစ္စရပ်များကို သက်ဆိုင်ရာ ကော်မတီအသီးသီးက ပူးပေါင်းဆောင်ရွက်သွားရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးမှာကြားသည်။

**ရှင်းလင်းဆွေးနွေး**

ဆက်လက်၍အမျိုးသားအဆင့် ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်သက်သက်ခိုင်က ပြည်တွင်း နေရပ်စွန့်ခွာသူများ ပြန်လည်နေရာ ချထားရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပေးနိုင်ခဲ့မှု အခြေအနေများ၊ ယာယီခိုလှုံရာ စခန်းများ ပိတ်သိမ်းရေးဆိုင်ရာ ဆောင်ရွက်ခဲ့မှု အခြေအနေများ၊ လတ်တလော ဖြစ်ပွားလျက်ရှိသည့် တိုက်ပွဲရှောင်စခန်းများအတွက် လိုအပ်သည့် လူမှုလုံခြုံရေးဆိုင်ရာ ဆောင်ရွက်ပေးမှု အခြေအနေများ၊ ထောက်ပံ့ကူညီပေးမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

**ညှိနှိုင်းဆွေးနွေး**

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသည့် အမျိုးသားအဆင့်ကော်မတီဝင်များ၊ ပြည်နယ်အဆင့် ကော်မတီဝင်များနှင့် တာဝန်ရှိသူအသီးသီးက မိမိတို့ကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြဆွေးနွေးခဲ့ကြပြီး အမျိုးသားအဆင့်ကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်သက်သက်ခိုင်တို့က ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီအဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ်၊ ၁၀၉ / ၂၀၂၂

၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်
(၂၀၂၂ ခုနှစ်၊ ဧပြီလ ၂ ရက်)

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါပုဂ္ဂိုလ်များအား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဦးမြင့်ဦး
(၂) ဦးနေလင်းထွန်း

အမိန့်အရ

(ပုံ)အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ ဈေးများ၊ စတိုးဆိုင်များ ပုံမှန်အတိုင်း ရောင်းဝယ်ဖောက်ကားလျက်ရှိ၊ မြန်မာ့စီးပွားရေးဘဏ်များနှင့် အခြားပုဂ္ဂလိကဘဏ်များ၏ ဘဏ်လုပ်ငန်းများ ပုံမှန်အတိုင်း လည်ပတ်လျက်ရှိ

နေပြည်တော် ဧပြီ ၂

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့ရှိ မြို့နယ်များ၌ ဆူပူအကြမ်းဖက်မှုများ လျော့နည်းလာသည့်အတွက် ယနေ့တွင် နိုင်ငံတစ်ဝန်းလုံးရှိ မြို့နယ်အသီးသီးတွင် ဈေးများ၊ စတိုးဆိုင်ခန်းများမှာ မိမိတို့၏မိသားစုစားဝတ်နေရေးအတွက် ပုံမှန်အတိုင်း အေးချမ်းစွာ ရောင်းဝယ်ဖောက်ကား လျက်ရှိကြပြီး မြို့နယ်တစ်ခုနှင့်တစ်ခု ကုန်စည်စီးဆင်းမှုများကိုလည်း ဆောင်ရွက်လျက်ရှိကြသည်။



**ဆောင်ရွက်ပေးလျက်ရှိ**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြန်မာ့စီးပွားရေးဘဏ်များနှင့် အခြားပုဂ္ဂလိကဘဏ်များတွင် ပုံမှန်အတိုင်း ဖွင့်လှစ်ထားရှိပြီး အပ်ငွေများ လက်ခံခြင်း၊ ငွေစုဘဏ်လုပ်ငန်းနှင့် ငွေလွှဲလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ချေးငွေများ ထုတ်ချေးပေးခြင်း၊ ငွေပေးအမိန့်လွှာများ ( Payment Order) များ ထုတ်ပေးခြင်း၊ ဘဏ်အာမခံ( Bank Guarantee) အမျိုးမျိုးထုတ်ပေးခြင်း၊ Debit Card များ ထုတ်ပေးခြင်း၊ ATM ကတ်စာရင်းအပ်ငွေများ လက်ခံခြင်း စသည့် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများကို ပုံမှန်အတိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများဌာနကြီးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဟန်မင်းအောင်ကို ယင်းဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက ရန်ကုန်-နေပြည်တော်-ရန်ကုန် လူစီးအမြန်ရထားပြေးဆွဲမည်

နေပြည်တော် ဧပြီ ၂

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ရထားစီးခရီးသွားမိဘပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် ရန်ကုန်-နေပြည်တော်လမ်းပိုင်း၌ အမှတ်(၇) အဆန်၊ (၈)အစုန် လူစီးရထားခရီးစဉ်ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်-နေပြည်တော်လမ်းပိုင်း၌ အမှတ်(၇)အဆန်၊ အမှတ်(၈) အစုန်အမြန်ရထား ခရီးစဉ်ကို ဧပြီ ၄ ရက်မှ ၁၁ ရက်အထိ ကာလအတွင်း အဆန်တစ်ရက်၊ အစုန်တစ်ရက် ပြေးဆွဲပေးနိုင်ရန် စီစဉ်လျက်ရှိပြီး ဧပြီ ၄ ရက်၊ ၇ ရက်နှင့် ၁၀ ရက်တို့တွင် အမှတ်(၇) အဆန်ရထားသည် ရန်ကုန်ဘူတာကြီးမှ နံနက် ၈ နာရီတွင် စတင်ထွက်ခွာမည်ဖြစ်ကာ နေပြည်တော်ဘူတာသို့ ည ၈ နာရီတွင် ဆိုက်ရောက်မည်ဖြစ်သည်။

ထို့နည်းတူ ဧပြီ ၅ ရက်၊ ၈ ရက်နှင့် ၁၁ ရက်တို့တွင် အမှတ်(၈) အစုန်ရထားသည် နေပြည်တော်မှ နံနက် ၆ နာရီတွင်ထွက်ခွာ၍ ရန်ကုန်ဘူတာသို့ ညနေ ၆ နာရီတွင် ဆိုက်ရောက်မည်ဖြစ်သည်။ ဧပြီ ၆ ရက်နှင့် ၉ ရက်တို့တွင် ခရီးစဉ်ကိုရပ်နားထားမည်ဖြစ်သည်။

လမ်းခရီးတွင် တိုးကြောင်ကလေး၊ ပဲခူး၊ ဒိုက်ဦး၊ ညောင်လေးပင်၊ ကျောက်တံခါး၊ ကညွတ်ကွင်း၊ ဖြူး၊ တောင်ငူ၊ ရေတာရှည်၊ ရေနီ၊ ဧလာ၊ ပျဉ်းမနားစသည့် ဘူတာများ၌ ရပ်တန့်ပေးမည်ဖြစ်ပြီး ရထားဖြင့် လိုက်ပါစီးနင်းလိုသော ခရီးသွားမိဘပြည်သူများအနေဖြင့် လုံခြုံစိတ်ချစွာစီးနင်းနိုင်ကြောင်းနှင့် သက်ဆိုင်ရာဘူတာများ၌ ကြိုတင်စုံစမ်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုရှေ့နေချုပ်ရုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများကို ၂၀၂၁ ခုနှစ် မဟာသင်္ကြန်ကာလအတွက် ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဧပြီ ၂
ပြည်ထောင်စုရှေ့နေချုပ်ရုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများအား ၂၀၂၁ ခုနှစ် မဟာသင်္ကြန်ကာလအတွက် ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ ထုတ်ပြန်ထားသောညွှန်ကြားချက်များနှင့်အညီ ပြည်ထောင်စုရှေ့နေချုပ်ရုံး မြေညီထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်း**

အခမ်းအနားတွင် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက မဟာသင်္ကြန်ကာလအတွင်း အရာထမ်း၊ အမှုထမ်းများအနေဖြင့် မိမိတို့ ကိုးကွယ်ရာ ဘာသာအလိုက် အေးချမ်းစွာ တရားဘာဝနာ အားထုတ်နိုင်ရန်၊ ကုသိုလ်ကောင်းမှုများ ပြုလုပ်လှူဒါန်းနိုင်ရန်နှင့် အခြားအုပ်ချုပ်မှုကိစ္စများ ဆောင်ရွက်နိုင်ရန်အတွက် အထောက်အပံ့ဖြစ်စေရန် အလို့ငှာ ပြည်ထောင်စုရှေ့နေချုပ်ရုံး ဝန်ထမ်းသက်သာချောင်ချိရေးကော်မတီ ရန်ပုံငွေနှင့် စာအုပ်ထုတ်ဝေရေးကော်မတီ ရန်ပုံငွေတို့မှ ပြည်ထောင်စု ရှေ့နေချုပ်ရုံးရှိ အရာထမ်း၊ အမှုထမ်း ၅၃၃ ဦးတို့ကို တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်းစီဖြင့် စုစုပေါင်း ငွေကျပ် ၅၃၃၀၀၀၀၀ ထောက်ပံ့ငွေ ပေးအပ်ခြင်းဖြစ်ပါကြောင်းနှင့် နှစ်သစ်ကို စိတ်အေးချမ်းပျော်ရွှင်စွာ အနားယူပြီး ရုံးများ ပြန်လည်တက်ရောက်သည့်အခါ ပျော်ရွှင်တက်ကြွစွာဖြင့် ရုံးလုပ်ငန်းများ ဆောင်ရွက်နိုင်ပါရန် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ဒုတိယရှေ့နေချုပ် ဦးစန်းလွင်တို့က ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များကို



မိမိတို့ ဦးစီးဌာနများရှိ အရာထမ်း၊ အမှုထမ်းများအား ထပ်ဆင့်ထုတ်ပေးနိုင်ရန် ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

သတင်းစဉ်

# အီးယူ၏ အကူအညီအထောက်အပံ့ဖြင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုကိစ္စရပ်များတွင် ဆောင်ရွက်လျက်ရှိသော စီမံချက်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဧပြီ ၂
အီးယူ၏ အကူအညီအထောက်အပံ့ဖြင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုကိစ္စရပ်များတွင် ဆောင်ရွက်လျက်ရှိသော စီမံချက်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။



အစည်းအဝေးတွင် အီးယူ၏ ငွေကြေးနှင့် နည်းပညာအကူအညီအထောက်အပံ့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော စီမံချက်များအလိုက် လက်ရှိဆောင်ရွက်နေမှုနှင့် တိုးတက်မှုအခြေအနေများ၊ တွေ့ကြုံရသည့် အခက်အခဲများအပေါ် အီးယူဘက်သို့ အသိပေးညှိနှိုင်းဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ညှိနှိုင်းပေါင်းစပ်ပေးရန် လိုအပ်ချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များက တင်ပြဆွေးနွေးခဲ့ကြရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော်က အကြောင်းအမျိုးမျိုးကြောင့် တွေ့ကြုံနေရသည့် လုပ်ငန်းအကောင်အထည်ဖော်ရေးဆိုင်ရာ အခက်အခဲများကို သက်ဆိုင်ရာဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများသို့ ပြည့်ပြည့်စုံစုံ အချိန်နှင့်တစ်ပြေးညီ အသိပေးအကြောင်းကြားရန် လိုအပ်ကြောင်း၊ အရေးကြီးသည့် လုပ်ငန်းစီမံချက်များအတွက် မဖြစ်မနေဆက်လက်လုပ်ဆောင်နိုင်မည့် အခြားအစီအစဉ်များကိုလည်း ကြိုတင်ပြင်ဆင်ထားရန် လိုအပ်ကြောင်းနှင့် ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးရမည့် ကိစ္စရပ်များအတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် အခြားသော လုပ်ငန်းဆက်စပ်ဝန်ကြီးဌာနများနှင့် ညှိနှိုင်းပူးပေါင်း၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

အဆိုပါ အစည်းအဝေးသို့ အီးယူ၏ အကူအညီအထောက်အပံ့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြသည်။ ပြင်သစ် (AFD) နှင့် ဂျာမနီအစိုးရ၏ ချေးငွေ၊ အကူအညီများဖြင့် ဆောင်ရွက်လျက်ရှိသော စီမံချက်များနှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်းများနှင့် မတ် ၃၁ ရက်က ယခုကဲ့သို့ ကျင်းပခဲ့ကြောင်း သိရသည်။

သတင်းစဉ်

လူမှုဖူလုံရေးအဖွဲ့မှ COVID-19 ကာလအတွင်း ပုဂ္ဂလိကပိုင် စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနများရှိ အာမခံအလုပ်သမား ဝန်ထမ်းများအား လူမှုဖူလုံရေးထောက်ပံ့ငွေ ထုတ်ပေးထားရှိမှု အခြေအနေ

| စဉ် | ထောက်ပံ့သည့်အကြောင်းအရာ | ခွင့်ပြုသည့် | | ခွင့်ပြုခဲ့သည့်ကာလ |
|---|---|---|---|---|
| | | လူဦးရေ | ငွေ(ကျပ်သန်း) | |
| ၁ | မဆေးမအကြိမ်လူမှုဖူလုံရေးထောက်ပံ့ကူညီမှု အကျိုးခံစားခွင့် (၄၀%) | ၈၅၃,၂၂၄ | ၂၁,၄၆၂.၅၁၂ | ၁၃-၅-၂၀၂၀ မှ ၃၁-၃-၂၀၂၁ ထိ |
| ၂ | ဒုတိယအကြိမ် လူမှုဖူလုံရေး ထောက်ပံ့ငွေ (၄၀%) | ၇၃၅,၃၅၀ | ၄၆,၅၉၇.၃၀၆ | ၂-၁၀-၂၀၂၀ မှ ၃၁-၃-၂၀၂၁ ထိ |
| ၃ | Quarantine ဝင်ရောက်သည့် အာမခံအလုပ်သမားများ မကျန်းမာမှုအကျိုးခံစားခွင့် (၆၀%) | ၁၃၆၄ | ၉၉.၈၀၇ | ၂၀-၃-၂၀၂၀ မှ ၃၁-၃-၂၀၂၁ ထိ |
| ၄ | ကိုယ်ဝန်ဆောင်အာမခံအလုပ်သမားများ မကျန်းမာမှု အကျိုးခံစားခွင့် (၆၀%) | ၃,၆၂၀ | ၅၅၅.၅၁၅ | ၂၂-၄-၂၀၂၀ မှ ၃၁-၃-၂၀၂၁ ထိ |
| | စုစုပေါင်းထုတ်ပေးပြီးငွေ | ၁,၅၉၃,၅၅၈ | ၆၈,၇၁၅.၁၄၀ | |

❖ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးမှ
၂၀၂၀ ပြည့်နှစ် မတ် ၂၈ ရက်မှ ၂၀၂၁ ခုနှစ် မတ် ၃၁ ရက်အထိ Quarantine ဝင်ရောက်လျက်ရှိသည့် အာမခံအလုပ်သမား ၁၃၆၄ ဦးအတွက် မကျန်းမာမှုအကျိုးခံစားခွင့် (၆၀ ရာခိုင်နှုန်း) ခွင့်ပြုငွေကျပ် ၉၉ ဒသမ ၈၀၇ သန်းအားလည်းကောင်း၊ ၂၀၂၀ ပြည့်နှစ် ဧပြီ ၂၂ ရက်မှ ၂၀၂၁ ခုနှစ် မတ် ၃၁ ရက်အထိ ကိုဗစ်-၁၉ ကာလအတွင်း အာမခံအလုပ်သမား၊ ကိုယ်ဝန်ဆောင်မိခင် ၃၆၂၀ အတွက် မကျန်းမာမှု အကျိုးခံစားခွင့် (၆၀ ရာခိုင်နှုန်း) ခွင့်ပြုငွေကျပ် ၅၅၅ ဒသမ ၅၁၅ သန်းအားလည်းကောင်း စုစုပေါင်း အာမခံအလုပ်သမား ၁၅၉၃၅၅၈ ဦးအတွက် ငွေကျပ် ၆၈၇၁၅ ဒသမ ၁၄၀ သန်းကို ခွင့်ပြုထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ကမ်းနီး / ကမ်းဝေးငါးဖမ်းငါးသယ်ရေယာဉ်များအား အသိပေးကြေညာခြင်း

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ၂.၄.၂၀၂၁ ရက်နေ့ မြန်မာစံတော်ချိန် (၁၅:၀၀) နာရီအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ် (Depression)သည် မြောက်-အရှေ့မြောက်ဘက်သို့ အနည်းငယ်ရွေ့လျားခဲ့ပြီး၊ မြန်မာနိုင်ငံ၊ ထားဝယ်မြို့(Dawei)၏ အနောက်တောင်ဘက် ရေမိုင် (၂၀၀)မိုင်ခန့်၊ ကိုကိုးကျွန်းမြို့(Coco Island)၏ အရှေ့တောင်ဘက် ရေမိုင်(၂၅၀)မိုင်ခန့်နှင့် ရန်ကုန်မြို့(Yangon)၏ တောင်ဘက် ရေမိုင် (၃၃၀)မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေပြီး မြန်မာ့ပင်လယ်ပြင် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်၊ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင်(၄၀)အထိ တိုက်ခတ်နိုင်ပြီး လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် (၁၀)ပေမှ (၁၂)ပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် (၅)ပေမှ (၈)ပေခန့် အထိရှိနိုင်ကြောင်း ထုတ်ပြန်ကြေညာထားပါသဖြင့် ကမ်းနီး/ကမ်းဝေး ငါးဖမ်း/ငါးသယ်ရေယာဉ်များအနေဖြင့် မုန်တိုင်းအန္တရာယ်မှ သတိပြုရှောင်ရှားနိုင်ရေး အသိပေးကြေညာအပ်ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

# စားသုံးသူများ ကျန်းမာစေဖို့ ဆီစားသုံးမှုလျှော့ချစို့

အိအိချော (စားသုံးသူရေးရာဦးစီးဌာန)

မြန်မာလူမျိုးတို့၏ နေ့စဉ်ချက်ပြုတ်စားသောက်မှုအလေ့အထတွင် စားသုံးဆီသည် အဓိကအခန်းကဏ္ဍမှ မပါမဖြစ် ပါဝင်နေသည်ကို တွေ့ရှိရပေမည်။ ရှေးမြန်မာများလက်ထက်ကပင် "ဆီရွှဲ ဖွဲတောင်ဟင်းဖြစ်" ဟု တင်စားရလောက်အောင် စားသုံးဆီကို နှစ်ခြိုက်စွာစားသုံးခဲ့ကြသည်မှာ ယခုကာလအထိပင် ဖြစ်ပေရာ ခေတ်စနစ်များ ပြောင်းလဲလာပြီး လူဦးရေတိုးတက်လာသည်နှင့်အမျှ ဆီကို ရေလိုမချိုးနိုင်တော့ဘဲ ပြည်ပနိုင်ငံများမှ ဝယ်ယူတင်သွင်းလာခဲ့ကြရပြီ ဖြစ်ပါသည်။

### အရည်အသွေးများ ကွဲပြား

စားသုံးဆီဆိုသည်မှာ လူတို့ချက်ပြုတ်ကြော်လှော်စားသုံးရာတွင် အဆိပ်အတောက်မဖြစ်ပေါ်စေဘဲ စားသုံးရန်သင့်လျော်သောဆီဖြစ်ပြီး အပင်ထွက်ဆီ (Vegetable Oil) နှင့် တိရစ္ဆာန်ထွက်ဆီ (Animal fat)ဟူ၍ နှစ်မျိုး ခွဲခြားထားပါသည်။ အမှန်စင်စစ်အားဖြင့် စားသုံးဆီတို့သည် ဓာတုဗေဒဖွဲ့စည်းပုံအရ အဆီအက်စစ် (Fatty Acid) အမျိုးမျိုးဖြင့် ဖွဲ့စည်းတည်ဆောက်ထားခြင်းဖြစ်ပြီး ပြည့်ဝအဆီအက်စစ် (Saturated Fatty Acid)၊ မိုနို မပြည့်ဝအဆီအက်စစ် (Mono Unsaturated Fatty Acid)၊ ပိုလီမပြည့်ဝ အဆီအက်စစ် (Poly Unsaturated Fatty Acid) တို့ အချိုးအဆအမျိုးမျိုး ပေါင်းစပ်ပါဝင်နေသောကြောင့် စားသုံးဆီတို့၏ အရည်အသွေးများ ကွဲပြားနေရခြင်းဖြစ်ပါသည်။ မြန်မာလူမျိုးများအနေဖြင့် ဟင်းချက်ရာတွင် အသုံးများသောစားသုံးဆီများမှာ မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ စားအုန်းဆီနှင့် ပဲပုပ်ဆီတို့ဖြစ်ပြီး ဖွဲနုဆီနှင့် ကနိုလာဆီတို့ကိုမူ အနည်းငယ်သာ အသုံးပြုကြရာ ယေဘုယျအားဖြင့် အပင်ထွက်ဆီ (Vegetable Oil) များကိုသာ စားသုံးဆီအဖြစ် အသုံးပြုကြသည်ဟု ဆိုနိုင်ပေသည်။

မြန်မာနိုင်ငံ၏လူဦးရေတိုးတက်လာမှုနှင့်အတူ ခေတ်နှင့်အညီပြောင်းလဲလာသော စားသောက်မှုပုံစံများကြောင့် ပြည်ပမှ မှာယူတင်သွင်းရသော စားသောက်ကုန်အမျိုးမျိုးအနက် စားသုံးဆီသည်လည်း တစ်ခုအပါအဝင် ဖြစ်ပါသည်။ စားသုံးဆီကို စတင်တင်သွင်းခွင့်ပြုသည့်အချိန်မှစ၍ နှစ်စဉ်လျော့နည်းသွားခြင်းမရှိဘဲ ယနေ့ကာလအထိ တန်ချိန်များ တိုးမြှင့်တင်သွင်းနေသည်ကို တွေ့ရမည် ဖြစ်ပါသည်။ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ တရားဝင်တင်သွင်းလာသော အရည်အသွေးစစ်ဆေးပြီးသည့် စားသုံးဆီများရှိသကဲ့သို့ စစ်ဆေးမှုတစ်စုံတစ်ရာမပါရှိဘဲ တရားမဝင် ဝင်ရောက်လာသော စားသုံးဆီများလည်းရှိနေပေရာ အလွန်သတိပြုရမည့် အခြေအနေဖြစ်ပါသည်။ အဆိုပါတရားမဝင် ဝင်ရောက်လာသော စားသုံးဆီများတွင် ပုံပြောင်းအဆီအက်စစ်များ (Trans Fatty Acid) နှင့် ကျန်းမာရေးနှင့် ကိုက်ညီမှုမရှိသော အခြားဓာတ်သတ္တုဝ (ဥပမာ- အာဖလာတော့ဆင် မှိုဆိပ်) များ ပါရှိနေနိုင်ပါသည်။ ထိုကဲ့သို့သော စားသုံးဆီများကြောင့် သွေးအတွင်း ကိုလက်စထရောများ မြင့်တက်လာပြီး နှလုံးနှင့်အသည်း အဆီဖုံးခြင်း၊ အသည်းကင်ဆာဖြစ်ခြင်း စသည့် ကုသရန်ခက်ခဲသောဝေဒနာများ ဖြစ်ပေါ်လာနိုင်ပါသည်။

စားသုံးဆီ တစ်ဂရမ် (1 gram) ကို စားပြီးတိုင်း အင်အားဓာတ်(စွမ်းအင်) ကိုးကယ်လိုရီ ( 9 kal/gm) ရရှိစေပြီး ထိုရရှိလာသောစွမ်းအင်ကို နေ့စဉ်လှုပ်ရှားသွားလာမှုများတွင် အသုံးပြုကြရပါသည်။ ထို့ကြောင့် စားသုံးဆီသည် လူတို့အတွက် အင်အားဖြစ်စေသောအစာအုပ်စုဝင်ဖြစ်သော်လည်း လိုအပ်သည့်ပမာဏထက်ပို၍ စားသုံးမိပါက အင်အားဓာတ်လွန်ကဲမှုကို ဖြစ်ပေါ်စေပြီး ကိုယ်အလေးချိန်တိုးလာနိုင်သည်နှင့်အမျှ အဝလွန်လာကာ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ ဆီးချိုရောဂါ၊ အဆစ်ရောင်ရောဂါ စသည့် နာတာရှည်ဝေဒနာများ ဖြစ်ပေါ်လာစေနိုင်ပါသည်။

စားသုံးဆီကို အလွန်အကျွံစားသုံးသောကြောင့် ဖြစ်ပေါ်စေနိုင်သည့် ရောဂါဆိုးများမှ ရှောင်ရှားနိုင်ရန်အလို့ငှာ အသက်အုပ်စုအလိုက် တစ်နေ့တာအတွက် အနည်းဆုံးလိုအပ်သော စားသုံးဆီပမာဏကို ကျန်းမာရေးဦးစီးဌာန(အာဟာရဌာနခွဲ)မှ အောက်ပါဇယားအတိုင်း လမ်းညွှန်မှုပြုထားသည်ကိုတွေ့ရှိရမည်ဖြစ်ပါသည်-

| စဉ် | အသက်အုပ်စု | တစ်နေ့တာလိုအပ်သောစားသုံးဆီပမာဏ |
|---|---|---|
| (က) | ၁နှစ်မှ ၃နှစ် | ၁.၂၅ ကျပ်သား |
| (ခ) | ၄နှစ်မှ ၆နှစ် | ၁.၅၀ ကျပ်သား |
| (ဂ) | ၇နှစ်မှ ၉နှစ် | ၂.၀ ကျပ်သား |
| (ဃ) | ၁၀နှစ်မှ ၁၂နှစ် | ၂.၀ ကျပ်သား |
| (င) | ၁၃နှစ်မှ ၁၉နှစ် | ၃.၅၀ ကျပ်သား |
| (စ) | အမျိုးသား(လူကြီး) | ၂.၀ ကျပ်သား |
| (ဆ) | အမျိုးသမီး(လူကြီး) | ၁.၅၀ ကျပ်သား |
| (ဇ) | ကိုယ်ဝန်ဆောင် | ၂.၀ ကျပ်သား |
| (ဈ) | နို့တိုက်မိခင် | ၂.၀ ကျပ်သား |





ဖော်ပြပါ ကျန်းမာရေးဦးစီးဌာနက လမ်းညွှန်မှုပြုထားသော စားသုံးဆီပမာဏနှင့်အညီ မိသားစုတိုင်းက တိကျစွာလိုက်နာသုံးစွဲခြင်းဖြင့် ကုသရန်ခက်ခဲသော နာတာရှည်ရောဂါဝေဒနာဆိုးများမှ ကင်းဝေးစေခြင်းကြောင့် ဆေးကုသမှုအတွက် အသုံးပြုရမည့်ကုန်ကျစရိတ် သက်သာခြင်းနှင့် မိသားစုဝင်များ စိတ်ချမ်းသာမှုကိုရရှိနိုင်ခြင်း၊ မလိုအပ်ဘဲ ပိုလျှံစွာဝယ်ယူနေရသော စားသုံးဆီအတွက် ကုန်ကျစရိတ်ကို စုဆောင်းလာနိုင်ခြင်းတို့အပြင် အခြားလူမှုစီးပွားဘဝများကိုလည်း မြင့်မားလာစေနိုင်မည် ဖြစ်ပါသည်။

### စွမ်းအားပြည့်ဆောင်ရွက်လာနိုင်

မြန်မာနိုင်ငံအတွင်းရှိ ပြည်သူတစ်ဦးတစ်ယောက်ချင်းမှ အစပြု၍ မိသားစုပေါင်းများစွာက စားသုံးဆီကို လိုအပ်သလောက်သာ သုံးစွဲလိုက်ခြင်းအားဖြင့် ပြည်သူများကျန်းမာသန်စွမ်းပြီး နာတာရှည်ရောဂါများကင်းဝေးကာ မိမိတို့၏လုပ်ငန်းဆောင်တာများကို စွမ်းအားပြည့်ဆောင်ရွက်လာနိုင်ခြင်းနှင့်အတူ စားသုံးဆီတင်သွင်းမှုအတွက် အသုံးပြုရသော နိုင်ငံခြားငွေချွေတာလာနိုင်ခြင်းကြောင့် အခြားပြည်တွင်းလိုအပ်ချက်များကို ပိုမိုဖြည့်ဆည်း တိုးချဲ့ဆောင်ရွက်လာနိုင်မည်လည်း ဖြစ်ပါသည်။

စားသုံးသူပြည်သူများ၏ ကျန်းမာရေးသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လွန်စွာအရေးပါသည်ဖြစ်ပေရာ လူတိုင်းကိုယ်စီ စားသုံးဆီနှင့် ကျန်းမာရေးဆက်နွယ်မှုကို ဂရုပြုကြခြင်းဖြင့် စားသုံးဆီကြောင့် ဖြစ်ပွားတတ်သော နာတာရှည်ရောဂါဝေဒနာများမှ ကင်းဝေးကြစေရန် အရည်အသွေးစစ်ဆေးပြီးသော စားသုံးဆီများကို ကျန်းမာရေးဦးစီးဌာနမှ လမ်းညွှန်ထားသောပမာဏနှင့်အညီ လိုအပ်သလောက်သာ ဝယ်ယူသုံးစွဲကြပါရန် ရေးသားတင်ပြလိုက်ရပါသည်။ ။

ကျမ်းကိုး ။ ။ မိသားစုအာဟာရနှင့် မြန်မာ့အစားအစာ (၁၉၉၀၊ ဇန်နဝါရီလ) ကျန်းမာရေးဦးစီးဌာန၊ အာဟာရဌာနခွဲ။

**စားသုံးဆီ တစ်ဂရမ် (1 gram) ကို စားပြီးတိုင်း အင်အားဓာတ်(စွမ်းအင်) ကိုးကယ်လိုရီ ( 9 kal/gm) ရရှိစေပြီး ထိုရရှိလာသောစွမ်းအင်ကို နေ့စဉ်လှုပ်ရှားသွားလာမှုများတွင် အသုံးပြုကြရပါသည်။ ထို့ကြောင့် စားသုံးဆီသည် လူတို့အတွက် အင်အားဖြစ်စေသော အစာအုပ်စုဝင်ဖြစ်သော်လည်း လိုအပ်သည့်ပမာဏထက်ပို၍ စားသုံးမိပါက အင်အားဓာတ်လွန်ကဲမှုကို ဖြစ်ပေါ်စေပြီး ကိုယ်အလေးချိန်တိုးလာနိုင်သည်နှင့်အမျှ အဝလွန်လာကာ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ ဆီးချိုရောဂါ၊ အဆစ်ရောင်ရောဂါ စသည့် နာတာရှည်ဝေဒနာများ ဖြစ်ပေါ်လာစေနိုင်။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မီးသတ်ယာဉ်များဖြင့် သောက်သုံးရေများ ဖြန့်ဝေ



နေပြည်တော် ဧပြီ ၂

မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ် အတွင်းရှိ မြို့နယ်များတွင် သောက်သုံးရေ လိုအပ်လျက်ရှိသော သာသနိကကျောင်းများ၊ ရပ်ကွက်/ ကျေးရွာများနှင့် တိုက်ပွဲရှောင်စခန်းများအတွက် သက်ဆိုင်ရာ မြို့နယ်မီးသတ်စခန်းများမှ မီးသတ်ယာဉ်များဖြင့် သောက်သုံးရေများအား နေ့စဉ်ဖြန့်ဝေလှူဒါန်းလျက်ရှိသည်။

ထိုသို့ ဖြန့်ဝေလှူဒါန်းရာတွင် ဧပြီ ၁ ရက်တွင် မွန်ပြည်နယ် ချောင်းဆုံမြို့နယ် မီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များသည် ချောင်းဆုံမြို့နယ် နတ်မော်ကျေးရွာရှိ "ဘုရားကျောင်း" ဘုန်းတော်ကြီးကျောင်းတိုက်သို့ သောက်သုံးရေ ဂါလန် ၁၆၀၀ ခန့်အား မီးသတ်ရေသယ်ယာဉ်တစ်စီးဖြင့် လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ် မီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များသည် စစ်တွေမြို့ စက်ရုံစု ရပ်ကွက် အောင်သီရိ ဘုန်းတော်ကြီးကျောင်း(တိုက်ပွဲရှောင်စခန်း) သို့ သောက်သုံးရေဂါလန် ၃၂၀၀ ခန့်အား မီးသတ်ရေသယ်ယာဉ် တစ်စီးဖြင့် နှစ်ကြိမ် သွားရောက်၍ လည်းကောင်း သောက်သုံးရေများ ပေးဝေလှူဒါန်းခဲ့ကြောင်း သိရသည်။

အောင်မျိုး

## ရန်ကုန်မြို့နေပြည်သူများ ကိုယ်ကာယကျန်းမာရေးလှုပ်ရှားမှုများ ပန်းခြံများတွင် နေ့စဉ်ပုံမှန်ပြုလုပ်

ရန်ကုန် ဧပြီ ၂

ရန်ကုန်မြို့ရှိလမ်းမကြီးများတွင် ယာဉ်သွားလာမှု မပြုလုပ်နိုင်အောင် လမ်းပိတ်အတားအဆီးများနှင့် အဖျက်အမှောင့်လုပ်ငန်းများကို ကြောက်လန့်ပြီး အေးချမ်းစွာ နေထိုင်လိုသော ပြည်သူများသည် နေ့စဉ်ဆောင်ရွက်နေသော ကိုယ်ကာယကျန်းမာရေးလှုပ်ရှားမှုများပင် ရပ်တန့်နေခဲ့ရာမှ ယနေ့ ရန်ကုန်မြို့ရှိ ပန်းခြံများနှင့် အားကစားကွင်းများတွင် တဖြည်းဖြည်း ပြန်လည်၍ အသက်ဝင်လှုပ်ရှားလာသည်ကို ပြည်လမ်းရှိ အင်းလျားကန်ပေါင်တွင် ပြည်သူများ ကိုယ်ကာယ ကျန်းမာရေး လှုပ်ရှားနေမှုများကို ဧပြီ ၁ ရက်က မြင်တွေ့ရသည်။(အောက်ပုံ)



ရန်ကုန်ပုရံ မနောရမ် အဆိုစကားနှင့်အညီ ရန်ကုန်မြို့တော်သူ မြို့တော်သားများ ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့စေရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနသည် မြို့တော်သူ မြို့တော်သားများ ကျန်းမာကြံ့ခိုင်ရေးနှင့် စိတ်ချမ်းမြေ့စေရေးတို့ကို ရည်ရွယ်၍ စည်ပင်နယ်နိမိတ် ၃၃ မြို့နယ်အတွင်းရှိ ပန်းခြံပေါင်း ၆၁ ခြံနှင့် အားကစားကွင်း ၁၆၁ ကွင်းတို့ကို တည်ဆောက်ပေးခဲ့ပြီး ကိုယ်ကာယကျန်းမာရေးအတွက် မြို့နယ်ရပ်ကွက်များရှိလမ်းဘေး မြေလွတ်များ၌ ခေတ်မီ ကိုယ်ကာယလေ့ကျင့်ရေး အားကစားပစ္စည်းများကို ပြုလုပ်ပေးထားခြင်းကြောင့် မြို့တော်နေပြည်သူများ ကျန်းမာရေး လေ့ကျင့်ခန်းများကို အနီးနားတွင် အလွယ်တကူပြုလုပ်နိုင်ကြောင်းကို ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ သိရသည်။

ထို့ပြင် လူငယ်များကိုယ်ကာယကြံ့ခိုင်စေရေးအတွက် ဘောလုံးကွင်းများ၊ ဘော်လီဘောကွင်းများ၊ ခြင်းလုံး ကစားရုံများ၊ စကိတ်ကွင်းများ စသည့် အားကစားကွင်းများကို ဘဏ္ဍာနှစ်အလိုက် တိုးချဲ့အဆင့်မြှင့်တင် တည်ဆောက်ပေးလျက်ရှိကြောင်း သိရသည်။

စောလှိုင်ဝင်း

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

## ပညာရှိများ ဆိုစကား

★ စည်းအတွင်းနေထိုင်တာ
ဘေးဘယာကွာဝေး။
စည်းကိုကျော် ချော်ကာကျ
များလှရန်ဘေး။
★ အဓိပ္ပာယ် သည်သဘောရယ်နဲ့
ပြောပါခဲ့ကဗျာမွန်။
မင်းသုဝဏ် ဆရာမြတ်
ဖွဲ့စပ်လမ်းညွှန်။
စည်းကိုတဲ့ မလွန်
စည်းမကျွံပါစေရေး။
မေတ္တာစေတနာအပြည့်နဲ့
ရေးဘိခဲ့သေး။
★ ပညာရှိဆိုစကား
မှတ်သားလို့နာယူပါ။
စည်းကိုကျော်ချော်ကာသွားတော့
ရန်များလှတာ။
★ ဥပဒေကိုလေးစားကာ
လိုက်နာလို့စောင့်ထိန်း။
ဘေးဘယာဟူသမျှတို့
ကင်းပချုပ်ငြိမ်း။
★ ရင်သွေးတွေပညာတတ်လို့
အနာဂတ်မိုးကောင်းကင်။
နေအရောင်လအဆင်းသို့
ဝင်းပလိုလျှင်။
စောင့်ရှောက်ကြပါစေချင်
မိခင်နဲ့ဖခင်များ။
စည်းကိုကျော်ချော်မသွားစေနဲ့
တားမြစ်ကာ အလိမ္မာကိန်းဖို့
ထိန်းသိမ်းစေသား။ ။

စိုင်းခွန်နောင်(တောင်ကြီး)

# Belarus Today သတင်းစာမျက်နှာတွင် အမှတ်စဉ်(၅၀)ဖြင့် ထုတ်ဝေသော ၂၀၂၁ ခုနှစ် မတ်လ ၁၈ ရက်နေ့ရက်စွဲပါ Republic အွန်လိုင်းသတင်းစာ၏ နိုင်ငံရေးကဏ္ဍတွင် "နိုင်ငံတော်ကြီး မပြိုကွဲစေချင်" ခေါင်းစဉ်ဖြင့် Mr. Aliksei DZERMAN ရေးသားဖော်ပြထားသည့် မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်တိုးတက်မှု အခြေအနေများအပေါ် သုံးသပ်ချက် သတင်းဆောင်းပါး

"စစ်အာဏာသိမ်းမှု"၊ "အာဏာရှင်တော်လှန်ရေး"၊ "အပြစ်မဲ့ပြည်သူ အများအပြား သေကျေဆုံးရှုံးမှု" စသည့် မနှစ်မြို့ဖွယ် ခေါင်းစဉ်အမျိုးမျိုးဖြင့် အနောက်နိုင်ငံမီဒီယာများတွင် ရေးသားဖော်ပြခံနေရသော အရှေ့တောင်အာရှ၏ အချက်အချာကျသော နိုင်ငံတစ်ခုဖြစ်သည့် မြန်မာနိုင်ငံသည် ဖေဖော်ဝါရီလ ၁ ရက်နေ့က မိမိနိုင်ငံအတွင်း တရားဝင်ပြဋ္ဌာန်းထားသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ အရပ်သားအစိုးရကို ဖြုတ်ချကာ တပ်မတော်က ယာယီအာဏာထိန်းသိမ်း တာဝန်ယူနေခြင်းသာဖြစ်သည်ဟူသည့် အကြောင်းကို သိရှိသူနည်းပါးလှပါသည်။ ထိုနိုင်ငံ၏ ယခင် သမ္မတ ဦးဝင်းမြင့်နှင့် ဝန်ကြီးချုပ်နေရာယူထားသူ ဒေါ်အောင်ဆန်းစုကြည်တို့ကို ဖမ်းဆီးထိန်းသိမ်းကာ လက်ရှိ မြန်မာ့ တပ်မတော်၏ အကြီးအကဲဖြစ်သူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ဥပဒေနည်းလမ်းများနှင့်အညီ နိုင်ငံတော်အာဏာကို ခေတ္တလွှဲပြောင်းပေးအပ်ခဲ့ခြင်း ဖြစ်ပါသည်။

**မတတ်နိုင်သည့်အဆုံး**

အဆိုပါဖြစ်စဉ်၏ အဓိက အကြောင်းရင်းကို အဖြေရှာကြည့်ရာ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလအတွင်း ကျင်းပပြုလုပ်ခဲ့သည့် အထွေထွေရွေးကောက်ပွဲမှ စတင်ခဲ့သည့် ပြည်တွင်းနိုင်ငံရေး တင်းမာမှုဖြစ်ကြောင်း တွေ့ရှိရပါသည်။ တပ်မတော်၏ယူဆချက်မှာ ရွေးကောက်ပွဲတွင် အနိုင်ရနိုင်ငံရေးပါတီ NLD က မဲမသမာမှုများ ပြုလုပ်ထားနိုင်သည်ဆိုသည့် အချက်ပင်ဖြစ်ပါသည်။ အကြိမ်ကြိမ် ကြေညာချက်များ သတိပေးထုတ်ပြန်အပြီးတွင် တပ်မတော်အနေဖြင့် မတတ်နိုင်သည့်အဆုံး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များအတိုင်း အရေးပေါ်အခြေအနေကြေညာကာ အာဏာထိန်းသိမ်းလိုက်ရပြီး ရွေးကောက်ပွဲကို တစ်နှစ်အကြာတွင် ပြန်လည်ကျင်းပပေးရန် စတင်ပြင်ဆင်ခဲ့ပါသည်။

မြန်မာနိုင်ငံတွင် တပ်မတော်၏အခန်းကဏ္ဍသည် အလွန်အရေးပါလှသည်။ တစ်နည်းဆိုရလျှင် ထိုနိုင်ငံတွင် တပ်မတော်သည် နိုင်ငံ၏အသက်ဖြစ်သည်။ တပ်မတော်သည် နိုင်ငံအား လွတ်လပ်ရေးရရှိရန် နယ်ချဲ့ဖက်ဆစ်များကို တော်လှန်တိုက်ခိုက်ခဲ့ရာမှ အစပြုကာ ထိုနိုင်ငံ၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးနှင့် နိုင်ငံ၏ရပ်တည်မှုသည် တပ်မတော်၏ အဓိကတာဝန်တစ်ရပ်ဖြစ်လာခဲ့သည်။ ထိုနိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော် အတူတကွနေထိုင်လျက်ရှိကြပြီး အများစုမှာ ဗုဒ္ဓဘာသာဝင်များ ဖြစ်သော်လည်း အစ္စလာမ်ဘာသာဝင်နှင့် ခရစ်ယာန်ဘာသာဝင်များလည်း အများအပြားရှိပါသည်။ နိုင်ငံ၏ စည်းလုံးညီညွတ်မှုကို ထိန်းသိမ်းရာတွင် ခက်ခဲရသည့် နောက်တစ်ချက်မှာ ပထဝီဝင်အနေအထားအရ အင်အားကြီးနိုင်ငံနှစ်ခု အိန္ဒိယနှင့် တရုတ်တို့၏ကြားတွင် ရှိနေသောကြောင့်လည်းကောင်း၊ အနောက်နိုင်ငံတို့၏ မျက်စိကျမှုကို ခံနေရသောကြောင့်လည်းကောင်း ဖြစ်ပါသည်။

ထိုအကြောင်းအခြင်းအရာကပင် နိုင်ငံအတွင်း ပြည်တွင်းစစ်ပွဲများ ဝဟိုအစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအကြား ဆက်တိုက်ဖြစ်ပွားလျက်ရှိနေစေပြီး စစ်အေးကာလများတွင်လည်း အစိုးရနှင့်တပ်မတော်အပေါ် အာဏာဖီဆန်ဆန့်ကျင်မှုများ အမြဲရှိနေခဲ့သည့် ခက်ခဲရှုပ်ထွေးလှသော ပြည်တွင်းရေးကို ပိုင်ဆိုင်ထားသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့ပါသည်။ ထိုအခက်အခဲများကို အဓိကတာဝန်ယူဖြေရှင်းခဲ့ရသည်မှာ တပ်မတော်သာ ဖြစ်ပါသည်။ တိုင်းရင်းသားလက်နက်ကိုင်တို့အဖိုးသဟဲပြုနေသည့် မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်ရောင်းဝယ်နေမှုများကို အမြစ်ပြတ်တိုက်ဖျက်ခဲ့သလို နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့ကိုလည်း အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ပေးခဲ့သည်မှာလည်း တပ်မတော်ပင်ဖြစ်ပါသည်။

စာမျက်နှာ ၉ သို့ ☆

☆ **အဓိက အကြောင်းအရင်းကို အဖြေရှာကြည့်ရာ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလအတွင်း ကျင်းပပြုလုပ်ခဲ့သည့် အထွေထွေရွေးကောက်ပွဲမှ စတင်ခဲ့သည့် ပြည်တွင်းနိုင်ငံရေးတင်းမာမှုဖြစ်ကြောင်း တွေ့ရှိရ**

☆ **တပ်မတော်၏ယူဆချက်မှာ ရွေးကောက်ပွဲတွင် အနိုင်ရနိုင်ငံရေးပါတီ NLD က မဲမသမာမှုများ ပြုလုပ်ထားနိုင်သည်ဆိုသည့် အချက်ပင်ဖြစ်**

☆ **အကြိမ်ကြိမ်ကြေညာချက်များ သတိပေးထုတ်ပြန်အပြီးတွင် တပ်မတော်အနေဖြင့် မတတ်နိုင်သည့်အဆုံး နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း အရေးပေါ်အခြေအနေကြေညာကာ အာဏာထိန်းသိမ်းလိုက်ရပြီး ရွေးကောက်ပွဲကို တစ်နှစ်အကြာတွင် ပြန်လည်ကျင်းပပေးရန် စတင်ပြင်ဆင်ခဲ့**

**မိုးထက်**

Belarus Today **သတင်းစာမျက်နှာတွင် ရုရှားဘာသာဖြင့် ဖော်ပြသည့် သတင်းဆောင်းပါး**



☆ စာမျက်နှာ ၈ မှ

> ☆ တပ်မတော်သည် အရပ်ဘက် နိုင်ငံတော်အုပ်ချုပ်ရေးအာဏာကို ဘယ်သောအခါမျှ မက်မောခြင်းမရှိခဲ့ပါ။ ထို့ကြောင့်သာ ၎င်းတို့အနေဖြင့် ပြည်တွင်းအခြေအနေအရပ်ရပ် ထိန်းချုပ်နိုင်ပြီးနောက်တွင် အမျိုးသားညီလာခံများ ကျင်းပပြုလုပ်ခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်းနှင့် ရွေးကောက်ပွဲများ ကျင်းပပြုလုပ်ရန် ပြင်ဆင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်
>
> ☆ နိုင်ငံ၏ ဒီမိုကရေစီလမ်းကြောင်းကို စတင်ဖော်ဆောင်ပေးခဲ့သူမှာလည်း တပ်မတော်သာဖြစ်
>
> ☆ ၂၀၁၀ ပြည့်နှစ်တွင် ပထမဆုံး ဒီမိုကရေစီရွေးကောက်ပွဲကြီး ကျင်းပပေးနိုင်ခဲ့သလို နိုင်ငံရေးအကျယ်ချုပ်ချထားခဲ့ရသူ နိုဘယ်ဆုရှင် ဆန့်ကျင်ရေးပါတီ နိုင်ငံရေးသမား ဒေါ်အောင်ဆန်းစုကြည်ကိုလည်း လွတ်မြောက်ခွင့်ပေးခဲ့
>
> ☆ ၂၀၁၆ ခုနှစ်တွင် သူမသည် အစိုးရ၏ ရာထူးကြီးကြီးမားမား နေရာကောင်းများကို ယူနိုင်လာခဲ့

တပ်မတော်သည် အရပ်ဘက်နိုင်ငံတော်အုပ်ချုပ်ရေးအာဏာကို ဘယ်သောအခါမျှ မက်မောခြင်းမရှိခဲ့ပါ။ ထို့ကြောင့်သာ ၎င်းတို့အနေဖြင့် ပြည်တွင်းအခြေအနေအရပ်ရပ် ထိန်းချုပ်နိုင်ပြီးနောက်တွင် အမျိုးသားညီလာခံများ ကျင်းပပြုလုပ်ခြင်း၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲခြင်းနှင့် ရွေးကောက်ပွဲများ ကျင်းပပြုလုပ်ရန် ပြင်ဆင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပါသည်။ နိုင်ငံ၏ ဒီမိုကရေစီလမ်းကြောင်းကို စတင်ဖော်ဆောင်ပေးခဲ့သူမှာလည်း တပ်မတော်သာဖြစ်ပါသည်။ ၂၀၁၀ ပြည့်နှစ်တွင် ပထမဆုံး ဒီမိုကရေစီရွေးကောက်ပွဲကြီး ကျင်းပပေးနိုင်ခဲ့သလို နိုင်ငံရေးအကျယ်ချုပ်ချထားခဲ့ရသူ နိုဘယ်ဆုရှင် ဆန့်ကျင်ရေးပါတီ နိုင်ငံရေးသမား ဒေါ်အောင်ဆန်းစုကြည်ကိုလည်း လွှတ်မြောက်ခွင့်ပေးခဲ့ပါသည်။ ၂၀၁၆ ခုနှစ်တွင် သူမသည် အစိုးရ၏ ရာထူးကြီးကြီးမားမား နေရာကောင်းများကို ယူနိုင်လာခဲ့ပါသည်။

**လျစ်လျူရှု**

ထိုအခြေအနေထိ ရောက်ပြီးကာမှ ဘယ်အကြောင်းကြောင့်များ သူမကို လွှတ်ပေးခဲ့သည့် တပ်မတော်နှင့် ပြဿနာတက်ကာ နောက်တစ်ကြိမ် ပြန်လည်ထိန်းသိမ်းခံခဲ့ရပါသလဲ။ အကြောင်းမှာ တပ်မတော်က သူမအပေါ်ထားရှိသည့် သဘောထားကြီးမားမှုနှင့် အပြန်အလှန်နားလည်မှုများကို လျစ်လျူရှုကာ တပ်မတော်က ထိန်းညှိပေးထားသည့် နိုင်ငံရေးချိန်ခွင်လျှာ ဟန်ချက်ပျက်ပြားစေလိုသည့် ရည်ရွယ်ချက်များဖြင့် တပ်မတော်၏ အခန်းကဏ္ဍများကို မေးမှိန်ပျောက်ကွယ်စေရန် နည်းအမျိုးမျိုးဖြင့် ကြိုးပမ်းအားထုတ်ခဲ့သည့်အတွက် ဖြစ်သည်ဟု ပြောချင်ပါသည်။

ထို့ပြင် သူမကိုယ်တိုင်သည်လည်း နိုင်ငံရေးတွင် အများကင်းလှသည်တော့ မဟုတ်လှပါ။ သူမဦးဆောင်သည့်ပါတီ အာဏာရရှိလာပြီးနောက်ပိုင်းတွင် သိသိသာသာပင် အနောက်နိုင်ငံများ၏ ကြိုးကိုင်ထိန်းချုပ်မှုအောက်သို့ တဖြည်းဖြည်းတိုးဝင်လာခဲ့ပြီး Soros နှင့် အခြား NGO အဖွဲ့အစည်းများသည် မြန်မာနိုင်ငံအတွင်း ခြေကုပ်ယူလာနိုင်ခဲ့ကြပြီး အမျိုးသားနိုင်ငံရေးကိုပျက်ပြားစေကာ လူငယ်ထု၏ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ကို အချိန်ယူ အရောင်ဆိုးဖျက်ဆီးခဲ့သည့်အတွက် ယနေ့မြန်မာနိုင်ငံတွင် ဆူပူဆန္ဒပြမှုများသည် လိုအပ်သည်ထက် အရှိန်အဟုန်ပြင်းထန်နေရခြင်း ဖြစ်ပါသည်။ အနောက်နိုင်ငံတို့၏ အမျိုးသားရေးဖျက်ပြည်သိမ်းတိုက်ပွဲတွင် ကိုယ်ကျိုးမက်ကာ စီးမျောလိုက်ပါနေခဲ့ကြသည့် နိုင်ငံရေးသမားတို့သည် အမျိုးသားရေးကို ဘယ်တော့မှ သစ္စာမဖောက်သော တပ်မတော်၏ တုံ့ပြန်မှုကို ခံစားခဲ့ကြရခြင်းသာ ဖြစ်ပါသည်။ တပ်မတော်သည်လည်း အနောက်နိုင်ငံကို အာခံရဲသည့် သတ္တိနှင့် နိုင်ငံ၏အချုပ်အခြာအာဏာကို ထိန်းသိမ်းရန် တရုတ်နှင့်ရုရှားနိုင်ငံတို့နှင့် ကောင်းစွာသော ချစ်ကြည်ရေးကို တည်ဆောက်ထားခဲ့ပြီး ဖြစ်ပါသည်။

> ☆ အမှန်တရားတစ်ခုမှာ ဒီမိုကရေစီဆိုတဲ့စကားသံများ၊ လူ့အခွင့်အရေးဆိုတဲ့ အော်ဟစ်သံများကြားတွင် အမှန်တကယ်ရင်ဆိုင်နေရသည်မှာ ပထဝီဝင်နိုင်ငံရေး တိုက်ပွဲတစ်ခုသာဖြစ်
>
> ☆ အားလုံးရင်းနှီးပြီးသား ဇာတ်လမ်းတစ်ပုဒ်ပင် မဟုတ်ပါလား။ မြန်မာနိုင်ငံအတွင်း ဆူပူဆန္ဒပြသူများအကြား တရားဥပဒေအရ ဖြိုခွင်းထိန်းသိမ်းရာတွင် အသက်ဆုံးရှုံးမှုရှိလာတိုင်း "အပြစ်မဲ့ပြည်သူတွေကို စစ်သားနဲ့ ရဲတွေက သတ်နေပါတယ်"ဆိုတဲ့ ဇာတ်ပြားဟောင်းကြီးရဲ့ နောက်တွင် အနောက်နိုင်ငံ၏ သွေးထိုးလှုံ့ဆော်ထောက်ပံ့မှုဖြင့် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ကိုင်နေကြသူများမှာ ၎င်းတို့ထင်သလို အပြစ်မဲ့မဟုတ်ဘဲ နိုင်ငံရေး အသိဉာဏ်မဲ့သူများသာဖြစ်

အမှန်တရားတစ်ခုမှာ ဒီမိုကရေစီဆိုတဲ့ စကားသံများ၊ လူ့အခွင့်အရေးဆိုတဲ့ အော်ဟစ်သံများကြားတွင် အမှန်တကယ်ရင်ဆိုင်နေရသည်မှာ ပထဝီဝင်နိုင်ငံရေး တိုက်ပွဲတစ်ခုသာဖြစ်ပါသည်။ အားလုံးရင်းနှီးပြီးသား ဇာတ်လမ်းတစ်ပုဒ်ပင် မဟုတ်ပါလား။ မြန်မာနိုင်ငံအတွင်း ဆူပူဆန္ဒပြသူများအကြား တရားဥပဒေအရ ဖြိုခွင်းထိန်းသိမ်းရာတွင် အသက်ဆုံးရှုံးမှုရှိလာတိုင်း "အပြစ်မဲ့ပြည်သူတွေကို စစ်သားနဲ့ ရဲတွေက သတ်နေပါတယ်"ဆိုတဲ့ ဇာတ်ပြားဟောင်းကြီးရဲ့နောက်တွင် အနောက်နိုင်ငံ၏ သွေးထိုးလှုံ့ဆော်ထောက်ပံ့မှုဖြင့် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ကိုင်နေကြသူများမှာ ၎င်းတို့ထင်သလို အပြစ်မဲ့မဟုတ်ဘဲ နိုင်ငံရေးအသိဉာဏ်မဲ့သူများသာဖြစ်ကြပါသည်။

**သတိပေးလို**

မိတ်ဆွေတို့အနေဖြင့် ထိုအဖြစ်အပျက်များကို သင်ခန်းစာယူကာ "အာဏာရှင် တော်လှန်ရေး"၊ "ပြည်သူတို့၏ အောင်ပွဲ"ဟူသော စကားများကို ကြားတိုင်း ထိုဖြစ်စဉ်တို့၏ နောက်တွင်ရှိသည့် ဆန့်ကျင်ဘက်နှစ်ခု၏ ခေါင်းဆောင်များအကြောင်းနှင့် ဖြစ်စဉ်အစအဆုံးကို ဆက်လက်လေ့လာရန် မမေ့ဖို့ သတိပေးလိုပါသည်။ မြန်မာ့ဒီမိုကရေစီ၏ မိခင်ဟု သမုတ်နေကြသည့် ဒေါ်အောင်ဆန်းစုကြည်မှာ ဘယ်လိုလူလဲဆိုတာ ရှင်းပါသည်။ အနောက်နိုင်ငံထုတ် "နိုင်ငံရေးထုတ်ကုန် ကုန်ကြမ်း"တစ်ခုသာဖြစ်ပြီး မိမိ၏ကျော်ကြားမှုကို အသုံးပြုကာ ထင်ရာဆိုင်းမည့် သမိုင်းရှင်သာ ဖြစ်ပါသည်။ တစ်ဖက်က တပ်မတော်၏ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဆိုသူမှာ နိုင်ငံရေးအရ စိတ်ဝင်စားစရာ ပုဂ္ဂိုလ်တစ်ဦး ဖြစ်ပါသည်။ ၎င်းအနေဖြင့် တိုင်းပြည်တာဝန်ထမ်းရွက်ခဲ့သည့် သမိုင်းတစ်လျှောက်ကို ပြန်လည်လေ့လာကြည့်ရင် တိုင်းပြည်အတွက် ဘယ်လိုလူလဲဆိုတာ ကောင်းကောင်းကြီး တွေ့မြင်ရမည်ဖြစ်ပါသည်။

**အမှန်းခံဘဝနှင့် ရင်ဆိုင်နေရ**

သို့သော် ယခုအချိန်တွင် သူ့အတွက် အခက်ခဲဆုံးသောပုစ္ဆာကို တွက်ချက်နေရပြီ ဖြစ်ပါသည်။ တစ်ဖက်တွင် တိုင်းပြည်ကိုဖျက်မည့်ရန်မှ ကာကွယ်ရန် အမျိုးသားရေးတာဝန်ရှိသလို အခြားတစ်ဖက်တွင် နိုင်ငံရေးမှိုင်းမိနေသော တိုင်းပြည်၏ အနာဂတ်ဖြစ်သည့် လူငယ်ထုရှိနေပါသည်။ တာဝန်အရ ပစ်လွှတ်မည့် ကျည်ဆန်များအောက်တွင် တိုင်းပြည်အနာဂတ်အချို့ရှိသော်လည်း တရားမျှတမှုနှင့် ရိုးသားမှုအပြည့်ရှိသော ထိုလူငယ်များ အမှန်တကယ်လိုလားသည့် စစ်မှန်သော ဒီမိုကရေစီရရှိရေးအတွက် ရွေးကောက်ပွဲကျင်းပပေးနိုင်ရန် တည်ငြိမ်အေးချမ်းမှုကို ဖော်ဆောင်ရင်း အမုန်းခံဘဝနှင့် ရင်ဆိုင်နေရရှာသူ မေတ္တာရှင်စစ်သားကြီးတစ်ဦးလို့သာ ဆိုချင်ပါတော့သည်။ ဤပုစ္ဆာသည် ခက်ခဲလွန်းလှပါသည်။ ကမ္ဘာ့နိုင်ငံကြီးများ၏ ကျော်ကြားလှသော ခေါင်းဆောင်အချို့ပင် မှန်မှန်ကန်ကန်တွက်ချက်နိုင်ရန် မဖြစ်နိုင်ခဲ့သော ပုစ္ဆာဟောင်းတစ်ပုဒ် ဖြစ်ပါသည်။ သို့သော် ဘီလာရုစ်နိုင်ငံသူ နိုင်ငံသားများအနေဖြင့် သဘောပေါက်နားလည်ရမည်မှာ ဤပုစ္ဆာကို အမှားအနည်းဆုံးဖြင့် တွက်ချက်နိုင်သည့် ဘီလာရုစ်အစိုးရ၏ တန်ဖိုးပင်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် အခြေအနေအားလုံးကိုလည်း နားလည်သဘောပေါက် ကိုယ်ချင်းစာပါကြောင်း ဤဆောင်းပါးမှ ပြောကြားလိုက်ရပါသည်။

> ☆ သူမကိုယ်တိုင်သည်လည်း နိုင်ငံရေးတွင် အများကင်းလှသည်တော့ မဟုတ်လှပါ။
>
> ☆ သူမ ဦးဆောင်သည့်ပါတီ အာဏာရရှိလာပြီးနောက်ပိုင်းတွင် သိသိသာသာပင် အနောက်နိုင်ငံများ၏ ကြိုးကိုင်ထိန်းချုပ်မှုအောက်သို့ တဖြည်းဖြည်းတိုးဝင်လာခဲ့ပြီး Soros နှင့် အခြား NGO အဖွဲ့အစည်းများသည် မြန်မာနိုင်ငံအတွင်း ခြေကုပ်ယူလာနိုင်ခဲ့ကြပြီး အမျိုးသားနိုင်ငံရေးကိုပျက်ပြားစေကာ လူငယ်ထု၏ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ကို အချိန်ယူ အရောင်ဆိုးဖျက်ဆီးခဲ့သည့်အတွက် ယနေ့မြန်မာနိုင်ငံတွင် ဆူပူဆန္ဒပြမှုများသည် လိုအပ်သည်ထက် အရှိန်အဟုန်ပြင်းထန်နေရခြင်းဖြစ်
>
> ☆ အနောက်နိုင်ငံတို့၏ အမျိုးသားရေးဖျက် ပြည်သိမ်းတိုက်ပွဲတွင် ကိုယ်ကျိုးမက်ကာ စီးမျောလိုက်ပါနေခဲ့ကြသည့် နိုင်ငံရေးသမားတို့သည် အမျိုးသားရေးကို ဘယ်တော့မှသစ္စာမဖောက်သော တပ်မတော်၏ တုံ့ပြန်မှုကို ခံစားခဲ့ကြရခြင်းသာဖြစ်

Belarus Today အင်တာနက်သတင်းစာမျက်နှာတွင် ရုရှားဘာသာဖြင့် ဖော်ပြသည့် သတင်းဆောင်းပါး Link ။ https://www.sb.by/articles/ne-dat-razorvat-stranu.html

(စာရေးသူ၏အာဘော်သာဖြစ်ပါသည်။)

# လုပ်ငန်းရှင်တွေအနေနဲ့ ကုန်သွယ်မှုနဲ့ ကုန်စည်စီးဆင်းမှုဆိုင်ရာ အခက်အခဲတွေ၊ ဘဏ္ဍာပိုင်းဆိုင်ရာ အခက်အခဲတွေ၊ ဆိပ်ကမ်းပိုင်းဆိုင်ရာ အခက်အခဲတွေ၊ ပြည်တွင်း ကုန်သွယ်မှုဆိုင်ရာ အခက်အခဲတွေနဲ့ ပတ်သက်လို့ရှိရင် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံးမှာ ၂၄ နာရီ ရုံးဖွင့်ပြီး ကူညီဆောင်ရွက်ပေးနေတယ်ဆိုတာ အသိပေးတင်ပြလိုပါတယ်

ဒုတိယဝန်ကြီး ဦးညွန့်အောင်

တွေ့ဆုံမေးမြန်း
စိမ်းခက်၊ လင်းလတ်
ဓာတ်ပုံ- ကိုရဲ

စက်မှုဇုန်များရှိ လုပ်ငန်းရှင်များ၊ ကုန်သည်အသင်းအဖွဲ့များ လိုအပ်နေသည့် သတင်းအချက်အလက်များနှင့် တွေ့ကြုံနေရသော အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန်အတွက် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက ဦးဆောင်၍ ဂျပန်၊ တရုတ်၊ ထိုင်း၊ တရုတ်(တိုင်ပေ)နှင့် ဟောင်ကောင်တို့မှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်များ၊ ကုန်သည်လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲများကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ရုံး၌ ပြုလုပ်သည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြန်မာနိုင်ငံတွင် လာရောက်လုပ်ကိုင်နေသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံမေးမြန်းထားသည်များကို တင်ပြလိုက်ရပါသည်။

**ဒုတိယဝန်ကြီး ဦးညွန့်အောင်**
**ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

ဒီနေ့ဆွေးနွေးချက်ကတော့ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီရဲ့ လုပ်ငန်းလမ်းညွှန်ချက်အရ လက်ရှိပင်လယ်ရေကြောင်း ကုန်သွယ်မှုမှာ အခက်အခဲဖြစ်နေတဲ့ ကိစ္စလေးတွေ ရှိပါတယ်။ နောက်တစ်ခုက ဘဏ်ပိုင်းဆိုင်ရာ အခက်အခဲလေးတွေ သူတို့တင်ပြတာတွေ့ရပါတယ်။ နောက်တစ်ချက်အနေနဲ့က လုပ်ခလစာနဲ့ပတ်သက်ပြီး အများဆုံးတင်ပြသွားတာတွေ တွေ့ရပါတယ်။ ဒီတင်ပြချက်တွေအပေါ်မှာ ဒီနေ့လုပ်ငန်းကော်မတီအဖွဲ့ဝင်တွေရော ဖိတ်ကြားထားတဲ့ သက်ဆိုင်ရာဌာနဆိုင်ရာ အကြီးအကဲတွေရော တစ်ချက်ချင်းအပေါ်မှာ ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့တာဖြစ်ပါတယ်။

အဓိက ကုန်သွယ်မှုနဲ့ ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးနဲ့ ပတ်သက်ပြီးတော့မှ အဓိကကျွန်တော်တို့ သတင်းတွေနဲ့ ပတ်သက်ပြီး ထုတ်ပြန်မှုတွေကို တချို့လုပ်ငန်းရှင်တွေ၊ စက်ရုံ၊ အလုပ်ရုံတွေ မသိသေးတာ အများကြီး တွေ့ရပါတယ်။ ဒါကြောင့် ဒီနေ့ တက်ရောက်လာတဲ့ ကုမ္ပဏီလုပ်ငန်းရှင်တွေအားလုံး အခက်အခဲမရှိဖို့အတွက် ဆက်သွယ်ရမယ့် ပုဂ္ဂိုလ်တွေ၊ ဘယ်လို အကြောင်းအရာဆို ဘယ်ဌာနနဲ့ ညှိနှိုင်းပြီး ဆွေးနွေးရမယ်၊ ဘယ်အကြောင်းအရာတွေနဲ့ ပတ်သက်ရင်တော့ ဘယ်သူ့ကို ဆက်သွယ်ပြီးတော့မှ စုံစမ်းမေးမြန်းနိုင်တယ်၊ အဲဒီအပေါ်မှာမှ အောက်ခြေမှာ အခက်အခဲဖြစ်တယ်ဆိုရင် ကျွန်တော်တို့ရဲ့လုပ်ငန်းကော်မတီ၊ ဗဟိုကော်မတီကိုဆက်သွယ်ပြီး သတင်းပို့ပြီးတော့ အကူအညီတောင်းခံနိုင်တဲ့ကိစ္စတွေ ရှင်းလင်းတင်ပြတာ ဖြစ်ပါတယ်။

လုံခြုံရေးပိုင်းဆိုင်ရာ ကိစ္စတွေနဲ့ ပတ်သက်ပြီးတော့ ဒီနေ့ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်ဖြစ်တဲ့ ဗိုလ်မှူးကြီး ဝင်းတင့် ကိုယ်တိုင် တက်ရောက်ခဲ့ပါတယ်။ လက်ရှိ အနေအထားမှာလည်း မာရှယ်လော ထုတ်ပြန်ထားတဲ့ မြို့နယ်တွေ ရှိပါတယ်။ အဲဒီမြို့နယ်တွေထဲမှာလည်း စက်မှုဇုန်တွေ တော်တော်များများ ပါဝင်တာကို တွေ့ရပါတယ်။ ဒါကြောင့်မို့ လတ်တလော အရေးပေါ် လုံခြုံရေးပိုင်းဆိုင်ရာကိစ္စတွေနဲ့ ပတ်သက်ပြီး အခက်အခဲ ဖြစ်ပေါ်တယ်ဆိုရင် ဘယ်သူတွေနဲ့ချိတ်ဆက်ပြီး ဘာတွေလုပ်ရမယ်ဆိုတာ အကြမ်းဖျင်း ရှင်းပြထားတာ ရှိပါတယ်။ အဲဒီမှာမှ အရေးပေါ် အခက်အခဲဖြစ်လာရင် ကျွန်တော်တို့ လုပ်ငန်းကော်မတီနဲ့ လုံခြုံရေးနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ ပေါင်းစပ်ညှိနှိုင်းပြီး ချက်ချင်းသတင်းရယူ ဆောင်ရွက်ပေးဖို့အတွက် ကျွန်တော်တို့ စီစဉ်ဆောင်ရွက်ပေးတာ ဖြစ်ပါတယ်။

မတက်ရောက်နိုင်တဲ့ လုပ်ငန်းရှင်တွေအနေနဲ့လည်း ကုန်သွယ်မှုနဲ့ ကုန်စည်စီးဆင်းမှုဆိုင်ရာ အခက်အခဲတွေ၊ ဘဏ်ပိုင်းဆိုင်ရာ အခက်အခဲတွေ၊ ဆိပ်ကမ်းပိုင်းဆိုင်ရာ အခက်အခဲတွေ၊ ပြည်တွင်းကုန်သွယ်မှုဆိုင်ရာ အခက်အခဲတွေနဲ့ ပတ်သက်ရင် ကျွန်တော်တို့ရဲ့ လုပ်ငန်းကော်မတီရုံးမှာ၊ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံးမှာ ၂၄ နာရီ ရုံးဖွင့်ပြီး ကူညီဆောင်ရွက်ပေးတယ်ဆိုတာ အသိပေးတင်ပြလိုပါတယ်။

**အမြဲတမ်းအတွင်းဝန် ဦးမင်းမင်း**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

ဒီနေ့ဆွေးနွေးသွားတဲ့ ကိစ္စတွေက တင်သွင်း၊ တင်ပို့မှုအပိုင်းမှာတော့ တချို့အပိုင်းတွေက ထောက်ခံမှုတွေလိုတယ်။ ထောက်ခံချက်လိုတဲ့အပိုင်းတွေ ဆွေးနွေးတယ်။ နောက်ပြီး ဆိပ်ကမ်းကိစ္စတွေ ဆွေးနွေးတယ်။ လုံခြုံရေးကိစ္စတွေ ဆွေးနွေးပါတယ်။ နောက်ပြီး ဘဏ်ပိုင်းဆိုင်ရာ ငွေကြေးဆိုင်ရာကိစ္စတွေ ဆွေးနွေးတယ်။ ဒါတွေကိုတော့ သူ့ဌာနဆိုင်ရာအလိုက် တာဝန်ရှိသူတွေက ဖြေကြားပေးတယ်။ အဓိကပုံမှန်လုပ်နေတဲ့ ပို့ကုန်၊ သွင်းကုန်လုပ်ငန်းစဉ်တွေမှာ ဆောင်ရွက်တဲ့ အပိုင်းကတော့ တော်တော်လေး ဆောင်ရွက်နိုင်ပါတယ်။ ဆွေးနွေးပွဲပြီးသွားတဲ့အခါမှာ တင်ပြချက်တွေ ပြီးသွားလို့ ပြန်သွားတာမျိုး မဟုတ်ဘဲနဲ့ ဘဏ်ကိစ္စတွေ၊ သင်္ဘောလိုင်းတွေ၊ ဆိပ်ကမ်းတာဝန်ယူရမယ့် အပိုင်းတွေ ဆွေးနွေးပါတယ်။ ငါးလုပ်ငန်းလိုဟာမျိုး၊ FDA လိုဟာမျိုးတွေ၊ စိုက်ပျိုးရေးလိုကိစ္စတွေ ဆွေးနွေးကြပါတယ်။ ညှိနှိုင်းဆောင်ရွက်နေတာတွေ ရှိပါတယ်။

နယ်စပ်ကုန်သွယ်ရေးနဲ့ပတ်သက်ပြီး မူဆယ်၊ မြဝတီဘက် အဓိကကုန်သွယ်မှုများတဲ့ ဒေသတွေဆိုရင် အရင်ဖေဖော်ဝါရီလပိုင်းမှာ တဖြည်းဖြည်းနဲ့ ခုနကပြောတဲ့ကိစ္စတွေကြောင့် အထူးသဖြင့်ဘဏ်ကနေ ငွေထုတ်လို့မရတဲ့အတွက်ကြောင့် အခွန်တွေဆောင်လို့မရဘူး။ လုပ်ငန်းပိုင်းဆိုင်ရာ ကုန်သွယ်မှုတွေ တော်တော်လေး လျော့သွားတာရှိတယ်။ နောက်ပိုင်းမှာတော့ သက်ဆိုင်တဲ့ အကောက်ခွန်ဦးစီးဌာနတို့၊ ဗဟိုဘဏ်တို့နဲ့ ဆက်သွယ်ဆောင်ရွက်ပြီး လုပ်ငန်းရှင်တွေကိုလည်း ပြောဆိုဆောင်ရွက်တဲ့အခါမှာတော့ ပြန်ပြီး လက်ရှိအနေအထားရောက်လာဖို့ ရှိပါတယ်။ လက်ရှိအနေအထားမှာ ကိုဗစ်-၁၉ ကြောင့် တချို့သော ကုန်သွယ်မှုမှာ အကန့်အသတ်တွေ ရှိပါတယ်။ ဒါတွေကိုလည်း တရုတ်နိုင်ငံနဲ့ နှစ်နိုင်ငံ ညှိနှိုင်းဆောင်ရွက်တဲ့အပိုင်းတွေ ရှိပါတယ်။

**ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်**
**ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**

ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေးကို ဦးစားပေး လုပ်ဆောင်လျက်ရှိပါတယ်။ လွယ်ကူချောမွေ့အောင် ဆောင်ရွက်တယ်ဆိုတာ စပြီးရင်းနှီးမြှုပ်နှံသူအတွက်ရော ရင်းနှီးမြှုပ်နှံမှုရှိပြီးသား လူတွေအတွက်ရော လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ဖို့ဖြစ်ပါတယ်။ အဓိကကတော့ ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့အောင်လုပ်မယ့် အဆင့်တွေ ရှိပါတယ်။ လုပ်ငန်းပိုင်းဆိုင်ရာအရ သူတို့ကြုံတွေ့နေရတဲ့ အခက်အခဲတွေ၊ ကျွန်တော်တို့ လျှော့ပေးနိုင်တဲ့ကိစ္စတွေ မြန်မြန်ဆန်ဆန်ရှိအောင် ဆောင်ရွက်တာတွေ၊ နောက်တစ်ခါ အတားအဆီးတွေကို ဖယ်ရှားတာတွေစတဲ့ လုပ်ငန်းတွေ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ လက်ရှိလုပ်ငန်းရှင်တွေ ရင်ဆိုင်ကြုံတွေ့နေရတာ သူတို့ရဲ့ အခက်အခဲတွေကို သိချင်လို့ ဒီနေ့အစည်းအဝေးကို လုပ်တာဖြစ်ပါတယ်။ သူတို့ဆီက သိရတာနဲ့ စတင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အခုဒီပွဲကို ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန် မြန်ဆန်စေရေးလုပ်ငန်းကော်မတီက ဦးစီးဆောင်ရွက်တာဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်တို့က ရင်းနှီးမြှုပ်နှံသူတွေရဲ့ အခက်အခဲတွေကို နားထောင်မယ်။ နားထောင်ပြီးတော့ သက်ဆိုင်ရာ တာဝန်ရှိသူတွေ အားလုံးက သက်ဆိုင်ရာအပိုင်းအလိုက် ဖြေရှင်းပေးသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကုမ္ပဏီတွေ ရင်းနှီးမြှုပ်နှံသူတွေအတွက် အများကြီး အခွင့်အလမ်းရမယ်လို့ မျှော်လင့်ပါတယ်။ ဒီလိုပွဲမျိုးလုပ်ပေးတဲ့ ဌာနတွေကိုလည်း ကျေးဇူးတင်ပါတယ်။ဘာကြောင့်လဲဆိုတော့ ဒါဟာ သိပ်ပြီး အဓိပ္ပာယ်ရှိတဲ့ပွဲ ဖြစ်ပါတယ်။



ဒုတိယဝန်ကြီး
ဦးညွန့်အောင်



အမြဲတမ်းအတွင်းဝန်
ဦးမင်းမင်း



ညွှန်ကြားရေးမှူးချုပ်
ဦးသန့်စင်လွင်



ညွှန်ကြားရေးမှူးချုပ်
ဦးညွန့်ဝင်း

**ညွှန်ကြားရေးမှူးချုပ် ဦးညွန့်ဝင်း**
**အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန**

အဓိက လုပ်ငန်းရှင်တွေ တင်ပြတာ တော်တော်များများကတော့ လုပ်ခလစာနဲ့ ပတ်သက်လို့ အလုပ်သမားတွေကိုပေးဖို့ ဥပဒေအရ မရှင်းလင်းတာလေးတွေ မေးတာရှိပါတယ်။ နောက်တစ်ခုက ဘဏ်လုပ်ငန်းရှင်များနဲ့ပတ်သက်ပြီး ဘဏ်တွေကနေ ငွေကြေးထုတ်တဲ့အခါမှာ အဆင်ပြေချောမွေ့ရေးအတွက် မေးတာရှိပါတယ်။ ကျွန်တော်တို့ကတော့ အလုပ်သမားနဲ့ သက်ဆိုင်တဲ့ ကဏ္ဍကိုပဲ ဖြေကြားခဲ့တာဖြစ်ပါတယ်။ အဓိက ဥပဒေအရ သတ်မှတ်ထားတဲ့ လစဉ် လဆန်း ၅ ရက်နေ့မှာ သက်ဆိုင်ရာ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများမှာရှိတဲ့ အလုပ်သမားများကို ၅ ရက်နေ့မှာ သူတို့ရသင့်ရထိုက်တဲ့ လုပ်ခလစာများ ပေးချေနိုင်ရေးကို အလေးထား ဆောင်ရွက်ဖို့ ဒီလိုမဆောင်ရွက်ရင် ၂၀၁၆ ခုနှစ် အခကြေးငွေပေးချေရေးဥပဒေအရ အရေးယူခံရမယ်ဆိုတဲ့ အနေအထားလေးတွေကို ကျွန်တော်တို့ ရှင်းလင်းတင်ပြခဲ့တာ ဖြစ်ပါတယ်။ ဥပဒေမှာ ခြွင်းချက်ရှိပါတယ်၊ လုပ်ခကတော့ ဥပဒေအရကတော့ လျှော့ပြီးပေးတာမရပါဘူး။ ဥပဒေအရ ပိုပေးလို့ရပါတယ်၊ ဒါကျွန်တော်တို့ ဥပဒေရဲ့ ထူးခြားချက်ပါ။ သို့သော်လည်းပဲ လက်ရှိလုံခြုံရေးအခြေအနေ၊ ငွေလွှဲပြောင်းမှုအခြေအနေ ဒီအခြေအနေကြောင့်များ လစာထုတ်ဖို့ရက်ကို ရွှေ့ပြောင်းဖို့အခြေအနေရှိလာရင်တော့ သက်ဆိုင်ရာ အလုပ်ရှင် သို့မဟုတ် အလုပ်ရှင်က ခန့်ထားတဲ့ မန်နေဂျာ၊ အလုပ်သမားက ရွေးချယ်ထားတဲ့ အခြေခံအလုပ်သမားအဖွဲ့အစည်း၊ တချို့လည်း မဖွဲ့စည်းထားရင် အလုပ်သမားတွေကို ကိုယ်စားပြုဖွဲ့ထားတဲ့အဖွဲ့နဲ့ စက်ရုံနဲ့ ညှိပြီး လစာထုတ်ဖို့ရက်ကို ဒီလို နှစ်ဖက်သဘောတူညီချက်နဲ့ တင်ပြလာရင် သဘောတူရင် လုပ်ခလစာပေးမယ့်ရက်ကို ရွှေ့ဆိုင်းလို့ရပါတယ်။ ရွှေ့ဆိုင်းတဲ့အခါမှာလည်း သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ ခွင့်ပြုချက်ရမှ အတည်ဖြစ်ပါတယ်။ နှစ်ယောက်တည်း သဘောတူရုံနဲ့ အောက်မှာ လုပ်ထားပြီးပြီဆိုရုံနဲ့ မရပါဘူး။ သက်ဆိုင်ရာ ဒီဥပဒေကို ကြီးကြပ်တဲ့ ဦးစီးဌာနနဲ့ ဝန်ကြီးဌာနကို တင်ပြရမှာဖြစ်ပါတယ်။

လူမှုဖူလုံရေးနဲ့ပတ်သက်လို့ ရန်ကုန်မှာ မတ်လအလယ်ပိုင်းလောက်ကဖြစ်ခဲ့တဲ့ လှိုင်သာယာ၊ ရွှေပြည်သာစက်ရုံ ၂၀ ကျော်လောက် မီးရှို့ဖျက်ဆီးခံရတာ ရှိတယ်။ အလုပ်သမား သောင်းနဲ့ချီပြီး အလုပ်အကိုင် ဆုံးရှုံးတာတွေ ရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဝန်ကြီးဌာနကနေပြီး အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး သက်ဆိုင်ရာ အလုပ်သမားကနေ လူမှုဖူလုံရေးသွင်းထားတဲ့ သူ့ရဲ့လစာငွေအပေါ် မူတည်ပြီး ၄၀ ရာခိုင်နှုန်းကို တစ်လစာ ထောက်ပံ့ပေးမယ်ဆိုပြီးတော့ လက်ရှိ အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး ဆောင်ရွက်ထားပါတယ်။ ဒါကလည်း အလုပ်သမားကိုတော့ တိုက်ရိုက်ထုတ်ပေးမှာ မဟုတ်ပါဘူး။ စက်ရုံကနေ ကိုယ်စားပြုတဲ့ အလုပ်ရှင် သို့မဟုတ် အလုပ်ရှင်က ခန့်ထားတဲ့ မန်နေဂျာနဲ့ သက်ဆိုင်ရာ

စာမျက်နှာ ၁၁ သို့

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင် ပြည်ပမှလာရောက်ရင်းနှီးမြှုပ်နှံသော စက်ရုံ၊ အလုပ်ရုံ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် ဧပြီ ၂

မြန်မာနိုင်ငံအတွင်း ပြည်ပမှလာရောက် ရင်းနှီးမြှုပ်နှံထားသော စက်ရုံ၊ အလုပ်ရုံလုပ်ငန်းရှင်များနှင့် ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင်သည် ပြည်ပမှလာရောက် ရင်းနှီးမြှုပ်နှံသော စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းရှင်များကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ရုံး၌ COVID-19 ရောဂါကာကွယ်ရေး သတ်မှတ်ချက်များနှင့်အညီ တွေ့ဆုံသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်ရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ ပြည်ပသံရုံးမှ စီးပွားရေးသံမှူးနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှု လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် စက်မှုဇုန်များ၌ ပြည်ပရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်လျက်ရှိသော တရုတ်၊ ထိုင်း၊ ကိုရီးယား၊ ဂျပန်၊ တရုတ်(တိုင်ပေ)၊ ဟောင်ကောင်တို့မှ လုပ်ငန်းရှင်များနှင့် ကုမ္ပဏီကိုယ်စားလှယ်များက လက်ရှိတွေ့ကြုံနေရသော အခက်အခဲများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်းပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများက လက်ရှိဖြစ်ပေါ်နေသော ကုန်သွယ်မှုဆိုင်ရာ၊ ဘဏ်ပိုင်းဆိုင်ရာ၊ ဆိပ်ကမ်းဆိုင်ရာ၊ ပြည်ဝင်ခွင့်ဗီဇာဆိုင်ရာ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများနှင့် ပို့ကုန်သွင်းကုန်ဆိုင်ရာ ထောက်ခံချက်ကိစ္စရပ်များအပေါ် ပြန်လည်ရှင်းလင်းကြသည်။

ထို့နောက် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌက ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်မှ မတ် ၃၁ ရက်ထိ ကုန်သေတ္တာစုစုပေါင်း ဆိပ်ကမ်းမှ အထွက် ၁၉၅၉၄ လုံး၊ ဆိပ်ကမ်းအဝင် ၂၂၄၀၇ လုံး စုစုပေါင်း ၄၂၀၀၁ လုံးတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ နယ်စပ်ဖြတ်ကျော် ပုံမှန်ကုန်သွယ်မှုအနေဖြင့်လည်း အိမ်နီးချင်းနိုင်ငံများနှင့် ညှိနှိုင်းဆက်သွယ်ပြီး ပုံမှန်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုတွေ့ဆုံပွဲတွင် လတ်တလော အခက်အခဲများအနက်မှ ချက်ချင်းဆောင်ရွက်နိုင်သော အချက်များအား ပြန်လည်ရှင်းလင်းပေးသွားမည်ဖြစ်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းရမည့်



အချက်များရှိပါကလည်း ပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာသော ကုမ္ပဏီလုပ်ငန်းရှင်များက စက်ရုံအလုပ်သမားများ၏ လုပ်ခလစာငွေ ထုတ်ယူမှု အခက်အခဲ၊ CMP လုပ်ငန်းရှင်များ၏ ပြည်ပမှလုပ်ခလစာငွေ ဝင်/ မဝင်၊ ပို့ကုန်သွင်းကုန်ဆိုင်ရာ ထောက်ခံချက်များ ကြန့်ကြာမှု၊ ရင်းနှီးမြှုပ်နှံမှု၊ ဆိပ်ကမ်းကုန်သေတ္တာ အခက်အခဲဆိုင်ရာ ကိစ္စရပ်များကို တင်ပြကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းကြပြီး ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးကြသည်။

မွန်းလွဲပိုင်းတွင် တွေ့ဆုံပွဲကို ဆက်လက်ကျင်းပရာ ကုန်သေတ္တာအခက်အခဲ၊ ဘဏ်ပိုင်းဆိုင်ရာ အခက်အခဲ၊ အင်တာနက်ဆိုင်ရာ အခက်အခဲ၊ ဆိပ်ကမ်းကုန်သေတ္တာ ရက်လွန်ဒဏ်ကြေး ကိစ္စရပ်များအပေါ် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် ဗဟိုဘဏ်တို့မှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးကြသည်။

သတင်းစဉ်

◌ စာမျက်နှာ ၁၀ မှ

နယ်မြေမှာရှိတဲ့ လူမှုဖူလုံရေးရုံးမှာ ထည့်ဝင်ကြေးတွေ၊ ထည့်ဝင်ကြေးနှုန်းထားတွေ၊ လစာနှုန်းထားတွေ၊ ပြန်ပြီး စာရင်းတိုက်ဆိုင်စစ်ဆေးပြီးတော့မှ မှန်ကန်တယ်ဆိုတာနဲ့ တစ်ပြိုင်နက် အမြန်ဆုံး ၄၀ ရာခိုင်နှုန်းထောက်ပံ့ပေးသွားမှာ ဖြစ်ပါတယ်။ ခုနကပြောတဲ့ အချို့လုပ်ငန်းရှင်တွေ မန်နေဂျာနဲ့ တင်ပြတာရှိပါတယ်။ ၄၀ ရာခိုင်နှုန်းထောက်ပံ့ကြေးကို ဒီထက်ပိုပြီး ကာလတိုးပြီး ၃ လသို့မဟုတ် ၆ လ တိုးပြီး ထောက်ပံ့ပေးမလားဆိုပြီး ဒီလိုမျိုးလည်း တောင်းဆိုချက်လေးတွေ တင်ပြလာတာရှိပါတယ်။ ဒါနဲ့ပတ်သက်လို့ လူမှုဖူလုံရေးရန်ပုံငွေရဲ့ တောင့်တင်းနိုင်မှုအနေအထား ပြန်ကြည့်ရပါမယ်။

နောက်တစ်ခုက လူမှုဖူလုံရေးဥပဒေမှာ ပြဋ္ဌာန်းထားတဲ့ သဘာဝဘေးဒဏ်နဲ့ပတ်သက်လို့ ပြဋ္ဌာန်းထားတဲ့ဥပဒေပါ အချက်အလက်တွေကိုလည်း ပြန်သုံးသပ်ရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့က ထောက်ချင့် သုံးသပ်ပြီးတော့မှ ဒီကာလကို ဘယ်လောက်အထိ ထပ်တိုးပေးနိုင်မလဲ၊ အခြေအနေရှိသလားဆိုတာကတော့ ကျွန်တော်တို့အထက်လူကြီးများကိုတင်ပြမယ်။ အမျိုးသားအဆင့် လူမှုဖူလုံရေး ဘုတ်အဖွဲ့ကိုလည်း တင်ပြဆွေးနွေးညှိနှိုင်းပြီးတော့မှ ဒါကိုထောက်ပံ့ဖို့အတွက် ဆက်စီစဉ်ဆောင်ရွက်နိုင်ရေးလုပ်သွားမှာပါ။

**လက်ထောက်အထွေထွေမန်နေဂျာ ဦးကိုကိုနိုင်**
**ရွှေလင်ဗန်းစက်မှုဇုန်၊ အထည်ချုပ်စက်ရုံ**

စက်ရုံက ၃ လပိုင်း ၁၄ ရက်နေ့က မီးလောင်ကျွမ်းခံခဲ့ရတာပါ။ လက်ရှိ ကျွန်တော့်စက်ရုံရဲ့ ဝန်ထမ်းအင်အားက ၁၆၀၀ ရှိပါတယ်။ ဒီနေ့မှာ တင်ပြတာက ကျွန်တော်တို့ စက်ရုံက ဘာမှပြန်မရလောက်အောင် မီးလောင်ကျွမ်းသွားတာ ဖြစ်တဲ့အတွက် လုပ်ငန်းရှင်မှာလည်း နစ်နာပါတယ်။ အလုပ်သမားတွေအတွက်လည်း နစ်နာပါတယ်။ စက်ရုံပိုင်ရှင်တွေအနေနဲ့ ဒီစက်ရုံကို ပြန်လည်တည်ဆောက်ဖို့ဆိုတာ ကျွန်တော်တို့က မြေငှားပြီးတော့ အဆောက်အအုံငှားပြီး ဆောင်ရွက်ရတာ ဖြစ်တဲ့အတွက် ပြန်တည်ထောင်ဖို့ဆိုတာ အခက်အခဲအများကြီး ရှိပါတယ်။ လုပ်ငန်းရှင်အနေနဲ့က ဘာတွေတင်ပြနိုင်းသလဲဆိုတော့ နိုင်ငံတော်အနေနဲ့ ဘာတွေထောက်ပံ့ပေးနိုင်မှာလဲ၊ အခွန်တွေဆို ဘယ်လိုလျှော့ပေါ့ပေးမလဲ။ ဒါမှမဟုတ် မြေနေရာရော အစိုးရဘက်က ချမှတ်ပေးဖို့ အစီအစဉ်ရှိ၊ မရှိ ဒါတွေကို လုပ်ငန်းရှင်တွေဘက်က သိချင်တယ်။ တင်ပြနိုင်းတဲ့ ကိစ္စတွေပါ။ ကျွန်တော့်အနေနဲ့ အလုပ်သမားတွေက လက်ရှိအနေအထားမှာ စက်ရုံလည်း မီးလောင်ခံထားရတဲ့အတွက် အလုပ်လက်မဲ့ ဖြစ်နေပြီ။ လက်ရှိ နိုင်ငံတော်ရဲ့ အနေအထားအရ စီးပွားရေးအနေအထားရဆိုရင် ဒီကလေးတွေဟာ တခြားစက်ရုံမှာ ပြန်လျှောက်ဖို့ဆိုတာ အခက်အခဲအများကြီး ရှိပါတယ်။ စက်ရုံပိုင်ရှင်ကလည်း လက်ရှိကာလမှာ လစာပေးနိုင်မှာမဟုတ်တဲ့အတွက် အဲဒီအတွက် နိုင်ငံတော်ကနေ ဒီကလေးတွေကို သင့်တော်တဲ့ ထောက်ပံ့ကြေးငွေကို တစ်လတည်းမဟုတ်ဘဲနဲ့ ထိုက်သင့်တဲ့ ကာလ



ဦးကိုကိုနိုင်



မထိုက်ထိုက်ထွန်း

တစ်ခုအထိကို ဒီကလေးတွေကို ထောက်ပံ့ပေးစေချင်တယ်ဆိုပြီး တင်ပြထားပါတယ်။

လက်ရှိအနေအထားကတော့ လုပ်ငန်းရှင်တွေကလည်း စိုးရိမ်စိတ်တွေနဲ့ လည်ပတ်ရတာ ဖြစ်သလို၊ အလုပ်သမားတွေကလည်း စားဝတ်နေရေးအတွက် စိုးရိမ်စိတ်နဲ့လာပြီး အလုပ်ဆင်းနေကြရတာ၊ ဒါက အဓိကပေါ့။ လုံခြုံရေးပြဿနာပေါ့၊ ကလေးတွေကလည်း စိုးရိမ်ထိတ်လန့်နေတဲ့ အနေအထားမျိုး၊ လုပ်ငန်းရှင်တွေကလည်း လုပ်သာလုပ်နေရတာ ဘာဖြစ်မလဲဆိုတဲ့ စိုးရိမ်စိတ်နဲ့လုပ်နေရတဲ့ အနေအထားမျိုး ဖြစ်နေပါတယ်။

ကျွန်တော်တို့စက်ရုံက အထည်ချုပ်စက်ရုံဖြစ်တယ်၊ နိုင်ငံတော်တော်များများကို ပို့နေပါတယ်။ ကျွန်တော်တို့အနေနဲ့က လုပ်ငန်းတွေ မြန်မြန်ဆန်ဆန်နဲ့ ပြန်လည်တည်တည်ငြိမ်ငြိမ်နဲ့ လုပ်ကိုင်နိုင်မှသာလျှင် နိုင်ငံတော်ရဲ့ စီးပွားရေး၊ အလုပ်သမားတွေရဲ့ စားဝတ်နေရေး တိုးတက်လာမယ်လို့ ယူဆပါတယ်။ အဓိကကတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံတဲ့ လုပ်ငန်းရှင်တွေကို အတတ်နိုင်ဆုံး ထောက်ပံ့ပေးနိုင်မယ်ဆိုရင် ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားတွေ အလုပ်လက်မဲ့ မဖြစ်တော့ဘဲ အလုပ်အကိုင် အခွင့်အလမ်းတွေပေါ်များပြီး စားဝတ်နေရေး ပြေလည်လာမယ်လို့ ထင်ပါတယ်။ အဲဒီအတွက် နိုင်ငံတော်အနေနဲ့က လုပ်ငန်းရှင်တွေ တင်ပြခဲ့သလို နိုင်ငံတော်အနေနဲ့ သင့်တော်တဲ့ မြေနေရာမျိုးတွေကို တကယ်သာ ချပေးထားနိုင်မယ်ဆိုရင် လုပ်ငန်းရှင်တော်တော်များများ ပြန်လည်ဝင်ရောက်လာမယ်လို့ ယူဆပါတယ်။

**HR-Manager မထိုက်ထိုက်ထွန်း**
**ဂျပန်ရင်းနှီးမြှုပ်နှံမှု အထည်ချုပ်စက်ရုံ**

ကျွန်မတို့စက်ရုံက ၁၀၀ ရာခိုင်နှုန်း ဂျပန်ရင်းနှီးမြှုပ်နှံမှုပါ။ စက်ရုံက နှစ်ရုံရှိပါတယ်။ ရန်ကုန်စက်မှုဇုန်မှာက လုပ်သားအင်အား ၁၅၀၀ လောက်ရှိပါတယ်။ မင်္ဂလာဒုံစက်မှုဇုန်မှာက လုပ်သားအင်အား ၃၀၀၀ လောက်ရှိတဲ့ တစ်ရုံရှိတယ်။ ကိုဗစ်ကာလမှာလည်း စက်ရုံက လူလည်း မလျှော့ခဲ့ဘူး၊ စက်ရုံလည်း မပိတ်ခဲ့ဘူး၊ ပုံမှန်လည်ပတ်ပါတယ်။ အစိုးရပိတ်ရက်တွေအတိုင်း ပိတ်ပြီးတော့ လည်ပတ်နေခဲ့ပါတယ်။ အခုလက်ရှိမှာလည်း စက်ရုံက လည်ပတ်နေပါတယ်။ ဒါပေမယ့် ကလေးတွေရဲ့ လုံခြုံရေးအရ သူတို့တွေက မလုံခြုံဘူးထင်ပြီး နယ်က ကလေးတွေက ပြန်တော့ အခုရန်ကုန်ရုံဆို ၈၀၀ ကျော် ၁၀၀၀ နီးပါးလောက်တော့ ကျန်သေးတယ်။ ရုံ ၂ ဆိုလည်း ၂၀၀၀ လောက် ကျန်နေသေးတယ်။ လက်ရှိအော်ဒါကလည်း ရှိတယ်။ လုပ်သားအင်အားလည်း ရှိတယ်၊ လက်ရှိမှာလည်း ဝန်ထမ်းတွေလည်း ခေါ်နေပါတယ်။

လက်ရှိ ရင်ဆိုင်နေရတဲ့ အခက်အခဲက ဝန်ထမ်းတွေအတွက် လစာဖြစ်ပါတယ်။ အထည်ချုပ်စက်ရုံဖြစ်တဲ့အတွက် လူဦးရေကလည်း ထောင်ချီတဲ့အခါကျတော့ အနည်းဆုံး လဆန်း ၅ ရက်နေ့ဆို လစာပေးရပါတယ်။ ပေးရတာဖြစ်တဲ့အတွက် အရင်တုန်းက ရိုးမပေးကိုသုံးတယ်။ ပိတ်လိုက်တဲ့အခါကျတော့ ရိုးမအေတီအမ်တွေက ငွေမရှိဘူး၊ အရင်တုန်းက KBZ လည်း ထုတ်လို့ရတယ်။ ဧရာဝတီဘဏ်လည်း ထုတ်လို့ရတယ်။ သူတို့ရဲ့ ငွေလွှဲကြေးကလည်း အခမဲ့ဆိုတော့ ကလေးတွေအတွက် အဆင်ပြေတယ်။ အခုက ရိုးမက အေတီအမ်စက်တွေက နေရာတိုင်းမှာ မရှိဘူး၊ အခြားဘဏ်တွေလို နေရာတိုင်းမှာမရှိဘူး၊ သူတို့ ဘဏ်ရှေ့မှာ တစ်လုံးလောက်ပဲရှိတယ်။ ရိုးမနဲ့ ပေးတဲ့အခါကျတော့ ကတ်(Error) ဖြစ်တာ၊ လော့ကျတာတို့ဆို ဘဏ်က ဝန်ထမ်းတွေက လော့ဖြေပေးတာတို့ လုပ်ပေးရမှာပေါ့။ အခုလက်ရှိဘဏ်ဝန်ထမ်းတွေက အလုပ်မလုပ်ကြတဲ့အခါကျတော့ ကလေးတွေ ဖေဖော်ဝါရီလအတွက် လစာကိုငွေသားနဲ့ပဲ ပေးချေခဲ့ရတယ်၊ ရုံနှစ်ရုံဆိုတော့ လစာက သိန်းပေါင်းတစ်သောင်းသုံးထောင်ထိ ပေးရတယ်။ ကျွန်မတို့ဆီက ကလေးတွေက လစာလည်းများတယ်။ အခုလက်ရှိက အခုတောင်နှစ်ရက် ဖြစ်နေပြီ။ လစာက လုံးဝထုတ်လို့ မရဘူး။ ဘဏ်ထဲမှာက ငွေတွေက ရှိတယ်။ ရိုးမကပေးမထုတ်ဘူး၊ ဗဟိုဘဏ်ကနေပြီး ကုမ္ပဏီအနေနဲ့ ထုတ်ပေးလိုက်တဲ့ တစ်သောင်းဆိုရင် ဗဟိုဘဏ်ကထုတ်ပေးမှ စီးဆင်းလို့ရမှာ ဖြစ်ပါတယ်။ ကလေးတွေက လဆန်း ၅ ရက်နေ့ရောက်တိုင်း စိတ်ပူနေရတယ်။ ဒါကြောင့် အဆင်ပြေချင်လို့ လဆန်း ၅ ရက်နေ့ နောက်ဆုံးထားပြီး ထုတ်ချင်လို့ ဘဏ်ကတ်နဲ့က အဆင်မပြေဘူး၊ လက်ရှိငွေသားနဲ့ပဲ ပေးချင်တယ်။ တခြားအခက်အခဲတော့ မရှိဘူး၊ လစာကိစ္စပဲ အခက်အခဲဖြစ်နေတယ်။ ပုံမှန် အော်ဒါလည်းရှိတယ်။ လူလည်း ထပ်ခေါ်နေတာပါ။ လက်ရှိ ဂျပန်နိုင်ငံကို တင်ပို့နေတာပါ။ လက်ရှိကလေးတွေ အထည်ချုပ်စက်ရုံက ကလေးတွေကို အချိန်ပိုဆင်းစေချင်တယ်။ သူတို့လုံခြုံရေးတော့ လုပ်မပေးနိုင်ဘူး၊ အချိန်ပိုလစာနဲ့ သူတို့ရတဲ့ လစာနဲ့ဆို ပိုပြီး အဆင်ပြေမှာ။ အဲဒါကတစ်ချက်ပေါ့။ နောက်တစ်ခုက မင်္ဂလာဒုံစက်မှုဇုန်ဆိုတာ ရေကို ဒေါ်လာနဲ့ပေးရတာ။ အခြားစက်မှုဇုန်တွေလို အစီစီရေမရဘူး၊ ဒါကိုလည်း လုံခြုံရေး ကောင်းကောင်းလုပ်ပေးစေချင်တယ်။ နောက်တစ်ခုက ဒီမှာ လာရင်းနှီးမြှုပ်နှံတဲ့ နိုင်ငံခြားသားတွေရဲ့ ဘဝလုံခြုံမှုကိုလည်း လုပ်ပေးစေချင်ပါတယ်။

စာမျက်နှာ ၁၅ သို့ ◌

# အမေရိကန်ပြည်တွင်းထုတ်ကုန်ပစ္စည်းများကိုသာ သုံးစွဲရန် အစိုးရအဖွဲ့အား သမ္မတ ဂျိုးဘိုင်ဒင် တိုက်တွန်းပြောကြား

ဝါရှင်တန် မေ ၂

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ပြည်တွင်းစက်ရုံများနှင့် နိုင်ငံသားအလုပ်သမားများအား ကာကွယ်စောင့်ရှောက်သည့်အနေဖြင့် ပြည်တွင်းထုတ်ကုန်ပစ္စည်းများကိုသာသုံးစွဲရန် အစိုးရအဖွဲ့အား တိုက်တွန်းပြောကြားခဲ့သည်။

အိမ်ဖြူတော်၌ ယမန်နေ့တွင် ပြုလုပ်သည့် ပထမဆုံးအကြိမ် အစိုးရအဖွဲ့ အစည်းအဝေးတွင် သမ္မတဂျိုးဘိုင်ဒင်က အထက်ပါအတိုင်းပြောကြားခဲ့ခြင်းဖြစ်သည်။

အမေရိကန် ပြည်တွင်းထုတ်ကုန်ပစ္စည်းများကိုသာ ဝယ်ယူသုံးစွဲရန် သမ္မတ ဂျိုးဘိုင်ဒင်က အစိုးရအဖွဲ့အား တိုက်တွန်းပြောကြားခဲ့သည်။ အမေရိကန်အစိုးရအဖွဲ့သည် ပြည်သူများ၏ အခွန်ငွေကို သုံးစွဲရသည့်အတွက် အမေရိကန်လုပ်ငန်းရှင်များနှင့် ကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ပြည်တွင်းထုတ်ကုန်ပစ္စည်းများကို အမြန်အလျှန်အားဖြင့် ဝယ်ယူသုံးစွဲရန်လိုအပ်ကြောင်း သမ္မတ ဂျိုးဘိုင်ဒင်က ဆိုသည်။

ထို့ပြင် သမ္မတ ဂျိုးဘိုင်ဒင်က အစိုးရအဖွဲ့၏ ဘဏ္ဍာငွေသုံးစွဲမှုဆိုင်ရာ အစီရင်ခံစာတစ်ရပ်ကို လာမည့်အစည်းအဝေး၌ တင်ပြရန် အစိုးရအဖွဲ့ဝင်ဝန်ကြီးများအား ပြောကြားခဲ့သည်။

အမေရိကန်ဒေါ်လာ နှစ်ထရီလီယံတန်ဖိုးရှိ အလုပ်အကိုင်ဖန်တီးရေး အစီအစဉ်တစ်ရပ်ကို သမ္မတ ဂျိုးဘိုင်ဒင်က မေ ၁ ရက်တွင် ကြေညာခဲ့သည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်




# တရုတ်(တိုင်ပေ)၌ ရထားတစ်စင်း ပြေးလမ်းချော်မှုဖြစ်ပွား၊ ခရီးသည် ၄၈ ဦးသေဆုံး

တိုင်ပေ မေ ၂

တရုတ် (တိုင်ပေ)ရှိ ဥမင်လိုဏ်ခေါင်းတစ်ခု၌ ရထားတစ်စင်း ပြေးလမ်းချော်မှုဖြစ်ပွားခဲ့ရာ ခရီးသည် ၄၈ ဦးသေဆုံးပြီး အများအပြားထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အခင်းဖြစ်ပွားပုံမှာ တရုတ်(တိုင်ပေ)မှ တိုင်တန်မြို့သို့ ခုတ်မောင်းပြေးဆွဲလျက်ရှိသည့် ခရီးသည် ၅၀၀နီးပါးသယ်ဆောင်လာသော တွဲဆိုင်း ရှစ်ဆိုင်းပါသည့် မီးရထားတစ်စင်းသည် ဥမင်လိုဏ်ခေါင်းအတွင်းဖြတ်သန်းမောင်းနှင်လာစဉ်ဥမင်လိုဏ်ခေါင်းအဝင်အဝ၌ ရထားလမ်းပေါ်တွင် လမ်းချော်ကာ ပိတ်ဆို့ရပ်တန့်လျက်ရှိသည့် ဆောက်လုပ်ရေးလုပ်ငန်းသုံး မော်တော်ယာဉ်တစ်စီးနှင့် တိုက်မိခဲ့ကြောင်း သိရသည်။

အဆိုပါ မတော်တဆမှုဖြစ်ပွားခဲ့ပြီးနောက် ကယ်ဆယ်ရေးသမားများက ဥမင်လိုဏ်ခေါင်း



အတွင်း ပျက်စီးသွားသောရထားတွဲဆိုင်းများ၌ ပိတ်မိ လျက်ရှိသည့် ခရီးသည်များအား လိုက်လံရှာဖွေ ကယ်ဆယ်လျက်ရှိသည်။
ယခုဖြစ်ပွားသည့်မီးရထားပြေးလမ်းချော်မှုသည် တရုတ်(တိုင်ပေ)၌ လွန်ခဲ့သောဆယ်စုနှစ်အတွင်း အဆိုးရွားဆုံးသော မတော်တဆမှုတစ်ခုဖြစ်သည်။

သမ္မတ တိုင်အင်ဝမ်က မတော်တဆမှုအတွင်း သေဆုံးသွားသူများ၏ မိသားစုဝင်များနှင့် ထပ်တူဝမ်းနည်းမိပါကြောင်းနှင့် အခင်းဖြစ်ပွားပုံအကြောင်းရင်းခံကို ဆက်လက်စုံစမ်းစစ်ဆေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အမျိုးသားမီးသတ်အေဂျင်စီ၏ နောက်ဆုံးထုတ်ပြန်ချက်တွင် မီးရထားပေါ်၌ လိုက်ပါစီးနင်းလာသည့်ခရီးသည် ၄၉၀ ရှိကြောင်းနှင့် ၄၈ ဦးသေဆုံးပြီး ၆၆ ဦးထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း ဖော်ပြထားသည်။

တရုတ်(တိုင်ပေ)၌ ၂၀၁၈ ခုနှစ်တွင် ရထားပြေးလမ်းချော်မှုဖြစ်ပွားခဲ့ရာ ခရီးသည် ၁၈ ဦး သေဆုံးခဲ့သည်။ အလားတူ ၁၉၉၁ ခုနှစ်တွင် မီးရထားနှစ်စင်း တိုက်မိခဲ့ရာ ခရီးသည် ၃၀ သေဆုံးခဲ့ပြီး ၁၁၂ ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။

ကိုးကား - ဘီဘီစီ
ဘာသာပြန် - အောင်ကျော်ကျော်

# ဘရာဇီးနိုင်ငံ၌ ကိုဗစ် -၁၉ ရောဂါကူးစက်ခံရသူ ၉၁၀၉၇ ဦး ထပ်မံတွေ့ရှိ

ဆော်ပေါ်လို မေ ၂

ဘရာဇီးနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါခံစားရသူ ၉၁၀၉၇ ဦးထပ်မံ စစ်ဆေးတွေ့ရှိခဲ့ပြီး အဆိုပါရောဂါကြောင့် လူနာ ၃၇၆၉ ဦး သေဆုံးခဲ့ကြောင်း ဘရာဇီးကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

လက်ရှိအချိန်အထိ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၂၈၃၉၈၄၄ ဦးရှိပြီး သေဆုံးသူပေါင်း ၃၂၅၂၈၄ ဦးရှိကြောင်း သိရသည်။

ဘရာဇီးနိုင်ငံ၌ မတ်လအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၆၆၈၆၆ ဦး သေဆုံးခဲ့ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဘရာဇီးလီးယားမြို့နှင့် အခြားသော ပြည်နယ် ၁၇ ခု၌ ဗိုင်းရပ်စ်ကူးစက်ခံရသူအရေအတွက် မြင့်တက်လာခဲ့ခြင်းကြောင့် ဆေးရုံများ၌ ကျန်းမာရေးစောင့်ရှောက်မှုစနစ်များ ပြိုကျယိုင်လဲခဲ့ရသည်။

အလားတူနိုင်ငံ၏နေရာဒေသအများအပြားတွင် ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုများ



မြင့်တက်လာခြင်းကြောင့် ခရီးသွားလာမှုကန့်သတ်ချက်များ ပြန်လည်ချမှတ်ခဲ့ပြီး ညမထွက်ရ အမိန့်တစ်ရပ်ကိုလည်း ထုတ်ပြန်ကြေညာခဲ့ရသည်။

ဘရာဇီးနိုင်ငံ၏ လူဦးရေသိပ်သည်းဆုံးသောမြို့ဖြစ်သည့် ဆော်ပေါ်လိုမြို့၌ မေ ၁၂ ရက်အထိ အရေးပေါ်အခြေအနေ ကြေညာထားကြောင်း သိရသည်။

နိုင်ငံ၏ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဇန်နဝါရီ ၁၇ ရက်တွင် စတင်ခဲ့ပြီး မတ် ၃၁ ရက်အထိ ပြည်သူ ၁၇၆၂၀၈၇၂ ဦးအား ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံပေးပြီးဖြစ်ကြောင်းနှင့် ပြည်သူ ၅၀၉၁၆၁၁ ဦးအား ကာကွယ်ဆေး နှစ်ကြိမ်စလုံး ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်

# အမေရိကန် - ဂျပန်နှစ်နိုင်ငံ ထိပ်သီးအစည်းအဝေး မေ ၁၆ ရက်၌ ကျင်းပမည်

တိုကျို မေ ၂

အမေရိကန်နှင့် ဂျပန်နှစ်နိုင်ငံ ထိပ်သီးအစည်းအဝေးကို မေ ၁၆ ရက်တွင် ဝါရှင်တန်မြို့၌ ကျင်းပမည်ဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် ဂျပန်ဝန်ကြီးချုပ် ဆူဂါတို့သည် အဆိုပါထိပ်သီးအစည်းအဝေးပွဲ မျက်နှာချင်းဆိုင်တွေ့ဆုံကာ နှစ်နိုင်ငံရေးရာကိစ္စရပ်များ ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

ဂျပန်ဝန်ကြီးချုပ် ဆူဂါသည် သမ္မတ ဂျိုးဘိုင်ဒင်နှင့် ပထမဆုံးအကြိမ် မျက်နှာချင်းဆိုင်တွေ့ဆုံမည့် နိုင်ငံခြားခေါင်းဆောင်တစ်ဦး ဖြစ်လာမည်ဖြစ်သည်။ ဂျပန်အစိုးရအဖွဲ့အကြီးအကဲ ကာတို ကတ်ဆုနိုဘုက အဆိုပါထိပ်သီးအစည်းအဝေးသည် အမေရိကန်နှင့် ဂျပန်နှစ်နိုင်ငံအကြား အပြန်အလှန်ဆက်ဆံရေး ပိုမိုခိုင်မြဲမှုကို ပြသခြင်းဖြစ်ကြောင်းနှင့် အင်ဒို-ပစိဖိတ်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန် အမေရိကန်အနေဖြင့် ဆန္ဒရှိသည်ကိုလည်း ပြသခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် လွတ်လပ်ပွင့်လင်းသော အင်ဒို-ပစိဖိတ်ဒေသဖော်ဆောင်ရေး၊ ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေး၊ ရာသီဥတုဖောက်ပြန်မှုစသည့် ကိစ္စရပ်များအပါအဝင် တရုတ်နှင့်မြောက်ကိုရီးယားအရေးတို့ကိုလည်း ထည့်သွင်းဆွေးနွေးသွားမည်ဖြစ်ကြောင်း ဂျပန်အစိုးရအဖွဲ့အကြီးအကဲ ကာတို ကတ်ဆုနိုဘုက ပြောကြားခဲ့သည်။

အဆိုပါနှစ်နိုင်ငံထိပ်သီးအစည်းအဝေးကျင်းပရေးအတွက် နှစ်နိုင်ငံအစိုးရအဖွဲ့ဝင်တာဝန်ရှိသူများက ကြိုတင်ဆောင်ရွက်မှုများ လုပ်ဆောင်လျက်ရှိသည်။ ဂျပန်ဝန်ကြီးချုပ်ဆူဂါက သမ္မတ ဂျိုးဘိုင်ဒင်နှင့် တွေ့ဆုံရန် ပြင်ဆင်သည့်အနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို လွန်ခဲ့သောလက ထိုးနှံမှုခံယူခဲ့ကြောင်း သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - အောင်ကျော်ကျော်

# Johnson & Johnson ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအား တောင်အာဖရိက နိုင်ငံအတွင်းသုံးစွဲရန် ခွင့်ပြု




ဂျိုဟန်နက်စဘတ် ဧပြီ ၂

Johnson & Johnson ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအား တောင်အာဖရိကနိုင်ငံ ကျန်းမာရေးထုတ်ကုန်ဆိုင်ရာ အာဏာပိုင်အဖွဲ့က ယမန်နေ့တွင် နိုင်ငံအတွင်းသုံးစွဲရန် ခွင့်ပြုလိုက်ကြောင်း သိရသည်။

**အရေးပါသော ခြေလှမ်းတစ်ရပ်ဖြစ်**

ယခုဆေးဝါးအား သုံးစွဲရန်ခွင့်ပြုခဲ့ခြင်းသည် နိုင်ငံအတွင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးအတွက် အရေးပါသော ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်းနှင့် အဆိုပါဆေးဝါးသည် စံချိန်စံညွှန်းကိုက်ညီကြောင်း ဂျန်စန်ဆေးဝါးကုမ္ပဏီ၏စစ်ဆေးတွေ့ရှိချက်အရ တောင်အာဖရိကနိုင်ငံ ကျန်းမာရေးထုတ်ကုန်ဆိုင်ရာ အာဏာပိုင်အဖွဲ့ အမှုဆောင်ချုပ် ဘိုင်တူမီလာ ဆီမာဒီမာကိုကိုလီလာက ပြောကြားသည်။

ယခုသုံးစွဲခွင့်ပြုခဲ့သည့် ကာကွယ်ဆေးသည် တစ်ကြိမ်သာ ထိုးနှံရသည့်အမျိုးအစားဖြစ်ပြီး ဆေးထိုးနှံပြီးနောက် ဦးခေါင်းကိုက်ခဲခြင်း၊ မောပန်းခြင်းနှင့် ကြွက်သားနာကျင်ခြင်းတို့ကဲ့သို့သော ဘေးထွက်ဆိုးကျိုးအနည်းငယ်သာရှိကြောင်း သိရသည်။ ယခုကာကွယ်ဆေးအား ကျန်းမာရေးဝန်ကြီးဌာန၏ စည်းမျဉ်းများနှင့်အညီ ထိုးနှံရန်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – စိုးသူရ

## COVAX အစီအစဉ်မှ ကမ္ဘာ့နိုင်ငံ ၇၈ နိုင်ငံ သို့ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၃၅ သန်း ဖြန့်ဖြူးခဲ့ပြီးဖြစ်

ဂျီနီဗာ ဧပြီ ၂

COVAX အစီအစဉ်သည် လက်ရှိအချိန်အထိ ကမ္ဘာ့နိုင်ငံပေါင်း ၇၈ နိုင်ငံသို့ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၃၅ သန်းခန့် ဖြန့်ဖြူးခဲ့ပြီးဖြစ်သော်လည်း ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး မျှမျှတတရရှိနိုင်ရေးအပေါ် ကြီးမားသောစိန်ခေါ်မှုတစ်ခု ရှိနေဆဲဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ တီဒရော့စ်အာဒါနွမ်က ဧပြီ ၁ ရက်တွင် ပြောကြားသည်။

COVAX အစီအစဉ်သည် ပြီးခဲ့သည့်နှစ်က ကိုဗစ်–၁၉ ရောဂါ စမ်းသပ်ရှာဖွေခြင်း၊ ကုသပေးခြင်းနှင့် ကာကွယ်ဆေးများပေးခြင်းအားဖြင့် ကမ္ဘာ့ပြည်သူအားလုံးကို ကျန်းမာရေးဆိုင်ရာ လိုအပ်သောအကူအညီ ပံ့ပိုးပေးခဲ့ကြောင်း၊ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအသစ်၊ အသက်ကယ်အောက်စီဂျင်၊ ရောဂါပြင်းထန်သောလူနာများအတွက် corticosteroids ဆေးဝါးနှင့် အလျင်အမြန်ရောဂါစမ်းသပ် စစ်ဆေးမှုများ ရရှိရေးအတွက် ညီတူမျှတူအခွင့်အရေးရရှိရန် အလွန်အရေးကြီးကြောင်း တီဒရော့ခ်က ပြောကြားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် မိတ်ဖက်တို့က ဦးဆောင်သည့် COVAX အစီအစဉ်သည် ကမ္ဘာ့နိုင်ငံတိုင်း ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး လက်လှမ်းမီရရှိနိုင်ရေးအတွက် ဖွဲ့စည်းထားသည့်ကမ္ဘာလုံးဆိုင်ရာ အစီအစဉ်တစ်ခု ဖြစ်သည်။

ကိုးကား – Emirates News Agency
ဘာသာပြန် – ဂျေတီ

### ကမ္ဘာတစ်ဝန်း ကိုဗစ်–၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

| | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၁၃၀၃၆၂၆၇၀ | ဦး |
| သေဆုံးသူ | ၂၈၄၃၀၅၁ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၁၀၅၀၁၉၈၇၂ | ဦး |



## မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၂၉၄ ဦး ထပ်မံတွေ့ရှိ

ကွာလာလမ်ပူ ဧပြီ ၂

မလေးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ ၁၂၉၄ ဦး ထပ်မံတွေ့ရှိခဲ့သည့်အတွက် နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၃၄၇၉၇၂ ဦးအထိ မြင့်တက်လာခဲ့ကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်ခဲ့သည်။

ထပ်မံစစ်ဆေးတွေ့ရှိခဲ့သည့် ဗိုင်းရပ်စ်ကူးစက်ခံရသူများအနက် ၂၆ ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ၁၂၆၈ ဦးသည် ပြည်တွင်းကူးစက်ခံရသူများဖြစ်ကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် နူးဟစ်ရှာမ်အဒူလာက ယနေ့သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်–၁၉ လူနာငါးဦးထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူ ၁၂၈၃ ဦးရှိလာခဲ့ပြီဖြစ်ကြောင်း သိရသည်။

သို့သော် လူနာ ၁၄၄၂ဦး ရောဂါမှ ပြန်လည်သက်သာလာပြီး ဆေးရုံများမှ ဆင်းသွားခဲ့ရာ ကျန်းမာရေးပြန်လည်ကောင်းမွန်လာသူဦးရေ ၃၃၂၄၄၃ ဦး ရှိလာခဲ့ပြီဖြစ်သည်။

လက်ရှိအချိန်တွင် ကိုဗစ်–၁၉ ရောဂါခံစားနေရသူ ၁၄၂၄၆ ဦးအနက် ၁၆၈ ဦးသည် အထူးကြပ်မတ်ဆောင်တွင် ဆေးဝါးကုသမှုခံယူနေရပြီး ယင်းတို့အနက် ၇၈ ဦးသည် အသက်ရှူလမ်းကြောင်းဆိုင်ရာ အထောက်အကူပြုကိရိယာများ တပ်ဆင်ထားရကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အောင်ကျော်ကျော်

## တရုတ်နိုင်ငံက ကာဇက်စတန်နိုင်ငံအား ကိုဗစ်–၁၉ရောဂါ ကာကွယ်ဆေး စတုတ္ထအသုတ် ပေးအပ်

ဘီစကက် ဧပြီ ၂

ကာဇက်စတန်နိုင်ငံသို့ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး စတုတ္ထအသုတ်လှူဒါန်းခဲ့ကြောင်း ကာဇက်စတန်နိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ ယနေ့ပြောကြားသည်။

အသက်ရှူအထောက်အကူပြုကိရိယာများ၊ နှာခေါင်းစည်းများနှင့် ကိုဗစ်–၁၉ ရောဂါကာကွယ်ရေးဝတ်စုံများကိုလည်း လူသားချင်းစာနာထောက်ထားမှုအကူအညီအဖြစ် လှူဒါန်းခဲ့ကြောင်းအဆိုပါရုံးမှပြောကြားသည်။တရုတ်နှင့် ကာဇက်စတန်နှစ်နိုင်ငံ တို့သည် ကိုဗစ်–၁၉ ရောဂါ စတင်ဖြစ်ပွားချိန်တွင် ကပ်ရောဂါ တိုက်ဖျက်ရေးအတွက် အမြန်အလှန် အကူအညီများပေးအပ်ပြီး နှစ်နိုင်ငံမိတ်ဆွေဖြစ်မှုကို ပြသခဲ့ကြကြောင်း ကာဇက်စတန်နိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ဒူဒီဝမ်းက ပြောကြားသည်။ ၎င်းအပြင် စီးပွားရေးနှင့် ကုန်သွယ်ရေးကဏ္ဍ များတွင်လည်းပူးပေါင်းဆောင်ရွက်သွားရန် တရုတ်နိုင်ငံက အသင့်ရှိကြောင်း ၎င်းက ပြောကြားသည်။

တရုတ်နိုင်ငံမှ လှူဒါန်းသော ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးများရရှိခြင်းကြောင့် နိုင်ငံ၏ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများကို ကောင်းစွာဆောင်ရွက်နိုင်ခဲ့ကြောင်း ကာဇက်စတန်ကျန်းမာရေးနှင့် လူမှုဖွံ့ဖြိုးရေးဝန်ကြီးအရန်ကာဒါ ဇဗီရှိနာလီဗ်က ပြောကြားသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – စိုးသူရ

■



# စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့၌ လက်နက်ကိုင်အဖွဲ့(စိစစ်ဆဲ)၏ တိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင်တစ်ဦး ကျဆုံး၊ နှစ်ဦး ဒဏ်ရာရ

နေပြည်တော် ဧပြီ ၂

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့၌ လက်နက်ကိုင်အဖွဲ့(စိစစ်ဆဲ)၏ တိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင်တစ်ဦးကျဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်အရ ဟုမ္မလင်းမြို့နယ်ရှိ ရေပေါ်စီးနယ်မြေ ရဲကင်းမှ ရဲအရာရှိတစ်ဦးပါဝင်သော ရဲတပ်ဖွဲ့ဝင် သုံးဦးသည် ဧပြီ ၁ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ဟုမ္မလင်းမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင် လစာငွေများထုတ်ယူပြီး 5I/1538 X-Trail မော်တော်ယာဉ်ဖြင့် ဟုမ္မလင်း-ရေပေါ်စီး ကားလမ်းအတိုင်း ပြန်လည်ထွက်ခွာလာစဉ် နန့်သာကျေးရွာအုပ်စု ရေကြည်ချောင်းအနီးအရောက်၌ လက်နက်ကိုင်အဖွဲ့(စိစစ်ဆဲ) အင်အား ၂၀ ခန့်က လက်နက်ငယ်များဖြင့် ဝိုင်းဝန်းပစ်ခတ် တိုက်ခိုက်ခဲ့ကြောင်း။

ထိုသို့ တပ်ဖွဲ့ဝင်များ ပစ်ခတ်တိုက်ခိုက်ခံရကြောင်း သတင်းအရ ရေပေါ်စီးနယ်မြေရဲကင်းမှ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် လိုက်လံအင်အားဖြည့် ပူးပေါင်းနိုင်ရေး သွားရောက်ခဲ့ရာ မွန်းလွဲ ၂ နာရီတွင် ရာလားကောင်းကျေးရွာအနီး၌ ရဲတပ်ဖွဲ့ဝင်တစ်ဦးကိုလည်းကောင်း၊ မွန်းလွဲ ၃ နာရီတွင် ရဲအရာရှိကိုလည်းကောင်း ဝမ်းဗိုက်နှင့် လက်မောင်းတို့တွင် ဒဏ်ရာများအသီးသီးဖြင့် ပြန်လည်တွေ့ရှိခဲ့ကြောင်း။

ဆက်လက်၍ ပျောက်ဆုံးနေသည့် ရဲတပ်ဖွဲ့ဝင်တစ်ဦးနှင့် ၎င်းတို့စီးနင်းသွားသည့် မော်တော်ယာဉ်ကို ရပ်ရွာလူထု၏အကူအညီဖြင့် ရှာဖွေခဲ့ရာ ငါးတန်ချောင်းအတက် ကမ်းပါးဘေးတွင် မော်တော်ယာဉ်နှင့်အတူ ရဲတပ်ဖွဲ့ဝင်တစ်ဦး ဦးခေါင်းကျည်ဖောက်ဝင်ဒဏ်ရာဖြင့် ကျဆုံးလျက် ပြန်လည်ရှာဖွေတွေ့ရှိခဲ့ကြောင်း။

အထက်ပါ လက်နက်ကိုင်အဖွဲ့(စိစစ်ဆဲ)၏ တိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင် တစ်ဦး ကျဆုံးကာ ရဲတပ်ဖွဲ့ဝင် နှစ်ဦးတို့တွင် ထိခိုက်ဒဏ်ရာများရရှိခဲ့ပြီး ၎င်းတို့နှင့်အတူ ယူဆောင်သွားသည့် လက်နက်နှစ်လက်၊ ဆက်စပ်ခဲယမ်းများနှင့် တပ်ဖွဲ့ဝင်များ၏ လစာငွေကျပ် ၃၁ဖ၃၅၈၈ တို့မှာ ပျောက်ဆုံးလျက်ရှိပြီး လက်နက်များ ပြန်လည်ရရှိနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က စုံစမ်းစစ်ဆေးရှာဖွေလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်




# အမျိုးသမီးများအား တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့သူများကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

နေပြည်တော် ဧပြီ ၂

အမျိုးသမီးများအား တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့သူများကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေအရ ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ ကညင်တောကျေးရွာနေ မနှင်းအေးကြည်(ခ) အငယ်မ၊ ဒေါ်မြဝင်း(ခ)ပေါက်စရှည်(ခ)မန်ကျည်းစေ့နှင့် တောင်ကုတ်မြို့ ကံပိုင်ရပ်ကွက်နေ ဒေါ်ခင်အေးလွင်တို့က တောင်ကုတ်မြို့ ကံပိုင်ရပ်ကွက်နေ မxxxx ၂၇ နှစ်၊ မxxxx ၁၇ နှစ် နှင့် မxxxx ၂၀ နှစ်တို့ကို တရုတ်နိုင်ငံသို့ပို့ဆောင်၍ တရုတ်ဇနီးအဖြစ်ရောင်းစားရန် စီစဉ်ခဲ့မှုအား မူဆယ်မြို့မရဲစခန်း (ပ) ၅၀၄/ ၂၀၂၀၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၈(က)/၃၂ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး မူဆယ်ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ မတ် ၃၁ ရက်တွင် တရားခံ မနှင်းအေးကြည်(ခ)အငယ်မ၊ ဒေါ်မြဝင်း(ခ)ပေါက်စရှည်(ခ)မန်ကျည်းစေ့နှင့် ဒေါ်ခင်အေးလွင်တို့ကို လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မကွေးမြို့နယ် ဘုရားပြုကျေးရွာ၌ မီးလောင်မှုဖြစ်ပွား

မကွေး ဧပြီ ၂

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ဘုရားပြုကျေးရွာအုပ်စု ဘုရားပြုမြောက်ရွာနေ ဦးသုခ၏ နေအိမ်တွင် ဧပြီ ၁ ရက် ညနေ ၅ နာရီခန့်က မီးဖိုမီးကြွင်းမီးကျန်မှုတစ်ဆင့် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်ကျွမ်းမှုသတင်းအရ မကွေးခရိုင်မီးသတ်တပ်ဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထိုက်စိုး ဦးဆောင်ကာ သန္နေတပ်ဖွဲ့ဝင် ၃၂ ဦး၊ မီးငြိမ်းသတ်ယာဉ် သုံးစီး၊ အထောက်အကူပြုယာဉ် တစ်စီး၊ ကမ္ဘောဇအလင်းတန်းပရဟိတအသင်းမှ ရေသယ်ယာဉ် တစ်စီး၊ ဗဒင်ရေရောင်းလုပ်ငန်းမှ ရေသယ်ယာဉ် နှစ်စီး စုစုပေါင်း ရေသယ်ယာဉ် ခုနစ်စီးဖြင့် သွားရောက်ငြိမ်းသတ်ခဲ့ရာ ညနေ ၅ နာရီခွဲတွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုကြောင့် နေအိမ်ခြောက်လုံး မီးလောင်ကျွမ်းခဲ့ပြီး လူနှင့်တိရစ္ဆာန် ထိခိုက်ဒဏ်ရာ ရရှိမှုမရှိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဦးသုခအား မကွေးမြို့နယ် အမှတ်(၂)နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်နှင့် ကယားပြည်နယ် လွိုင်ကော်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဧပြီ ၂

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၃၁ ရက် ည ၈ နာရီခန့်တွင် သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာ ကလော-သာစည်သွား ကားလမ်း ကျွဲတပ်ဆုံ ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် လွိုင်ကော်-ရန်ကုန် ခရီးသည်တင်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဆေးခြောက် သုံးကီလို သိမ်းဆည်းရမိခဲ့သည်။



နောင်နောင်လွင်အား သိမ်းဆည်းရမိသည့် ဆေးခြောက်များနှင့်အတူ တွေ့ရစဉ်။

ကွင်းဆက်အရ ဧပြီ ၁ ရက် နံနက် ၉ နာရီတွင် လွိုင်ကော်မြို့ ဒေါ်ဥခူရပ်ကွက်နေ နောင်နောင်လွင်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ၎င်းအားတွေ့ရှိရပြီး နေအိမ်အိပ်ခန်းအတွင်းမှ ဆေးခြောက် ၃ ဒသမ ၉ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၂ ပြားတို့ကိုလည်းကောင်း။

ဆက်လက်၍ မွန်းလွဲ ၃ နာရီခန့်တွင် လွိုင်ကော်မြို့နယ် နိုးကိုးကျေးရွာအုပ်စု ရေယိုကျေးရွာနေ သိန်းဇော်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ ဆေးခြောက် သုည ဒသမ ၄ ကီလိုကိုလည်းကောင်း ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# ပြည်ကြီးတံခွန်မြို့နယ်၌ ဝါယာရှော့ဖြစ်ပြီး မီးလောင်မှုဖြစ်ပွား

နေပြည်တော် ဧပြီ ၂

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် နန်းသာရပ် တံခွန်တိုင်ရပ်ကွက် ရတနာပုံတက္ကသိုလ်လမ်း အိမ်ရှင် ဦးအောင်မျိုး(ခ)ဦးအောင်မျိုးဌေး၏ နေအိမ်၌ ဧပြီ ၁ ရက် နံနက်ပိုင်းတွင် နေအိမ်ထရံ၌ တပ်ဆင်ထားသော လျှပ်စစ်မီးနံဘုတ်ခုံမှ ဝါယာရှော့ဖြစ်ပြီး အကာထရံအား မီးကူးစက်လောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ မန္တလေးခရိုင်အတွင်းရှိ သန္နေ/အရန်မီးသတ်စခန်းများမှ မီးငြိမ်းသတ်ယာဉ် အစီး ၃၀၊ မီးသတ်ရေသယ်ယာဉ် အစီး ၂၀၊ အုပ်ချုပ်မှုယာဉ် သုံးစီး စုစုပေါင်း မီးသတ်ယာဉ် ၅၃ စီးဖြင့် တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း ဦးဆောင်သော သန္နေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ခဲ့ကြသည်။

အဆိုပါ မီးလောင်မှုကြောင့် စုစုပေါင်းနေအိမ် ၈၀ လုံး မီးကူးစက် လောင်ကျွမ်းခဲ့ပြီး မီးစတင်လောင်ကျွမ်းခဲ့သည့် အိမ်ရှင် ဦးအောင်မျိုး(ခ)ဦးအောင်မျိုးဌေးအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

အောင်မျိုး

**လျှပ်စစ်သုံးလျှင် သတိယှဉ်**
**ဝန်အားမမျှ မသုံးရ**

# လူငယ်နှင့် နိုင်ငံရေး

## ကိုဝင်းမော်ထွန်း

နိုင်ငံရေးဆိုသည်မှာ နိုင်ငံသားအားလုံး၏အရေးပင် ဖြစ်ပေသည်။ သို့ဖြစ်ရာ နိုင်ငံသားအားလုံးတွင် တာဝန်ကိုယ်စီရှိကြပေသည်။ ထို့ကြောင့် လူသည် နိုင်ငံရေးသတ္တဝါဖြစ်၏ဟု ဆိုကြ၏။ နိုင်ငံရေး လုပ်ကြသည်ဆိုရာ၌ နိုင်ငံရေးကိုအကြောင်းပြု၍ ကိုယ်ကျိုးအတွက် ပြုလုပ်ကြသူများကို နိုင်ငံရေး လုပ်စားသူများဟု ခေါ်ဆိုလေ့ရှိကြပြီး နိုင်ငံကောင်း စားအောင်၊ ဖွံ့ဖြိုးတိုးတက်အောင် မိမိကိုယ်ကျိုးကို မငဲ့ဘဲ လုပ်ကိုင်ဆောင်ရွက်ကြသူများကိုတော့ နိုင်ငံရေးသမားစစ်စစ် (သို့မဟုတ်) နိုင်ငံရေးသမား ကောင်းဟု ခေါ်ဆိုတတ်ကြလေသည်။

တစ်နည်းဆိုရပါမူ အတ္တသက်သက်နှင့် အတ္တပရမျှတအောင် ဆောင်ရွက်သူတို့၏ နိုင်ငံ အပေါ်ထားသောစေတနာနှင့် လုပ်ဆောင်ချက် ကောင်းမွန်မှုကိုကြည့်ရှုရခြင်းပင် ဖြစ်ပေသည်။ "စေတနာ ဟံ ဘိက္ခဝေ ကမ္မာဝဒါမိ" စေတနာ မှန်သာလျှင် ကံဖြစ်သည်ဆိုသည့်အတိုင်း နိုင်ငံ့ အပေါ်ထားသော စိတ်စေတနာကောင်းကြောင့် မိမိ၏လုပ်ဆောင်ချက် အောင်မြင်ခြင်း၊ အနာဂတ် နိုင်ငံတော်တည်ဆောက်ရာတွင်လည်း ထင်ရှား အောင်မြင်ရခြင်းတို့ ဖြစ်နိုင်ပေသည်။ ယင်းကို အများစုက နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက် သော နိုင်ငံရေးသမားကောင်း၊ နိုင်ငံ့ခေါင်းဆောင် ကောင်းဟု သတ်မှတ်ကြပေမည်။

### အလေးထားကြရမည်

သို့သော် အချို့သော နိုင်ငံရေးသမားတို့၏ ရှေ့မှ ကာဒိုင်းအနေဖြင့် အသုံးချခံ လူငယ်များ အဖြစ်သို့ မရောက်ရှိရန် လိုပေ၏။ စေတနာမှန်ဖြင့် နိုင်ငံရေးအသိပညာရရန် လက်တွဲခေါ်ယူခြင်း ကိုတော့ လေးစားရမည် ဖြစ်သည်။ နိုင်ငံရှိ၍ နိုင်ငံ ရေးဆိုတာ ရှိသည်မို့ ထိုအရေးကိုစိတ်ဝင်စားသူ လူငယ်မောင်မယ်များလည်း ရှိနိုင်ပေ၏။ ထိုသူများ ထဲမှ ကောင်းမွန်သောစိတ်ဓာတ်ဖြင့် အများအကျိုး ဆောင် ပရဟိတစိတ်ရှိသူ လူငယ်များ၊ အနစ်နာခံ လုပ်ကိုင်သူ လူငယ်များလည်း ရှိနိုင်ပေသည်။ လူငယ်တို့သဘာဝ အသစ်အဆန်းတီထွင်ဖန်တီး လိုစိတ်တက်ကြွမှု၊ အမှန်တရားနှင့် လွတ်လပ်ခြင်း ကို မြတ်နိုးမှု၊ စူးစမ်းရှာဖွေတတ်မှုတို့ကို အသိအမှတ် ပြုကာ နိုင်ငံရေးသမိုင်း ခရီးစဉ်တွင် ပါဝင်လာကြ ခြင်းကို အလေးထားကြရမည်မှာ အမှန်ပင်ဖြစ်၏။

သို့သော် စည်းကမ်းမဲ့သော မင်းမဲ့စရိုက်ဆန်ဆန် လုပ်ဆောင်မှုမျိုးကိုတော့ ရှောင်ရှားရမည် ဖြစ်ပေ၏။

ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုသို့သွားရာ တွင် ဒီမိုကရေစီစံနှုန်းများမှ လူ့အခွင့်အရေးကို လေးစားလိုက်နာပြီး စည်းကမ်းသေဝပ်စွာဖြင့် ချိတက်လျှောက်လှမ်းသင့်ကြပေ၏။ မြန်မာနိုင်ငံ အပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီး၏ ခေါင်းဆောင်များ ကိုကြည့်ပါကလည်း တက်ကြွလှုပ်ရှားသော လူငယ် ဘဝမှ အသွင်ကူးပြောင်းလာကြသည်ကို တွေ့မြင် ကြားသိရပေ၏။ ထိုသို့ဆိုရာတွင် နိုင်ငံ့အရေးကို ဆောင်ရွက်ရာ၌ အမျိုးသားအကျိုးစီးပွားကို ဦးတည် ဆောင်ရွက်နိုင်ရန်၊ တိုင်းပြည်ငြိမ်းချမ်းရေးရရှိရန်၊ စစ်မှန်သော ဒီမိုကရေစီစနစ် ဖော်ဆောင်ရန် စသည် တို့ ရှေ့တန်းတင်၍ ပြုလုပ်နိုင်မှသာ လူငယ်နိုင်ငံရေး သမားကောင်းတစ်ယောက် ဖြစ်လာနိုင်ပေသည်။ နိုင်ငံ၏ စီးပွားရေး၊ စစ်ရေး၊ ပညာရေး၊ နိုင်ငံတကာ ဆက်ဆံရေး အစရှိသောကဏ္ဍများစွာတွင် ဟန်ချက် ညီစွာ ထိန်းညှိဆောင်ရွက်ခြင်း (Check & Balance) ပြုလုပ်နိုင်မှသာလျှင် ထိုတိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး ကောင်းမွန်ဖွံ့ဖြိုးတိုးတက်မှုအလား အလာ ပိုကောင်းမည်ဖြစ်ပေသည်။ နိုင်ငံရေးသမား တစ်ဦးအဖို့ ထိုအချက်ကို အလေးဂရုပြုသင့်ပေသည်။

Check & Balance ကိုမထိန်းနိုင်လျှင် နိုင်ငံတွင်း ပဋိပက္ခများ၊ ဆူပူလှုပ်ရှားမှုများ၊ ဆန္ဒပြတောင်းဆို မှုများ ဖြစ်ပေါ်လာကာ ပြည်တွင်းမငြိမ်မသက်ဖြစ်ပြီး နိုင်ငံတကာဆက်ဆံရေးလည်း ထိခိုက်ပျက်ပြား ပေသည်။ နိုင်ငံ့အရေးစိတ်ပါဝင်စားသူပုဂ္ဂိုလ်များ အထူးသတိပြုသင့်သော အခြေအနေပင် ဖြစ်၏။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်)တွင် အခန်း(၄)ဥပဒေပြု ရေး၊ အခန်း(၅)အုပ်ချုပ်ရေး၊ အခန်း(၆)တရားစီရင် ရေးဟူ၍ ပြဋ္ဌာန်းထားသည်ကို တွေ့ရှိကြရပေ၏။ နိုင်ငံရေးစိတ်ဝင်စားသူ လူငယ်အများသည်လည်း ထိုအခန်းကဏ္ဍများကို ကောင်းစွာသိရှိအောင် လေ့လာဖတ်ရှုပြီးမှ နိုင်ငံရေးနယ်ပယ်သို့ ဝင်ရောက် ဆောင်ရွက်ပါလျှင် ပိုမို၍စည်းကမ်းတကျ ထိမိလှစွာ ဆောင်ရွက်နိုင်ပေမည်ဟု တွေးတောမိပါသည်။

မိမိနိုင်ငံသားအားလုံး၏ အကျိုးစီးပွား မြင့်တင် ရေး၊ လူနေမှုဘဝ လုံခြုံစိတ်ချစေရေး၊ ပြည်တွင်း ငြိမ်းချမ်းရေးတို့ကို အထူးအလေးထား၍ ဦးလည် မသုန် ရှက်ဆောင်ကြပါမူ ပြည်သူတို့အပ်နှင်းသော အာဏာဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှု၊ တာဝန်သိမှု ရှိသော နိုင်ငံရေးသမားကောင်းတစ်ယောက်အဖြစ် ပြည်သူလူထုက လေးစားယုံကြည်၊ အားကိုးကြ ပေလိမ့်မည်။ နိုင်ငံရေးသဘောတရားရေးရာများကို လေ့လာသုံးသပ်သူ၊ နိုင်ငံတော်၏ အခက်အခဲ ပြဿနာများကို အစဉ်ကြီးဆတွေးတော ဝင်ရောက် ဖေးမကူညီဆောင်ရွက်သူ၊ ပြည်ပအဖျက်အမှောင့် များရန်မှ ကာကွယ်ပေးသူ၊ နိုင်ငံတော် လုံခြုံရေး ကာကွယ်စောင့်ရှောက်ပေးရာ၌ ကိုယ်ကျိုးမငဲ့ဘဲ စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ပေးသူများကိုလည်း နိုင်ငံရေးနယ်ပယ်မှာ လေးစားအားကိုးထိုက်သူ အဖြစ် အသိအမှတ်ပြုအပ်ပါ၏။

### နှိုင်းနှိုင်းချိန်ချိန် သုခမိန်

၂၁ ရာစု နည်းပညာလှိုင်းတံပိုးကြီး ရိုက်ခတ် ချိန်၌ သတင်းတု၊ သတင်းမှားများနှင့် မှန်ကန်သော သတင်းတို့ကို ခွဲခြားဝေဖန် စိစစ်ခြင်းအတတ်ပညာ နှင့် အသိပညာလည်း အထူးလိုအပ်လှပေသည်။ "နှိုင်းနှိုင်းချိန်ချိန် သုခမိန်" ဆိုစကားအရ ခွဲခြမ်း စိတ်ဖြာ ယုံကြည်သင့်ကြပေသည်။ စာရေးဆရာ များနှင့် နိုင်ငံရေးသုတေသီများစွာတို့၏ မြန်မာ့ နိုင်ငံရေး၊ ကမ္ဘာ့နိုင်ငံရေးသမိုင်းဆိုင်ရာ စာအုပ် စာပေများကို လူငယ်တိုင်း တတ်အားသမျှ ရှာဖွေ လေ့လာဖတ်ရှုနိုင်ကြပါမူ နိုင်ငံရေးဗဟုသုတ ပိုမို၍ ကြွယ်ဝပြည့်စုံကာ တိုင်းပြည်ကောင်းကျိုး သယ်ပိုး ဆောင်ရွက်ရာ၌ အထောက်အပံ့ ဖြစ်နိုင်ပေ၏။

ယနေ့ခေတ်ကဲ့သို့ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြီး ကျရောက်နေချိန်၌ နိုင်ငံတိုင်းသည် ကာကွယ်ဆေးဝယ်ယူရန်၊ ကာကွယ်ဆေးထိုးနှံရန်နှင့် မြန်မာနိုင်ငံသူနိုင်ငံသား များ စီးပွားကျဆင်းနေချိန် စားဝတ်နေရေး အဆင်ပြေအောင် ကြိုးစားနေကြရချိန်တွင် ပို၍ပင် ပြည်သူ ပြည်သားတို့၏အသိဉာဏ် အတွေးအခေါ် ပြည့်ဝပြီး ဆင်ခြင်တွေးဆစိတ်ဖြင့် လုပ်သင့်သည့် အရာ မလုပ်သင့်သည့်အရာ၊ ခန္တီစ ဆိုစကားအတိုင်း သည်းခံစောင့်ဆိုင်းရမည့် အကြောင်းတရား ခွဲခြား နားလည်သင့်ကြပေပြီဖြစ်၏။

နိုင်ငံရေးသမားကောင်းတစ်ယောက်ဖြစ်လာ ရန် ပြည်သူ့အကျိုးစီးပွားဖွံ့ဖြိုးမှုနှင့် တိုင်းပြည်ငြိမ်း ချမ်းရေးရရှိရန် ကြိုးစားရာ၌ ယခု အကြောင်း အရာများသည် လေ့ကားထစ်တစ်ခုသဖွယ် ဖြစ်ပါ စေတော့ဟု ဆန္ဒမွန်ဖြင့် ကျွန်ုပ်တို့နိုင်ငံတွင်းတွင် လတ်တလော ဖြစ်ပေါ်နေသည့် နိုင်ငံရေး လှုပ်ရှားမှု များကို သတိပြုတွေးဆဆင်ခြင်ကြည့်နိုင်ကြပါရန် စေတနာမှန်ဖြင့် ရေးသားလိုက်ရပါသည်။ ။

❖ **နိုင်ငံ့အရေးကို ဆောင်ရွက်ရာ၌ အမျိုးသားအကျိုးစီးပွားကို ဦးတည်ဆောင်ရွက် နိုင်ရန်၊ တိုင်းပြည်ငြိမ်းချမ်းရေးရရှိရန်၊ စစ်မှန်သောဒီမိုကရေစီစနစ် ဖော်ဆောင်ရန် စသည်တို့ ရှေ့တန်းတင်၍ ပြုလုပ်နိုင်မှသာ လူငယ်နိုင်ငံရေးသမားကောင်း တစ်ယောက်ဖြစ်လာနိုင်။**

❖ **နိုင်ငံ၏ စီးပွားရေး၊ စစ်ရေး၊ ပညာရေး၊ နိုင်ငံတကာဆက်ဆံရေး အစရှိသော ကဏ္ဍများစွာတွင် ဟန်ချက်ညီစွာ ထိန်းညှိဆောင်ရွက်ခြင်း (Check & Balance) ပြုလုပ်နိုင်မှသာလျှင် ထိုတိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး ကောင်းမွန်ဖွံ့ဖြိုးတိုးတက်မှုအလားအလာ ပိုကောင်းမည်ဖြစ်ပေသည်။ နိုင်ငံရေး သမားတစ်ဦးအဖို့ ထိုအချက်ကို အလေးဂရုပြုသင့်။**

✪ စာမျက်နှာ ၁၁ မှ

**Mr. Hu Fen Fen**

**တရုတ်နိုင်ငံမှ လာရောက် ရင်းနှီးမြှုပ်နှံသူ**



Mr. Hu Fen Fen

ကျွန်တော်က စက်ရုံရဲ့ ဦးစီးတဲ့သူပါ။ ကျွန်တော်တို့ စက်ရုံက ၃လပိုင်း ၁၄ ရက်နေ့မှာ မီးလောင်ခံခဲ့ရပါတယ်။ စက်ရုံ လောင်ကျွမ်းသွား တဲ့အတွက် စုစုပေါင်းတန်ဖိုး ဒေါ်လာ ၅ သိန်းခန့် ရှိပါတယ်။ ကျွန်တော်တို့စက်ရုံက အခုလိုမျိုး လောင်ကျွမ်းသွားတော့ ဆုံးရှုံးနစ်နာမှုတွေများ လို့ ဝန်ထမ်းတွေကို လစာပေးဖို့ အခက်အခဲရှိ လာပါတယ်။ ဒါကြောင့် အစိုးရက ဘယ်လိုအကူ အညီတွေ ပေးနိုင်မလဲလို့ မျှော်လင့်ပြီးလာခဲ့တာပါ။ သက်ဆိုင်ရာအကြီးအကဲတွေရဲ့ ပြောစကားအရ ဆိုရင်တော့ လူမှုဖူလုံရေးကြေး ၄၀ ရာခိုင်နှုန်း ပေးမယ်လို့ သိရတယ်။ နောက်ပိုင်း ၄ လပိုင်း၊ ၅ လပိုင်း၊ ၆ လပိုင်းတွေမှာရော ဆက်ပြီး ပေးမလားဆိုတာတော့ ဆွေးနွေးပြီး အဖြေကိုပြောမယ်လို့ ပြောထားပါတယ်။

အခုလို မီးလောင်ခံရမှု ဖြစ်ပွားပြီးတော့ ကျွန်တော်တို့ရဲ့ စက်ရုံက စက်ရုံပိုင်ရှင် ကလည်း သူတို့ရဲ့ အဆောက်အအုံ ပျက်စီးတာနဲ့ပတ်သက်ပြီး ကျွန်တော်တို့ကို ဖိအားပေးတယ်။ အစိုးရအနေနဲ့ကလည်း ဒီပြဿနာလေးကို ကူညီဖြေရှင်းပေးဖို့ ကုမ္ပဏီနဲ့အတူတူ ကူညီဖြေရှင်းပေးဖို့ လိုလားပါတယ်။

## သတင်းကြေညာချက်

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက် လျက်ရှိသော POSCO INTERNATIONAL Corportation (Myanmar E&P)သည် ကမ်းလွန်လုပ်ကွက်အမှတ်၊ A-1 တွင် Geotechnical Survey လုပ်ငန်းများအား Survey Vessel MV. FUGRO MARINER ဖြင့် လုပ်ငန်းများဆောင်ရွက်မည့် ဧရိယာအကျယ်အဝန်းများဖြစ်သော Point A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၀ မိနစ် ၂၁.၆၃၄၃၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၂ မိနစ် ၃၅.၂၃၆၈၄ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၀ မိနစ် ၂၀.၈၅၅၂၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၂ မိနစ် ၃၇.၁၆၅၇၃ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၀ မိနစ် ၂၀.၇၀၅၃၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၂ မိနစ် ၃၇.၀၉၇၄၇ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၀ မိနစ် ၁၉.၂၁၀၄၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၂ မိနစ် ၃၆.၄၂၅၁၃ စက္ကန့်တို့တွင် ၂၀၂၁ ခုနှစ်၊ ဧပြီလ(၅)ရက်နေ့မှ ၂၀၂၁ ခုနှစ်၊ မေလ(၅)ရက်နေ့အထိ ဆောင်ရွက်သွား မည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ် A-1 တွင် Geotechnical Survey လုပ်ငန်းများအား Survey Vessel MV. FUGRO MARINER ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါ Survey တိုင်းတာမည့်တည်နေရာများမှ (၄)ကီလိုမီတာ ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်း မပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာန

# ရိုးသားတဲ့ပြည်သူတွေကို အန္တရာယ်ချောက်ကမ်းပါးထဲကို ပြုတ်မကျစေဖို့အရေး နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းလုပ်ဆောင်ပေးကြဖို့ သက်ဆိုင်သူအားလုံးကို တောင်းဆိုပါရစေခင်ဗျာ။

ဦးမောင်ပေ(အမည်လွှဲ)

နိုင်ငံအတွင်း၌ လက်ရှိဖြစ်ပေါ်နေသည့် နိုင်ငံရေးအပြောင်းအလဲ ဖြစ်စဉ်များနှင့်ပတ်သက်၍ စိုးရိမ်သောကရောက်နေကြရသည့် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများ၏ တွေ့မြင်ကြုံတွေ့နေကြရသည့် အခက်အခဲများနှင့်ပတ်သက်၍ ၎င်းတို့၏ သဘောထား အတွေးအမြင်များကို တွေ့ဆုံမေးမြန်းရေးသားလိုက်ရပါသည်။

**နိုင်ငံ့ဝန်ထမ်းတစ်ဦးဖြစ်သူ**
**ဦးထက်အာကာ (အမည်လွှဲ)**

ကျွန်တော်ကတော့ ကျန်းမာရေးဝန်ထမ်းတစ်ဦးပါ။ CDM လှုပ်ရှားမှုမှာ မပါဝင်ပါဘူး။ ကိုယ့်သဘောဆန္ဒအလျောက် တပ်မတော်ဆေးအဖွဲ့နဲ့ ပူးပေါင်းပြီး ကုသပေးနေပါတယ်။ အခုဆိုရင် CDM လှုပ်ရှားမှုဟာ နှစ်လဝန်းကျင်ဖြစ်လာပါပြီ။ အဲဒီလိုလုပ်ရပ်ဟာအစိုးရကို ထိခိုက်ဆုံးရှုံးသွားစေတဲ့ အခြေအနေမျိုးထက် အခြေခံပြည်သူတွေသာ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးအခက်အခဲတွေကို နေ့စဉ်ကြုံတွေ့ခံစားနေကြရတယ်။

ဒီလိုနေ့စဉ်ကြုံတွေ့နေကြရတဲ့အထဲမှာ ကျန်းမာရေးပြဿနာက အဆိုးဆုံးပဲလို့ပြောရမယ်။ ဘာဖြစ်လို့လဲဆိုတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာရှိတဲ့ တိုင်းရင်းသားပြည်သူတွေကို တပ်မတော်ဆေးရုံတွေနဲ့ ယာယီကုသရေးဆေးရုံတွေက ကုသပေးနေရတယ်။ လာရောက်ကုသမှုခံယူကြတဲ့ လူနာတွေထဲမှာ အကြီးစားခွဲစိတ်ကုသဖို့ လိုအပ်တဲ့ လူနာ ၄၈၅၁ ဦးနဲ့ အသေးစားခွဲစိတ်ဖို့လိုအပ်တဲ့ လူနာ ၂၈၆၂ ဦးကို ခွဲစိတ်ကုသပေးခဲ့ပြီး စိုးရိမ်ရတဲ့လူနာတွေကိုလည်း ပါရဂူတွေနဲ့ ဆေးမှူးတွေက အထူးကြပ်မတ် ကုသပေးနေပါတယ်။ ပြီးတော့ ကလေးမီးဖွားဖို့ အခက်အခဲဖြစ်နေတဲ့ မွေးလူနာတွေကိုလည်း တပ်မတော်ဆေးရုံအသီးသီးမှာ တက်ရောက်ကုသခွင့် ပြုထားပါတယ်။ ဒီအထဲမှာ ခွဲစိတ်ပြီးမွေးဖွားပေးတာက ၂၅၉၁ ဦးနဲ့ သဘာဝမွေးဖွားပေးတာက ၄၀၂၄ ဦး စုစုပေါင်း ၆၆၁၅ ဦးဖြစ်ပါတယ်။ ဒီစာရင်းတွေဟာ ဖေဖော်ဝါရီ ၅ ရက်ကနေ မတ် ၃၀ ရက်အထိဖြစ်တယ်လို့ သိရတယ်။

ပြောချင်တာက CDM မှာပါဝင်တဲ့ ကျန်းမာရေးဝန်ထမ်းတွေ လမ်းပေါ်ထွက် ဆန္ဒပြနေချိန်မှာ စစ်ဆေးရုံတွေမှာ လူနာတွေဆေးလာကုနေကြတယ်။ ပိုဆိုးတာက ခွဲစိတ်လူနာတွေကို ချုပ်ရိုးတန်းလန်းထားပြီး CDM ထလုပ်ကြလို့ ရောက်လာတဲ့လူနာတွေရှိသလို လမ်းမှာသေကြရတဲ့ လူနာတွေလည်းရှိတယ်။ နောက်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ တစ်နေ့ကိုပျမ်းမျှ ကလေးအယောက် ၁၂၀ ကျော်လောက် မွေးပေးနေရတယ်။ ဒီကလေးတွေကြီးလာရင်တော့ သူတို့မိဘတွေက သူ့သား၊ သမီးတွေကို အရပ်ဘက်ဆရာဝန်တွေက မမွေးပေးတာမို့ စစ်ဘက်ဆိုင်ရာဆရာဝန်တွေက မွေးပေးခဲ့တာလို့ အိမ်ရာဝင်ပုံပြင်သဖွယ် ပြောပြပေးမှာ သေချာတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကိုယ်လုပ်လိုက်တဲ့ လုပ်ရပ်တွေဟာ အစိုးရကို ထိခိုက်ဆုံးရှုံးသွားစေတာလား။ ဒါမှမဟုတ် အခြေခံပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်တွေကို ထိခိုက်ဆုံးရှုံးသွားစေတာလားဆိုတာကိုတော့ စဉ်းစားတွေးတောသင့်ပါတယ်။ CDM လက်နက်နဲ့ တိုက်ခိုက်တာကြောင့် ပြည်သူတွေသေသူသေ၊ ငိုသူငိုနဲ့ ဝမ်းနည်းပူဆွေး မှုတွေဖြစ်ရကာ ဒုက္ခပင်လယ်ဝေခဲ့ပါပြီ။ ဒါကြောင့်မို့ CDM လုပ်ရပ်ဟာ ဘယ်သူတွေကို ထိခိုက်စေသလဲဆိုတာတော့ ပြန်လည်သုံးသပ်ဖို့ အချိန်တန်ပါပြီလို့ပဲ ပြောပါရစေ။

**ပြည်သူတစ်ဦးဖြစ်သူ ဦးပေါက်ကြိုင်း (အမည်လွှဲ)**

ကျွန်တော့်နာမည်ကတော့ ဦးပေါက်ကြိုင်း (အမည်လွှဲ) ဖြစ်ပါတယ်၊ သာကေတမြို့နယ်မှာနေပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ လက်ရှိဖြစ်ပေါ်နေတဲ့ နိုင်ငံရေးအခြေအနေဟာ ငြိမ်းချမ်းစွာဆန္ဒပြရာကနေ ဆူပူအကြမ်းဖက်မှုတွေ၊ မင်းမဲ့စရိုက်ဆန်ဆန်အပြုအမူတွေ လုပ်ဆောင်လာတာ တွေ့မြင်နေရတော့ အတော်စိတ်မကောင်း ဖြစ်မိပါတယ်။ ပြီးတော့ နိုင်ငံပိုင်အဆောက်အအုံတွေ၊ ရဲစခန်းတွေ၊ အေးအေးချမ်းချမ်းနေထိုင်လိုတဲ့ ပြည်သူတွေရဲ့ နေအိမ်၊ အဆောက်အအုံတွေ၊ စက်ရုံ၊ အလုပ်ရုံတွေကို မီးရှို့ဖျက်ဆီး၊ စီးနင်းဝင်ရောက်ဖို့ ကြိုးပမ်းနေတာတွေဟာ ဥပဒေကို ချိုးဖောက်ရာကျလွန်းလှပါတယ်။ အခုဆိုရင် လက်နက်ကိုင် အကြမ်းဖက်လုပ်ရပ်တွေကို လုပ်လာကြပါပြီ။ ဒီလို အဓိပ္ပာယ်မဲ့လုပ်ရပ်တွေဟာ အေးအေးချမ်းချမ်းနေထိုင်လိုတဲ့ ပြည်သူတွေအတွက် စိတ်ဒုက္ခရောက်နေကြရသလို စိုးရိမ်ထိတ်လန့်နေကြရတယ်။

ဆူပူအကြမ်းဖက်သူတွေဟာ အကြောင်းမဲ့ မီးရှို့၊ ဖျက်ဆီး၊ သတ်ဖြတ်နေကြတာတွေဟာ နေ့စဉ်နဲ့အမျှ များသည်ထက် များများလာပါတယ်။ ပြီးခဲ့တဲ့ရက်ပိုင်းက စည်းမဲ့ကမ်းမဲ့ အကျည်းတန်အရုပ်ဆိုးအောင် လုပ်ဆောင်နေကြတဲ့ အမှိုက်သပိတ်ဆိုတာမျိုးဟာလည်း လုံးဝလက်သင့်ခံနိုင်စရာ မရှိပါဘူး။ ဒါတွေကို တာဝန်ရှိသူတွေအနေနဲ့ ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူစေချင်ပါတယ်။ အခုဆိုရင် CDM လှုပ်ရှားမှုဟာ နှစ်လလောက်ဖြစ်နေပြီဆိုတော့ ပြည်သူတွေရဲ့ စိုးရိမ်ပူပန်မှုတွေကလည်း မြင့်တက်နေပါတယ်။ ဒီလိုဆူပူအကြမ်းဖက်မှုတွေ၊ မင်းမဲ့စရိုက်ဆန်ဆန် အပြုအမူတွေနဲ့ ဥပဒေချိုးဖောက်မှုတွေကို တာဝန်ရှိသူတွေအနေနဲ့ အမြန်ဆုံးတားဆီးနိုင်ပါစေလို့ ဆုတောင်းနေရုံပဲရှိပါတော့တယ်။

**ပြည်သူတစ်ဦးဖြစ်သူ ဦးမောင်ပေ(အမည်လွှဲ)**

ကျွန်တော့်နာမည်ကတော့ ဦးမောင်ပေပါ။ မန္တလေးမှာနေပါတယ်။ ဒီမိုကရေစီကျင့်စဉ်အရ လူတိုင်းမှာ လွတ်လပ်စွာပြောဆိုခွင့်၊ လုပ်ကိုင်ခွင့်၊ နေထိုင်ခွင့် ရှိတယ်ဆိုပေမယ့် ကိုယ်နှင့် သဘောထားအယူအဆမတူသူကိုလည်း ဥပဒေမဲ့နှောင့်ယှက်၊ တားဆီး၊ ဖျက်ဆီး၊ အရှက်ခွဲတာတွေ လုပ်လို့မရပါဘူး။ လက်ရှိအချိန်မှာ ဒီမိုကရေစီ၊ ဒီမိုကရေစီလို့ နှုတ်ကကြုံးဝါးနေပေမယ့် ဆူပူအကြမ်းဖက်၊ မီးရှို့ဖျက်ဆီး၊ သတ်ဖြတ်၊ ခိုးဆိုးလုနှိုက်တွေကို အားပေးအားမြှောက်လုပ်နေကြသူတွေကိုလည်း တွေ့မြင်နေရတယ်။ နိုင်ငံတော်နဲ့သက်ဆိုင်တဲ့ တိုက်တာအဆောက်အအုံတွေနဲ့ ဈေးတွေ ဖျက်ဆီးခံရတယ်၊ မီးရှို့ခံလိုက်ရတယ်ဆိုရင် သူတို့တွေပျော်ရွှင်နေကြသလို တပ်မတော်သားတွေ၊ ရဲဝန်ထမ်းတွေနဲ့ CDM မှာမပါဝင်တဲ့ နိုင်ငံ့ဝန်ထမ်းတွေ ဒုက္ခရောက်နေကြရတယ်၊ အသက်အန္တရာယ်တွေ ထိခိုက်ခံနေရတယ်ဆိုရင်လည်း ပျော်ရွှင်နေကြပြန်တယ်။

ဒီလိုကိစ္စရပ်တွေကို အားပေးအားမြှောက် အဓိကသွေးဆူအောင်လုပ်နေတဲ့ ကလောင်တစ်ချောင်း အသုံးပြုနေသူအချို့ကို ပြောချင်ပါတယ်။ အဲဒီလူတချို့က လုံခြုံရေးတပ်ဖွဲ့ဝင်တွေကိုသာ ပုံကြီးချဲ့အပြစ်တင်၊ ဝေဖန်တိုက်ခိုက်ရေးသားနေတာတွေဟာ ပြည်သူတွေကို အန္တရာယ်ရှိတဲ့ ချောက်ကမ်းပါးထဲကို တွန်းပို့နေသလို ဖြစ်နေပါတယ်။ နိုင်ငံကိုဖျက်ဆီးပစ်နိုင်ဖို့နဲ့ တိုင်းရင်းသားညီအစ်ကို မောင်နှမအချင်းချင်း စည်းလုံးမှုပြိုကွဲစေဖို့ဆိုတာ ကလောင်တစ်ချောင်းရဲ့ အလိမ်အညာတွေက သေနတ်ပြောင်းဝကကျည်ဆန်ထက်ပိုပြီးတော့ လျင်မြန်ထက်မြက်တယ်ဆိုတာ သိသင့်ပါတယ်။ နိုင်ငံရေးလုပ်စားနေတဲ့ လူညာတွေရဲ့ မုသားစကားတွေကို ကလောင်တစ်ချောင်းနဲ့ အသက်သွင်းလိုက်တာဟာ ရိုးသားတဲ့ ပြည်သူတွေအားလုံး ဘေးဒုက္ခရောက်စေမယ့် စုံလုံးကန်းဘဝရောက်အောင် တွန်းပို့လိုက်တာနဲ့ အတူတူပဲလို့ ထင်ပါတယ်။ အဲဒီလို ကိစ္စရပ်တွေကို အားပေးအားမြှောက်နဲ့ ကိုယ်လိုရာပုံဖော်နေကြဦးမယ်ဆိုရင်တော့ ပို၍ပို၍ အသက်တွေ စတေးရတော့မယ်၊ စည်းစိမ်ဥစ္စာတွေဆုံးရှုံးရတော့မယ်၊ အဆောက်အအုံတွေ ပျက်စီးရတော့မယ်ဆိုတာ အသေအချာပါပဲ။ ဒီတော့ ရိုးသားတဲ့ပြည်သူတွေကို အန္တရာယ်ချောက်ကမ်းပါးထဲကို ပြုတ်မကျစေဖို့အရေး နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းလုပ်ဆောင်ပေးကြဖို့ သက်ဆိုင်သူအားလုံးကို တောင်းဆိုပါရစေခင်ဗျာ။

**တွေ့ဆုံမေးမြန်း - မောင်တူဖွား**

## တံခွန်တိုင်ရပ်ကွက် နံ့သာရပ်အတွင်း မီးလောင်မှုဖြစ်ပွားခဲ့သော မီးဘေးသင့်အိမ်ထောင်စုဝင်များအား ဆန်၊ ဆီ၊ အသင့်စားခေါက်ဆွဲခြောက်ထုပ်နှင့် အသုံးအဆောင်ပစ္စည်းများထောက်ပံ့

**မန္တလေး ဧပြီ ၂**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်ရပ်ကွက် နံ့သာရပ်၌ ဧပြီ ၁ ရက်က မီးလောင်မှုဖြစ်ပွားခဲ့ရာ ယနေ့ ညနေ ၃ နာရီတွင် အဆိုပါရပ်ကွက်ရှိ သာသနဝပါလဆွမ်းလောင်းအသင်းရုံးသို့ မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီးကျော်ကျော်မင်း၊ မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်း၊ ဦးသိန်းငွေ၊ ဦးယဉ်ထွေး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ သွားရောက်၍ တွေ့ဆုံအားပေး စကားပြောကြားပြီး မီးဘေးသင့် အိမ်ထောင်စုဝင်များအား ဆန်၊ ဆီ၊ အသင့်စား ခေါက်ဆွဲခြောက်နှင့် အသုံးအဆောင် ပစ္စည်းများ ထောက်ပံ့ပေးခဲ့သည်။

**ထောက်ပံ့ပေးအပ်**

အဆိုပါထောက်ပံ့မှုအစီအစဉ်တွင် မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီမှ မီးဘေးသင့် အိမ်ထောင်စု ၁၅၀ အတွက် ဆန် ခြောက်ပြည်ဝင်အိတ် ၁၅၀၊ ဆီ ၅၀ ကျပ်သား ဘူး ၁၅၀၊ အသင့်စားခေါက်ဆွဲခြောက်ထုပ် ကာတွန်း ၁၅၀၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ ၂၄ ပြည်ဝင်ဆန်အိတ် ၁၅၀ နှင့် မန္တလေးတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ မီးဘေးသင့် အိမ်ထောင်စု ၁၅၀ အတွက် ငွေကျပ် သိန်း ၈၀ ကျော်တန်ဖိုးရှိ အိမ်ဆောက်ပစ္စည်းနှင့် ဆန်ရိက္ခာဖိုး ငွေကျပ် သိန်း ၇၀ ကျော်တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်းတို့ကို ထောက်ပံ့ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



**ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကာကွယ်ရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

၂၀၂၁ ခုနှစ်၊ ဧပြီလ ၂ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ကြိမ်နှင့် အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် မဲရုံပေါင်း ၁၉၁ ရုံ | ၂၉၃၁၇၆ | ၁၉၉၇၉၁ | ၂၆၁၆၈ | ၂၉၈၈ | ၃၄၁၀၀ |
| ၂ | မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် မဲရုံပေါင်း ၂၀၄ ရုံ | ၁၁၅၂၃၂ | ၁၀၄၈၂၂ | ၁၀၀၄၁ | ၆၇၂ | ၁၁၅၃၂ |

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်တို့၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန်အခြေအနေများကိုလည်း သက်ဆိုင်ရာမြို့နယ်အလိုက် ယခင်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၂ မြို့နယ်တွင် မဲရုံပေါင်း ၃၉၅ ရုံ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၄၅၄၇၂၄ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၃၃၃၄၄၅၊ ကျန်ရှိရမည့်အရေအတွက်မှာ ၁၂၁၂၇၉၊ မြေပြင်လက်ကျန် ၁၀၇၇၀၃ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက် ၁၇၀၂၇ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၃၄၅၁ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင်အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်အလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | မြို့နယ် | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရှိရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | မုံရွာမြို့နယ် | ၁၉၁ | ၃၁၉၉၇၂ | ၂၃၇၁၇၈ | ၈၂၇၉၄ | ၇၄၂၁၄ | ၁၁၉၁၈ | ၃၃၃၈ |
| ၂ | တံတားဦးမြို့နယ် | ၂၀၄ | ၁၃၄၇၅၂ | ၉၆၂၆၇ | ၃၈၄၈၅ | ၃၃၄၈၉ | ၅၁၀၉ | ၁၁၃ |
| | စုစုပေါင်း | ၃၉၅ | ၄၅၄၇၂၄ | ၃၃၃၄၄၅ | ၁၂၁၂၇၉ | ၁၀၇၇၀၃ | ၁၇၀၂၇ | ၃၄၅၁ |

**မုံရွာမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်**

၅။ မြေပြင်စစ်ဆေးချက်များအရ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်တွင် ရပ်ကွက် ၃၁ ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၄ အုပ်စု၊ မဲရုံပေါင်း ၁၉၁ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ် အရေအတွက်မှာ ၃၁၉၉၇၂ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၂၃၇၁၇၈၊ ကျန်ရှိရမည့်အရေအတွက်မှာ ၈၂၇၉၄ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၇၄၂၁၄ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရှိရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၃၀၂၀၀၀ | ၂၃၅၇၇၈ | ၆၆၂၂၂ | ၅၇၆၄၂ | ၁၁၉၁၈ | ၃၃၃၈ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၁၄၀၀ | ၁၄၀၀ | | | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၁၆၅၇၂ | | ၁၆၅၇၂ | ၁၆၅၇၂ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၃၁၉၉၇၂ | ၂၃၇၁၇၈ | ၈၂၇၉၄ | ၇၄၂၁၄ | ၁၁၉၁၈ | ၃၃၃၈ |

၆။ မုံရွာမြို့နယ်၊ ရပ်ကွက် ၃၁ ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၄ အုပ်စုရှိ မဲရုံ ၁၉၁ ရုံတို့တွင် မဲလက်မှတ်အရေအတွက် ၁၁၉၁၈ ပျောက်ဆုံးနေပြီး မဲလက်မှတ် ၃၃၃၈ အပိုတွေ့ရှိရပါသည်။ ရန်ကင်းရပ်ကွက်၊ သလ္လာရပ်ကွက်နှင့် အခြားရပ်ကွက်/ကျေးရွာအုပ်စု ၂ ခုမှ သီးခြားလာရောက်အပ်နှံသော မဲလက်မှတ် ၁၅၀၈ စောင် စစ်ဆေးတွေ့ရှိရပါသည်။

၇။ မြေပြင်စစ်ဆေးခဲ့ရာတွင် ထူးခြားမှုအနေဖြင့် ဆန္ဒမဲလက်မှတ်လက်ခံဖြတ်ပိုင်း၌ ဆန္ဒမဲပေးသူ၏ အမည်၊ မဲစာရင်းအမှတ်စဉ်၊ မဲရုံအမှတ်၊ ရပ်ကွက်ကျေးရွာအမည် စသည်ဖြင့် ဖြည့်သွင်းရေးသားရမည်ဖြစ်သော်လည်း မုံရွေးကျေးရွာအုပ်စု မဲရုံအမှတ် (၂)တွင် ထိုသို့ ဖြည့်သွင်းရေးသားထားခြင်းမရှိသည့် ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်း ၁၉၇ စောင်ကို စစ်ဆေးတွေ့ရှိရပါသည်။

၈။ မုံရွာမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရှိရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရွှေပြည်အေးရပ်ကွက် | ၅၉၀၀ | ၄၃၉၇ | ၁၅၀၃ | ၇၀၃ | ၈၀၀ | |
| ၂ | ဗန္ဓုလရပ်ကွက် | ၇၂၅၀ | ၆၀၅၅ | ၁၁၉၅ | ၁၀၄၇ | ၁၄၈ | |
| ၃ | စစ်ပင်ရပ်ကွက် | ၅၀၅၀ | ၃၂၉၉ | ၁၇၅၁ | ၆၅၅ | ၁၀၉၆ | |
| ၄ | အလုံရပ်ကွက် | ၅၇၅၀ | ၄၂၅၆ | ၁၄၉၄ | ၁၂၄၆ | ၂၄၈ | |
| ၅ | အိုးဘိုတောင်ရပ်ကွက် | ၄၈၅၀ | ၃၇၁၀ | ၁၁၄၀ | ၁၀၆၀ | ၈၀ | |
| ၆ | မြို့သစ်ရပ်ကွက် | ၅၂၅၀ | ၃၈၆၈ | ၁၃၈၂ | ၃၈၂ | ၁၀၀၀ | |
| ၇ | ကျေးကြီးရပ်ကွက် | ၆၅၅၀ | ၅၁၀၅ | ၁၄၄၅ | ၁၅၃၃ | | ၈၈ |
| ၈ | အောင်ချမ်းသာရပ်ကွက် | ၈၀၀၀ | ၅၆၀၆ | ၂၃၉၄ | ၁၇၈၆ | ၆၀၈ | |
| ၉ | ကန်သာဦးရပ်ကွက် | ၅၁၀၀ | ၄၀၀၇ | ၁၀၉၃ | ၁၀၅၀ | ၄၃ | |
| ၁၀ | လယ်တီရပ်ကွက် | ၂၅၀၀ | ၂၀၂၇ | ၄၇၃ | ၄၇၃ | | |
| ၁၁ | ရတနာပုံရပ်ကွက် | ၅၄၅၀ | ၄၃၆၇ | ၁၀၈၃ | ၁၀၈၃ | | |
| ၁၂ | ချမ်းမြသာစည်ရပ်ကွက် | ၃၆၀၀ | ၂၈၂၇ | ၇၇၃ | ၇၂၃ | ၅၀ | |
| ၁၃ | ဘုန်းစိုးရပ်ကွက် | ၃၈၅၀ | ၃၀၉၄ | ၇၅၆ | ၇၆၄ | | ၈ |
| ၁၄ | သလ္လာရပ်ကွက် | ၉၄၀၀ | ၇၄၈၄ | ၁၉၁၆ | ၁၉၂၀ | | ၄ |
| ၁၅ | ချမ်းမြဝတီရပ်ကွက် | ၈၀၅၀ | ၆၁၅၇ | ၁၈၉၃ | ၂၂၄၃ | | ၃၅၀ |
| ၁၆ | ပြည်တော်သာရပ်ကွက် | ၄၃၅၀ | ၂၈၀၆ | ၁၅၄၄ | ၁၂၉၄ | ၂၅၀ | |
| ၁၇ | ဒေါနခြံရပ်ကွက် | ၄၆၀၀ | ၂၈၃၅ | ၁၇၆၅ | ၁၁၆၅ | ၆၀၀ | |
| ၁၈ | ရွှေဇလုပ်ရပ်ကွက် | ၃၆၅၀ | ၃၀၄၅ | ၆၀၅ | ၅၉၅ | ၁၀ | |
| ၁၉ | ဆူးလေကုန်းရပ်ကွက် | ၁၇၀၀ | ၁၄၄၂ | ၂၅၈ | ၂၅၈ | | |
| ၂၀ | ရုံးကြီးရပ်ကွက် | ၅၄၅၀ | ၄၂၆၄ | ၁၁၈၆ | ၄၈၆ | ၇၀၀ | |
| ၂၁ | ဘုရားကြီးရပ်ကွက် | ၂၆၀၀ | ၂၁၈၈ | ၄၁၂ | ၄၁၁ | ၁ | |
| ၂၂ | အောင်မင်္ဂလာရပ်ကွက် | ၂၄၀၀ | ၂၀၃၁ | ၃၆၉ | ၇၅ | ၂၉၄ | |
| ၂၃ | အလယ်ရပ်ကွက် | ၁၈၀၀ | ၁၄၉၉ | ၃၀၁ | ၃၀၁ | | |
| ၂၄ | မုံရွာတောင်ရပ်ကွက် | ၄၈၅၀ | ၃၈၂၀ | ၁၀၃၀ | ၆၃၈ | ၃၉၂ | |
| ၂၅ | အေးသာယာရပ်ကွက် | ၃၃၅၀ | ၂၇၄၅ | ၆၀၅ | ၅၉၅ | ၁၀ | |
| ၂၆ | မြဝတီရပ်ကွက် | ၁၃၃၅၀ | ၉၇၃၁ | ၃၆၁၉ | ၂၆၂၄ | ၉၉၅ | |
| ၂၇ | နန္ဒဝန်ရပ်ကွက် | ၁၆၃၀၀ | ၁၁၇၀၅ | ၄၅၉၅ | ၄၆၂၈ | | ၃၃ |
| ၂၈ | ထန်းတောရပ်ကွက် | ၁၂၀၅၀ | ၉၆၀၇ | ၂၄၄၃ | ၂၄၅၃ | | ၁၀ |
| ၂၉ | ရန်ကင်းရပ်ကွက် | ၇၀၀၀ | ၄၉၁၈ | ၂၀၈၂ | ၉၇၇ | ၁၁၀၅ | |
| ၃၀ | နတ်လူထိပ်ပန်ရပ်ကွက် | ၇၂၀၀ | ၅၆၂၄ | ၁၅၇၆ | ၁၃၆၀ | ၂၁၆ | |
| ၃၁ | စက်မှုဇုန်ရပ်ကွက် | ၆၃၅၀ | ၅၀၃၃ | ၁၃၁၇ | ၁၃၁၁ | ၆ | |
| ၃၂ | ကျွဲရဲကျေးရွာအုပ်စု | ၅၀၅၀ | ၃၇၄၄ | ၁၃၀၆ | ၉၀၆ | ၄၀၀ | |
| ၃၃ | ကော်လပြကျေးရွာအုပ်စု | ၁၅၀၀ | ၁၀၇၈ | ၄၂၂ | ၁၂၂ | ၃၀၀ | |
| ၃၄ | ဖန်းခါးကျင်းကျေးရွာအုပ်စု | ၂၂၀၀ | ၁၃၈၀ | ၈၂၀ | ၃၇၀ | ၄၅၀ | |
| ၃၅ | ပလ္လင်ကုန်းကျေးရွာအုပ်စု | ၂၃၅၀ | ၁၇၄၆ | ၆၀၄ | ၄၀၄ | ၂၀၀ | |
| ၃၆ | ကြိုးကြာကန်ကျေးရွာအုပ်စု | ၁၁၅၀ | ၆၈၃ | ၄၆၇ | ၃၅၅ | ၁၁၂ | |
| ၃၇ | မရိုးတောကျေးရွာအုပ်စု | ၁၁၀၀ | ၉၂၀ | ၁၈၀ | ၁၇၀ | ၁၀ | |
| ၃၈ | ခိုးသန်းကျေးရွာအုပ်စု | ၉၅၀ | ၈၉၂ | ၅၈ | ၅၈ | | |
| ၃၉ | ကျောက်စစ်ပုံ(တ)ကျေးရွာအုပ်စု | ၉၅၀ | ၇၈၄ | ၁၆၆ | ၆၆ | ၁၀၀ | |
| ၄၀ | တဲကြီးကုန်းကျေးရွာအုပ်စု | ၈၅၀ | ၇၆၃ | ၈၇ | ၈၇ | | |
| ၄၁ | ကံပြားကျေးရွာအုပ်စု | ၁၄၅၀ | ၁၂၂၀ | ၂၃၀ | ၂၃၀ | | |
| ၄၂ | သာစည်ကျေးရွာအုပ်စု | ၂၄၀၀ | ၂၀၉၁ | ၃၀၉ | ၃၀၉ | | |
| ၄၃ | အင်တိုင်းကျေးရွာအုပ်စု | ၁၇၀၀ | ၁၅၀၆ | ၁၉၄ | ၁၄၄ | ၅၀ | |
| ၄၄ | မြင်းမီးလောင်ကျေးရွာအုပ်စု | ၁၁၀၀ | ၉၈၉ | ၁၁၁ | ၁၁၁ | | |
| ၄၅ | ကျောင်းကုန်းကျေးရွာအုပ်စု | ၂၅၀၀ | ၁၉၂၀ | ၅၈၀ | ၅၈၀ | | |
| ၄၆ | ကျောက္ကာ(မ)ကျေးရွာအုပ်စု | ၃၂၀၀ | ၂၆၉၃ | ၅၀၇ | ၅၀၇ | | |
| ၄၇ | ရောင်တော်ထုံးကျေးရွာအုပ်စု | ၂၁၅၀ | ၁၈၄၆ | ၃၀၄ | ၃၀၄ | | |
| ၄၈ | ရေကန်စုကျေးရွာအုပ်စု | ၁၁၅၀ | ၉၄၈ | ၂၀၂ | ၅၂ | ၁၅၀ | |
| ၄၉ | ထနောင်းဝင်းကျေးရွာအုပ်စု | ၁၁၅၀ | ၉၈၀ | ၁၇၀ | ၁၇၀ | | |
| ၅၀ | ရွာတံကျေးရွာအုပ်စု | ၁၈၀၀ | ၁၄၆၃ | ၃၃၇ | ၃၃၇ | | |

စာမျက်နှာ ၁၉ သို့ »»

»» စာမျက်နှာ ၁၈ မှ

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၅၁ | ဒါန်းပင်တဲကျေးရွာအုပ်စု | ၁၅၅၀ | ၁၃၆၁ | ၁၈၉ | ၂၉၁ | | ၁၀၂ |
| ၅၂ | ဘူးတောင်းကန်ကျေးရွာအုပ်စု | ၉၀၀ | ၇၇၀ | ၁၃၀ | ၁၃၀ | | |
| ၅၃ | ဇီးကျွန်းကျေးရွာအုပ်စု | ၃၃၀၀ | ၂၈၂၀ | ၄၈၀ | ၄၈၀ | | |
| ၅၄ | ညောင်ပင်ကျေးရွာအုပ်စု | ၁၇၀၀ | ၁၃၃၅ | ၃၆၅ | ၄၂၃ | | ၅၈ |
| ၅၅ | ကျောက်စစ်ပုံ(မ)ကျေးရွာအုပ်စု | ၁၀၀၀ | ၇၉၉ | ၂၀၁ | ၂၀၁ | | |
| ၅၆ | ကျောက္ကာ(တ)ကျေးရွာအုပ်စု | ၁၈၅၀ | ၁၅၅၇ | ၂၉၃ | ၂၉၃ | | |
| ၅၇ | တောင်မာတောကျေးရွာအုပ်စု | ၁၄၅၀ | ၈၆၆ | ၅၈၄ | ၅၈၄ | | |
| ၅၈ | လယ်ဇင်ကျေးရွာအုပ်စု | ၅၄၅၀ | ၄၃၁၇ | ၁၁၃၃ | ၁၀၃၂ | ၁၀၁ | |
| ၅၉ | တောင်ကြားကျေးရွာအုပ်စု | ၂၄၀၀ | ၂၃၉၅ | ၅ | ၆၅၅ | | ၆၅၀ |
| ၆၀ | သက္ကယ်ကျင်းကျေးရွာအုပ်စု | ၂၈၀၀ | ၂၅၄၅ | ၂၅၅ | ၂၆၇ | | ၁၂ |
| ၆၁ | ခတက္ကန်(မ)ကျေးရွာအုပ်စု | ၂၄၀၀ | ၁၈၆၀ | ၅၄၀ | ၄၉၂ | ၄၈ | |
| ၆၂ | ခတက္ကန်(တ)ကျေးရွာအုပ်စု | ၂၅၀၀ | ၁၉၇၀ | ၅၃၀ | ၅၂၉ | ၁ | |
| ၆၃ | ကျီးအုပ်ကျေးရွာအုပ်စု | ၂၁၀၀ | ၁၈၁၃ | ၂၈၇ | ၂၈၇ | | |
| ၆၄ | မုံရွေးကျေးရွာအုပ်စု | ၄၉၀၀ | ၃၉၃၇ | ၉၆၃ | ၅၆၃ | ၄၀၀ | |
| ၆၅ | ကြေးမုံကျေးရွာအုပ်စု | ၂၅၀၀ | ၂၀၇၁ | ၄၂၉ | ၄၂၉ | | |
| ၆၆ | ပုရစ်ကုန်းကျေးရွာအုပ်စု | ၃၆၀၀ | ၂၉၂၂ | ၆၇၈ | ၄၂၈ | ၂၅၀ | |
| ၆၇ | မင်းရွာကျေးရွာအုပ်စု | ၂၈၅၀ | ၂၄၈၅ | ၃၆၅ | ၃၆၈ | | ၃ |
| ၆၈ | ဆည်ကြီးတောကျေးရွာအုပ်စု | ၃၃၀၀ | ၂၅၆၂ | ၇၃၈ | ၇၄၂ | | ၄ |
| ၆၉ | အောင်သာကျေးရွာအုပ်စု | ၂၂၀၀ | ၁၉၈၁ | ၂၁၉ | ၂၆၉ | | ၅၀ |
| ၇၀ | မအူကျေးရွာအုပ်စု | ၃၂၅၀ | ၂၈၁၉ | ၄၃၁ | ၄၈၁ | | ၅၀ |
| ၇၁ | မြေနဲကျေးရွာအုပ်စု | ၂၀၀၀ | ၁၆၆၀ | ၃၄၀ | ၃၉၀ | | ၅၀ |
| ၇၂ | ဘုဘကျေးရွာအုပ်စု | ၂၁၀၀ | ၁၆၅၉ | ၄၄၁ | ၄၄၁ | | |
| ၇၃ | ထနောင်းတောကျေးရွာအုပ်စု | ၂၆၅၀ | ၂၃၀၁ | ၃၄၉ | ၃၄၉ | | |
| ၇၄ | ကိုးရှင်းကျွန်းကျေးရွာအုပ်စု | ၁၄၀၀ | ၁၁၇၅ | ၂၂၅ | ၂၂၅ | | |
| ၇၅ | ဆူးလေကုန်းကျေးရွာအုပ်စု | ၇၅၀ | ၆၁၀ | ၁၄၀ | ၁၄၀ | | |
| ၇၆ | ကျွန်းရွာသစ်ကျေးရွာအုပ်စု | ၁၅၅၀ | ၁၁၅၃ | ၃၉၇ | ၉၃ | ၃၀၄ | |
| ၇၇ | ပေါက်ပင်ကျေးရွာအုပ်စု | ၂၇၅၀ | ၂၃၅၁ | ၃၉၉ | ၄၄၉ | | ၅၀ |
| ၇၈ | ညောင်ဖြူပင်ကျေးရွာအုပ်စု | ၄၃၅၀ | ၃၃၈၄ | ၉၆၆ | ၁၁၂၀ | | ၁၅၄ |
| ၇၉ | ကျွန်းကြီးကျေးရွာအုပ်စု | ၁၄၀၀ | ၁၁၉၇ | ၂၀၃ | ၃ | ၂၀၀ | |
| ၈၀ | သစ်ဆိမ့်ကျေးရွာအုပ်စု | ၂၅၀၀ | ၁၈၆၉ | ၆၃၁ | ၅၃၂ | ၉၉ | |
| ၈၁ | ဘုမ္မနိုးကျေးရွာအုပ်စု | ၂၁၅၀ | ၁၅၂၇ | ၆၂၃ | ၆၂၃ | | |
| ၈၂ | ပုဏ္ဏားမော်ကျေးရွာအုပ်စု | ၁၃၅၀ | ၈၈၉ | ၄၆၁ | ၅၆၁ | | ၁၀၀ |
| ၈၃ | တောပုကျေးရွာအုပ်စု | ၂၄၀၀ | ၂၀၀၇ | ၃၉၃ | ၄၄၇ | | ၅၄ |
| ၈၄ | ကျုံပိုင်ကျေးရွာအုပ်စု | ၂၄၅၀ | ၂၀၉၃ | ၃၅၇ | ၃၅၆ | ၁ | |
| ၈၅ | နတ်ကြီးကျွန်းကျေးရွာအုပ်စု | ၁၉၅၀ | ၁၅၂၀ | ၄၃၀ | ၃၄၀ | ၉၀ | |
| သီးခြားအပ်နှံသည့်မဲလက်မှတ် | | | | | ၁၅၀၈ | | ၁၅၀၈ |
| မဲရုံ+ရပ်ကျေးပေါင်း | | ၃၀၂၀၀၀ | ၂၃၅၇၇၈ | ၆၆၂၂၂ | ၅၇၆၄၂ | ၁၁၉၁၈ | ၃၃၃၈ |
| မြို့နယ်ကြိုတင်မဲလက်မှတ် | | ၁၄၀၀ | ၁၄၀၀ | | | | |
| မြို့နယ်အရန်လက်ကျန်မဲလက်မှတ် | | ၁၆၅၇၂ | | ၁၆၅၇၂ | ၁၆၅၇၂ | | |
| မြို့နယ်ချုပ်စုစုပေါင်း | | ၃၁၉၉၇၂ | ၂၃၇၁၇၈ | ၈၂၇၉၄ | ၇၄၂၁၄ | ၁၁၉၁၈ | ၃၃၃၈ |

**တံတားဦးမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်**

၉။ မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်တွင် ရပ်ကွက် ၃ ရပ်ကွက်၊ ကျေးရွာအုပ်စု ၆၁ အုပ်စု၊ မဲရုံပေါင်း ၂၀၄ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက် ၁၃၄၇၅၂ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၉၆၂၆၇၊ ကျန်ရှိရမည့် အရေအတွက်မှာ ၃၈၄၈၅ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၃၃၄၈၉ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၁၃၂၂၅၆ | ၉၅၉၇၇ | ၃၆၂၇၉ | ၃၁၂၈၃ | ၅၁၀၉ | ၁၁၃ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၂၉၀ | ၂၉၀ | | | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၂၂၀၆ | | ၂၂၀၆ | ၂၂၀၆ | | |
| | စုစုပေါင်း | ၁၃၄၇၅၂ | ၉၆၂၆၇ | ၃၈၄၈၅ | ၃၃၄၈၉ | ၅၁၀၉ | ၁၁၃ |

၁၀။ မြေပြင်စစ်ဆေးတွေ့ရှိချက်အရ တံတားဦးမြို့နယ်၊ ရပ်ကွက် ၃ ရပ်ကွက်၊ ကျေးရွာအုပ်စု ၆၁ အုပ်စု မဲရုံပေါင်း ၂၀၄ ရုံတွင် မဲလက်မှတ်အရေအတွက် ၅၁၀၉ ပျောက်ဆုံးနေပြီး ၁၁၃ စောင် ပိုနေသည်ကို စိစစ်တွေ့ရှိရပါသည်။ မြို့နယ်ကြိုတင်မဲလက်မှတ် ၂၉၀ ကို အသုံးပြုထားပြီး ၂၂၀၆ စောင်အား မြို့နယ်လက်ကျန်အဖြစ် ထိန်းသိမ်းထားရှိသည်ကို တွေ့ရှိရပါသည်။

၁၁။ မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်/ ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | အမှတ်(၁)ရပ်ကွက် | ၆ | ၃၆၀၀ | ၂၁၇၉ | ၁၄၂၁ | ၁၁၂၁ | ၃၀၀ | |
| ၂ | အောင်သာကျေးရွာအုပ်စု | ၃ | ၂၅၅၀ | ၂၀၀၆ | ၅၄၄ | ၅၂၉ | ၁၅ | |
| ၃ | ချောင်းခွကျေးရွာအုပ်စု | ၅ | ၃၉၀၀ | ၃၀၆၈ | ၈၃၂ | ၈၃၀ | ၂ | |
| ၄ | ချောင်းဆုံကျေးရွာအုပ်စု | ၃ | ၁၉၅၀ | ၁၄၂၉ | ၅၂၁ | ၃၇၁ | ၁၅၀ | |
| ၅ | အင်ကန်ကျေးရွာအုပ်စု | ၅ | ၃၆၀၀ | ၂၇၇၄ | ၈၂၆ | ၈၂၄ | ၂ | |
| ၆ | ငွေးဆောင်ကျေးရွာအုပ်စု | ၅ | ၂၄၅၀ | ၁၈၈၆ | ၅၆၄ | ၅၆၄ | | |
| ၇ | ကဘိုကျေးရွာအုပ်စု | ၂ | ၁၀၀၀ | ၇၁၂ | ၂၈၈ | ၂၈၅ | ၃ | |
| ၈ | ကြပ်ပြင်ကျေးရွာအုပ်စု | ၃ | ၁၅၅၀ | ၁၁၁၀ | ၄၄၀ | ၃၄၀ | ၁၀၀ | |
| ၉ | ကျစွယ်ကျေးရွာအုပ်စု | ၂ | ၁၄၅၀ | ၁၀၅၃ | ၃၉၇ | ၂၄၇ | ၁၅၀ | |
| ၁၀ | လဝကဲကျေးရွာအုပ်စု | ၁ | ၉၀၀ | ၆၄၇ | ၂၅၃ | ၂၅၃ | | |
| ၁၁ | ကန်ချောရွာကျေးရွာအုပ်စု | ၅ | ၂၉၀၀ | ၂၀၆၅ | ၈၃၅ | ၄၈၅ | ၃၅၀ | |
| ၁၂ | မြင်သာရွာကျေးရွာအုပ်စု | ၂ | ၁၃၅၀ | ၉၇၇ | ၃၇၃ | ၃၇၃ | | |
| ၁၃ | မြင်းစိုင်းကျေးရွာအုပ်စု | ၄ | ၂၁၅၆ | ၁၅၉၃ | ၅၆၃ | ၄၁၂ | ၁၅၁ | |
| ၁၄ | ရွှေမိုးမြေကျေးရွာအုပ်စု | ၃ | ၁၆၅၀ | ၁၂၄၈ | ၄၀၂ | ၄၀၂ | | |
| ၁၅ | ဇောင်ရိုင်းကျေးရွာအုပ်စု | ၂ | ၁၀၀၀ | ၇၉၆ | ၂၀၄ | ၁၅၄ | ၅၀ | |
| ၁၆ | နွားတော်ကုန်းကျေးရွာအုပ်စု | ၂ | ၁၄၀၀ | ၁၁၀၈ | ၂၉၂ | ၂၉၂ | | |
| ၁၇ | နွားခြံကြီးကုန်းကျေးရွာအုပ်စု | ၅ | ၃၁၀၀ | ၂၀၄၅ | ၁၀၅၅ | ၁၀၅၅ | | |
| ၁၈ | ပန်းယျကျေးရွာအုပ်စု | ၂ | ၁၄၀၀ | ၉၀၄ | ၄၉၆ | ၃၄၆ | ၁၅၀ | |
| ၁၉ | ပျားကျေးရွာအုပ်စု | ၄ | ၂၄၅၀ | ၁၈၂၅ | ၆၂၅ | ၄၇၄ | ၁၅၁ | |
| ၂၀ | စကားအင်းကျေးရွာအုပ်စု | ၅ | ၃၆၀၀ | ၂၈၂၁ | ၇၇၉ | ၃၂၉ | ၄၅၀ | |
| ၂၁ | စပါးတွင်းကျေးရွာအုပ်စု | ၃ | ၂၃၅၀ | ၁၂၆၂ | ၁၀၈၈ | ၇၃၈ | ၃၅၀ | |
| ၂၂ | သဲမောင်းကန်ကျေးရွာအုပ်စု | ၄ | ၂၉၅၀ | ၂၁၅၀ | ၈၀၀ | ၄၃၉ | ၃၆၁ | |
| ၂၃ | သားများဘကျေးရွာအုပ်စု | ၂ | ၁၄၀၀ | ၉၉၁ | ၄၀၉ | ၂၅၇ | ၁၅၂ | |
| ၂၄ | ထန်းလုံးတပ်ကျေးရွာအုပ်စု | ၃ | ၁၈၀၀ | ၁၁၇၂ | ၆၂၈ | ၅၂၈ | ၁၀၀ | |
| ၂၅ | သိန်းနီကန်ကျေးရွာအုပ်စု | ၅ | ၃၆၅၀ | ၂၂၀၆ | ၁၄၄၄ | ၅၄၄ | ၉၀၀ | |
| ၂၆ | သင်းတဲမ်းကျေးရွာအုပ်စု | ၅ | ၃၀၅၀ | ၂၃၃၅ | ၇၁၅ | ၆၁၂ | ၁၀၃ | |
| ၂၇ | ဝမ်းသာကုန်းကျေးရွာအုပ်စု | ၂ | ၁၄၀၀ | ၁၀၅၂ | ၃၄၈ | ၂၄၈ | ၁၀၀ | |
| ၂၈ | ရေခါးကျေးရွာအုပ်စု | ၃ | ၁၄၀၀ | ၁၀၀၅ | ၃၉၅ | ၂၉၅ | ၁၀၀ | |
| ၂၉ | ဇီးချောင်းကျေးရွာအုပ်စု | ၄ | ၂၈၀၀ | ၁၉၆၃ | ၈၃၇ | ၇၉၀ | ၄၇ | |
| ၃၀ | အမှတ်(၂)ရပ်ကွက် | ၂ | ၁၂၀၀ | ၈၅၁ | ၃၄၉ | ၂၉၉ | ၅၀ | |
| ၃၁ | အမှတ်(၃)ရပ်ကွက် | ၄ | ၂၈၀၀ | ၂၀၄၅ | ၇၅၅ | ၇၅၂ | ၃ | |
| ၃၂ | ဘလှဲဘကျေးရွာအုပ်စု | ၆ | ၄၃၅၀ | ၃၃၀၃ | ၁၀၄၇ | ၈၉၂ | ၁၅၅ | |
| ၃၃ | ငွေးကုန်းကျေးရွာအုပ်စု | ၂ | ၁၅၀၀ | ၁၀၉၂ | ၄၀၈ | ၄၀၃ | ၅ | |
| ၃၄ | ခေါင်းကွဲကျေးရွာအုပ်စု | ၃ | ၁၉၀၀ | ၁၁၆၁ | ၇၃၉ | ၇၀၀ | ၃၉ | |
| ၃၅ | ဟံသာဝတီကျေးရွာအုပ်စု | ၃ | ၂၆၅၀ | ၁၉၃၀ | ၇၂၀ | ၇၂၂ | | ၂ |
| ၃၆ | ထနောင်းကိုင်းကျေးရွာအုပ်စု | ၃ | ၂၀၅၀ | ၁၅၂၀ | ၅၃၀ | ၅၂၉ | ၁ | |
| ၃၇ | အင်းကူးကျေးရွာအုပ်စု | ၃ | ၂၃၅၀ | ၁၇၀၁ | ၆၄၉ | ၆၀၁ | ၄၈ | |
| ၃၈ | ကူးတို့ဆိပ်ကျေးရွာအုပ်စု | ၄ | ၂၁၅၀ | ၁၄၇၉ | ၆၇၁ | ၆၇၁ | | |
| ၃၉ | ကန်ကြီးကျေးရွာအုပ်စု | ၂ | ၁၃၅၀ | ၉၃၅ | ၄၁၅ | ၅၁၆ | | ၁၀၁ |
| ၄၀ | လက်ဆောင်ယူကျေးရွာအုပ်စု | ၃ | ၂၁၅၀ | ၁၅၇၁ | ၅၇၉ | ၅၇၉ | | |
| ၄၁ | လက်ပန်ဇင်ကျေးရွာအုပ်စု | ၃ | ၁၇၅၀ | ၁၃၁၂ | ၄၃၈ | ၃၉၀ | ၄၈ | |
| ၄၂ | လိန်ကုန်းကျေးရွာအုပ်စု | ၂ | ၁၂၅၀ | ၉၈၆ | ၂၆၄ | ၂၆၄ | | |
| ၄၃ | မီးသွေးတိုက်ကျေးရွာအုပ်စု | ၅ | ၂၂၀၀ | ၁၇၅၄ | ၄၄၆ | ၄၂၆ | ၂၀ | |
| ၄၄ | မြင်းသည်ကျေးရွာအုပ်စု | ၃ | ၂၂၅၀ | ၁၈၀၃ | ၄၄၇ | ၄၄၇ | | |
| ၄၅ | မြေငူကျေးရွာအုပ်စု | ၅ | ၂၉၅၀ | ၂၁၀၇ | ၈၄၃ | ၈၄၂ | ၁ | |
| ၄၆ | မိုးနံ့ခြံကျေးရွာအုပ်စု | ၃ | ၂၂၅၀ | ၁၉၄၅ | ၃၀၅ | ၃၀၃ | ၂ | |
| ၄၇ | ငါးရာပြားကျေးရွာအုပ်စု | ၂ | ၉၀၀ | ၆၅၁ | ၂၄၉ | ၂၄၇ | ၂ | |
| ၄၈ | ပြုကန်ကျေးရွာအုပ်စု | ၂ | ၁၁၀၀ | ၇၇၄ | ၃၂၆ | ၃၂၆ | | |
| ၄၉ | ပေါက်မြိုင်ကျေးရွာအုပ်စု | ၃ | ၁၉၅၀ | ၁၅၁၈ | ၄၃၂ | ၄၂၉ | ၃ | |
| ၅၀ | ဆင်တဲကျေးရွာအုပ်စု | ၃ | ၁၆၅၀ | ၁၂၀၇ | ၄၄၃ | ၄၅၃ | | ၁၀ |
| ၅၁ | စကားတဲကျေးရွာအုပ်စု | ၂ | ၁၆၅၀ | ၁၂၉၉ | ၃၅၁ | ၃၄၈ | ၃ | |

စာမျက်နှာ ၂၀ သို့ »»

# နိုင်ငံတော်သြဝါဒါစရိယဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ (အဘိဓဇမဟာရဋ္ဌဂုရု) ပျံလွန်တော်မူ

နေပြည်တော် မေ ၂

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့၊ အမှတ်(၁၀)ရပ်ကွက်၊ မဟာဝိဇိတာရုံဆင်ဖြူကျွန်းကျောင်းတိုက်၏ ပဓာနနာယက၊ နိုင်ငံတော်သြဝါဒါစရိယဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ (အဘိဓဇမဟာရဋ္ဌဂုရု) မဟာထေရ်မြတ်ကြီးသည် သက်တော်(၈၇)နှစ်၊ သိက္ခာတော် (၆၇)ဝါအရ ၁၃၈၂-ခုနှစ်၊ တပေါင်းလပြည့်ကျော်(၆)ရက်၊ (၂-၅-၂၀၂၁)၊ သောကြာနေ့၊ နံနက်(၁၁:၂၀)နာရီအချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ သတင်းစဉ်

---

## နိုင်ငံတော်သြဝါဒါစရိယ မကွေးတိုင်းဒေသကြီး၊ ချောက်မြို့၊ အမှတ် (၁၀)ရပ်ကွက်၊ မဟာဝိဇိတာရုံဆင်ဖြူကျွန်းကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ (အဘိဓဇမဟာရဋ္ဌဂုရု)၏ ထေရုပ္ပတ္တိအကျဉ်း



### ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ တောင်ပိုကြီးကျေးရွာ ခမည်းတော် ဦးကြာငြိမ်း၊ မယ်တော် ဒေါ်စိန်ဆင့်တို့မှ ၁၂၉၆-ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၂)ရက်၊ အင်္ဂါနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

### ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၃၀၈-ခုနှစ်တွင် စလင်းမြို့နယ်၊ ကျပင်းကျေးရွာ၊ ကျပင်းမြောက်ကျောင်းဆရာတော် ဘဒ္ဒန္တကောသလ္လကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ရောက်ရှိခဲ့ပြီး ၁၃၁၆-ခုနှစ်၊ ဝါဆိုလဆန်း (၈)ရက်နေ့တွင် ကျပင်းကျေးရွာ၊ ကျပင်းမြောက်ကျောင်းခဏ္ဍသိမ်၌ ဆရာတော် ဘဒ္ဒန္တနရိန္ဒကို ဥပဇ္ဈာယ်ပြု၍ ဦးဖိုးခ+ဒေါ်သေးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

### ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်သည် စလင်းမြို့နယ်၊ ကျပင်းကျေးရွာ၊ ကျပင်းမြောက်ကျောင်းဆရာတော် ဘဒ္ဒန္တကောသလ္လနှင့် စာချဆရာတော်များ၊ ဆင်ဖြူကျွန်းမြို့၊ မဟာဝိဇယာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တနန္ဒာဘိဝံသနှင့် စာချဆရာတော်များ၊ မန္တလေးမြို့၊ ခင်မကန်ကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒိမာဘိဝံသနှင့် စာချဆရာတော်များ၊ ပခုက္ကူမြို့၊ မဟာဝိဇယာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဇဝန၊ ဘဒ္ဒန္တဇောတိက၊ ဘဒ္ဒန္တဉာဏိန္ဒနှင့် စာချဆရာတော်များထံတွင် ပရိယတ္တိစာပေများကို ဆည်းပူးတော်မူခဲ့ပါသည်။

### သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် မြို့နယ်သံဃနာယကအဖွဲ့ဝင်/အကျိုးတော်ဆောင်/ဥက္ကဋ္ဌ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ချောက်မြို့နယ်လုံးဆိုင်ရာ သာသနာ့ဝေပုလ္လဆွမ်းလောင်းအသင်းကြီးနှင့် မဟာအေးစေတီဂေါပကအဖွဲ့တို့၏ သြဝါဒါစရိယ၊ ပါဠိပထမပြန်စာမေးပွဲသြဝါဒါစရိယ၊ ၂၀၁၆-ခုနှစ်မှ ယနေ့အထိ နိုင်ငံတော်သြဝါဒါစရိယဆရာတော်အဖြစ် ထမ်းဆောင်တော်မူခဲ့ပါသည်။

### ဘွဲ့တံဆိပ်အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သောဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူသော သာသနဓုရာဝဟဂုဏ်၊ အဂ္ဂမဟာပဏ္ဍိတလဒ္ဓလဥ္ဆနဂုဏ်၊ ရဋ္ဌညျမဟာနာယကဂုဏ်၊ ပိဋကတ္တယဆောကဂုဏ်၊ လဇ္ဇီပေသလသိက္ခာကာမဂုဏ်စသည်တို့နှင့် ပြည့်စုံတော်မူသောကြောင့် ဆရာတော်ကြီးအား ၂၀၁၇-ခုနှစ်တွင် နိုင်ငံတော်အစိုးရက "အဘိဓဇမဟာရဋ္ဌဂုရု" **ဘွဲ့တံဆိပ်တော်မြတ်**ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၈၇)နှစ်၊ သိက္ခာတော် (၆၇)ဝါအရ ၁၃၈၂-ခုနှစ်၊ တပေါင်းလပြည့်ကျော်(၆) ရက်၊ (၂-၅-၂၀၂၁)၊ သောကြာနေ့ နံနက် (၁၁:၂၀) နာရီအချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။


# နိုင်ငံတော်သြဝါဒါစရိယဆရာတော် ဘဒ္ဒန္တဓမ္မပါလာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ပျံလွန်တော်မူ

နေပြည်တော် မေ ၂

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ ကြက်မင်းတွန်ရပ်ကွက်၊ ရတနာရုံသီမဟာရွှေစေတီပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက၊ နိုင်ငံတော်သြဝါဒါစရိယဆရာတော် ဘဒ္ဒန္တဓမ္မပါလာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) မဟာထေရ်မြတ်ကြီးသည် သက်တော်(၇၅)နှစ်၊ သိက္ခာတော် (၅၄)ဝါအရ ၁၃၈၂-ခုနှစ်၊ တပေါင်းလပြည့်ကျော်(၆)ရက်၊ (၂-၅-၂၀၂၁)၊ သောကြာနေ့၊ နံနက်(၀၀:၁၅)နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ သတင်းစဉ်

---

## နိုင်ငံတော်သြဝါဒါစရိယ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ ကြက်မင်းတွန်ရပ်ကွက်၊ ရတနာရုံသီမဟာရွှေစေတီပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တဓမ္မပါလာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၏ ထေရုပ္ပတ္တိအကျဉ်း



### ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်၊ ဇီးတောကြီးစံပြကျေးရွာ၊ ခမည်းတော် ဦးမဲ၊ မယ်တော် ဒေါ်မယ်မေတို့မှ ၁၃၀၈-ခုနှစ်၊ ဝါဆိုလဆန်း(၈)ရက်၊ စနေနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

### ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၃၂၁-ခုနှစ်၊ ဝါဆိုလဆန်း (၁၄) ရက်၊ ဇီးတောကြီးစံပြကျေးရွာ ဆရာတော် ဘဒ္ဒန္တနန္ဒကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၂၈-ခုနှစ်၊ တန်ခူးလပြည့်ကျော် (၁၃)ရက်နေ့တွင် ဇီးတောကြီးစံပြကျေးရွာ ခဏ္ဍသိမ်၌ ဆရာတော်ဘဒ္ဒန္တနန္ဒကို ဥပဇ္ဈာယ်ပြု၍ ဦးသာပု+ဒေါ်သဲနုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

### ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်သည် ဘုတလင်မြို့နယ်၊ ဇီးတောကြီးစံပြကျေးရွာ၊ သာသနာရုံသီကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒ၊ မန္တလေးမြို့၊ တောင်သမန်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တတိလောက၊ ညောင်ရမ်းတိုက် ဆရာတော် ဘဒ္ဒန္တဉာဏာဘိဝံသ၊ မိုးတားကျောင်းဆရာတော် ဘဒ္ဒန္တသုရိယာဘိဝံသ၊ မြတောင်တိုက် ဆရာတော် ဘဒ္ဒန္တကေလာသာဘိဝံသ တို့ထံတွင် ပရိယတ္တိစာပေများကို ဆည်းပူးတော်မူခဲ့ပါသည်။

### သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ၁၉၈၆ မှ ၁၉၉၅ ခုနှစ်အထိ နိုင်ငံတော်ပညာရေးဗဟိုအဖွဲ့ဝင်အဖြစ် လည်းကောင်း၊ ၁၉၉၆ မှ ၂၀၀၉ ခုနှစ်အထိ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖြစ် လည်းကောင်း၊ ၂၀၁၀ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်အဖြစ် လည်းကောင်း၊ ၂၀၁၆-ခုနှစ်မှ ယနေ့အထိ နိုင်ငံတော်သြဝါဒါစရိယဆရာတော်အဖြစ် လည်းကောင်း ထမ်းဆောင်တော်မူခဲ့ပါသည်။

### ဘွဲ့တံဆိပ်အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သောဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူသောကြောင့် အများပြည်သူ ရဟန်းရှင်လူတို့၏ ကြည်ညိုလေးစားမှုကို ခံယူရရှိတော်မူခြင်း၊ ပရိယတ္တိဝိသာရဒ၊ ပဋိပတ္တိမာမကဂုဏ်တို့နှင့်ပြည့်စုံတော်မူခြင်း၊ သီလ သမာဓိ ပညာ သိက္ခာသုံးပါးနှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် ဆရာတော်ကြီးအား ၂၀၀၇-ခုနှစ်တွင် နိုင်ငံတော်အစိုးရက **"အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ" ဘွဲ့တံဆိပ်တော်မြတ်ကို** လည်းကောင်း၊ ၂၀၁၄-ခုနှစ်တွင် **"အဂ္ဂမဟာပဏ္ဍိတ"**ဘွဲ့တံဆိပ်တော်မြတ်ကို လည်းကောင်း ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၇၅)နှစ်၊ သိက္ခာတော် (၅၄)ဝါအရ ၁၃၈၂-ခုနှစ်၊ တပေါင်းလပြည့်ကျော်(၆) ရက်၊ (၂-၅-၂၀၂၁)၊ သောကြာနေ့ နံနက် (၀၀:၁၅) နာရီအချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

---

»» စာမျက်နှာ ၁၉ မှ

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရှိမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၅၂ | ထောက်ရစ်ကျေးရွာအုပ်စု | ၁ | ၃၅၀ | ၂၃၀ | ၁၂၀ | ၇၀ | ၅၀ | |
| ၅၃ | တပယ်ကျေးရွာအုပ်စု | ၁ | ၁၀၀၀ | ၈၂၂ | ၁၇၈ | ၁၂၈ | ၅၀ | |
| ၅၄ | သပွတ်ပင်ကျေးရွာအုပ်စု | ၂ | ၁၄၀၀ | ၁၀၂၇ | ၃၇၃ | ၃၇၃ | | |
| ၅၅ | တောင်ပြုံးကျေးရွာအုပ်စု | ၁ | ၆၅၀ | ၄၇၇ | ၁၇၃ | ၁၇၃ | | |
| ၅၆ | သပြေကန်ကျေးရွာအုပ်စု | ၇ | ၃၇၅၀ | ၂၆၄၂ | ၁၁၀၈ | ၁၁၀၈ | | |
| ၅၇ | ထန်းပေါက်ကုန်းကျေးရွာအုပ်စု | ၂ | ၁၅၅၀ | ၁၁၆၇ | ၃၈၃ | ၂၃၃ | ၁၅၀ | |
| ၅၈ | သမန်းကျေးရွာအုပ်စု | ၄ | ၁၄၅၀ | ၁၁၂၈ | ၃၂၂ | ၂၆၄ | ၅၈ | |
| ၅၉ | ဥတည်ကျေးရွာအုပ်စု | ၃ | ၂၀၅၀ | ၁၆၀၈ | ၄၄၂ | ၄၃၈ | ၄ | |
| ၆၀ | ဈေးချိုကျေးရွာအုပ်စု | ၃ | ၂၄၅၀ | ၁၄၄၉ | ၁၀၀၁ | ၈၅၁ | ၁၅၀ | |
| ၆၁ | ဇီးပင်ကွေ့ကျေးရွာအုပ်စု | ၃ | ၂၄၅၀ | ၁၇၅၁ | ၆၉၉ | ၆၉၉ | | |
| ၆၂ | ဇီးကန်ကျေးရွာအုပ်စု | ၁ | ၁၀၀၀ | ၈၂၁ | ၁၇၉ | ၁၇၈ | ၁ | |
| ၆၃ | သူငယ်တော်ကျေးရွာအုပ်စု | ၃ | ၂၀၀၀ | ၁၃၉၀ | ၆၁၀ | ၆၁၀ | | |
| ၆၄ | ထန်းလုံးတပ်ကျေးရွာအုပ်စု | ၅ | ၃၀၅၀ | ၂၁၂၉ | ၉၂၁ | ၈၉၂ | ၂၉ | |
| ရပ်ကျေးချုပ်စုစုပေါင်း | | ၂၀၄ | ၁၃၂၂၅၆ | ၉၅၉၇၇ | ၃၆၂၇၉ | ၃၁၂၈၃ | ၅၁၀၉ | ၁၁၃ |
| မြို့နယ်ကြိုတင်မဲလက်မှတ် | | | ၂၉၀ | ၂၉၀ | | | | |
| မြို့နယ်လက်ကျန်မဲလက်မှတ် | | | ၂၂၀၆ | | ၂၂၀၆ | ၂၂၀၆ | | |
| မြို့နယ်ချုပ်စုစုပေါင်း | | ၂၀၄ | ၁၃၄၇၅၂ | ၉၆၂၆၇ | ၃၈၄၈၅ | ၃၃၄၈၉ | ၅၁၀၉ | ၁၁၃ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ၂၀၁၉ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူဦးအုံးဖေစာကြည့်တိုက်စာအုပ်ဆု ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၂

၂၀၁၉ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူဦးအုံးဖေစာကြည့်တိုက်စာအုပ်ဆု ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်အောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌ ပခုက္ကူစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ သိပ္ပကျော်စွာ ဦးကျော်ဝင်း (မနုဿကျော်ဝင်း)နှင့် ကော်မတီဝင်များ၊ ပခုက္ကူဦးအုံးဖေစာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့ဝင်များ၊ စာပေပညာရှင်များ၊ ဆုရရှိကြသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်အောင်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌ ပခုက္ကူစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ သိပ္ပကျော်စွာ ဦးကျော်ဝင်း (မနုဿကျော်ဝင်း)က ဆုချီးမြှင့်ခြင်းနှင့် စပ်လျဉ်း၍ ပြောကြားသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကိုကျင်းပရာ ပခုက္ကူစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ သိပ္ပကျော်စွာ ဦးကျော်ဝင်း (မနုဿကျော်ဝင်း)က ပခုက္ကူစာပေ တစ်သက်တာဆုရ ဆရာမကြီး ဒေါ်ကြွယ်ကြွယ် (မကြွယ်ကြွယ်)အား ဆုချီးမြှင့်သည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်အောင်၊ ပြန်ကြားရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ် ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)၊ ရန်ပုံငွေကြီးကြပ်ရေးကော်မတီဝင်များဖြစ်ကြသည့် မောင်ငြိမ်းသူ (ကြို့ပင်ကောက်)၊ ဦးမျိုးထွန်း (မောင်စိမ်းနောင်-လယ်ဝေး)၊ ဦးအောင်သန်းဦး(ပုသိမ်အောင်သန်းဦး)၊ ဦးစိုးမြင့်(စိုးမှူး)၊ ဒေါက်တာ တင်အောင်ရွှေ (သုတေသီ)၊ ဦးမြတ်စိုး(မြတ်စိုးလှိုင်)တို့က ၂၀၁၉ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူဦးအုံးဖေစာကြည့်တိုက်စာအုပ်ဆုရရှိကြသူများကို ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဆုရရှိကြသူများကိုယ်စား ပခုက္ကူစာပေတစ်သက်တာဆုရ ဆရာမကြီး ဒေါ်ကြွယ်ကြွယ် (မကြွယ်ကြွယ်)က ကျေးဇူးတင်စကားပြောကြားပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယနေ့ ဆုချီးမြှင့်ပွဲတွင် တစ်သက်တာစာပေဆု တစ်ဆု၊ ၂၀၁၉ ခုနှစ်အတွက် တင်သွင်းလာသော စာမူပေါင်း ၈၂ စောင်ကို စာမူဆု စည်းကမ်းများနှင့်အညီ ဖတ်ရှုစိစစ်ခဲ့ပြီး ကဗျာပေါင်းချုပ်၊ ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ ကျမ်းစာပေ၊ သုတေသနစာပေ ဘာသာရပ် ငါးမျိုးမှ ဆုပေါင်း ၁၂ ဆုနှင့် ပခုက္ကူဦးအုံးဖေစာကြည့်တိုက်စာအုပ်ဆု သုံးဆု၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များမှ ပညာသင်ဆု နှစ်ဆုတို့ကို ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။



၂၀၁၉ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူဦးအုံးဖေစာကြည့်တိုက်စာအုပ်ဆု ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပစဉ်။

မြန်မာနိုင်ငံရှိ စာဖတ်ပရိသတ်ပြည်သူများအတွက် အကျိုးပြုစာပေများ ရှင်သန်ထွန်းကားရေးနှင့် မြန်မာစာပေဖွံ့ဖြိုးရေးလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ရန် ရည်ရွယ်ကာ ၁၉၉၂ ခုနှစ်တွင် ပခုက္ကူဦးအုံးဖေက ၎င်း၏ အသက် ၇၆ နှစ် အထိမ်းအမှတ် စာပေရန်ပုံငွေတစ်ရပ်အဖြစ် စာပေရန်ပုံငွေ ထူထောင်ရန် စာပေဆု မတည်ငွေ ငွေသားကျပ် ၇၆ သိန်းကို နိုင်ငံတော်သို့ လွှဲပြောင်းလှူဒါန်းခဲ့ရာမှ ပခုက္ကူစာပေဆုအဖြစ် အမည်တွင်ခဲ့ခြင်းဖြစ်သည်။

ထိုစာပေဆုရန်ပုံငွေ၏ အတိုးအညွန့်များဖြင့် နှစ်စဉ်ဆုများ ချီးမြှင့်ခဲ့ရာ ယခု ၂၀၁၉ ခုနှစ်အတွက် စာပေဆုချီးမြှင့်ပွဲနှင့်ဆိုလျှင် ၂၇ ကြိမ်တိုင်ခဲ့ပြီဖြစ်သည်။

သတင်းစဉ်



ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်အောင်၊ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ပခုက္ကူစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ သိပ္ပကျော်စွာ ဦးကျော်ဝင်း (မနုဿကျော်ဝင်း)နှင့်အဖွဲ့ဝင်များ၊ ပခုက္ကူစာပေတစ်သက်တာဆုရ ဆရာမကြီး ဒေါ်ကြွယ်ကြွယ် (မကြွယ်ကြွယ်)နှင့် ပခုက္ကူစာပေဆုရသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ပခုက္ကူစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ သိပ္ပကျော်စွာ ဦးကျော်ဝင်း (မနုဿကျော်ဝင်း) ၂၀၁၉ ခုနှစ်အတွက် ပခုက္ကူစာပေတစ်သက်တာဆုရ ဆရာမကြီး ဒေါ်ကြွယ်ကြွယ်(မကြွယ်ကြွယ်)အား ဆုပေးအပ်ချီးမြှင့်စဉ်။



ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်အောင် ၂၀၁၉ ခုနှစ်အတွက် ပခုက္ကူစာပေဆု ဝတ္ထုရှည် ပထမဆုရ မျှဝေ(ဥက္ကံ)အား ဆုပေးအပ်ချီးမြှင့်စဉ်။



ပခုက္ကူစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ် ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး) ၂၀၁၉ ခုနှစ်အတွက် ဝတ္ထုတိုပထမဆုရ ဆရာမ မကျေးဥ ကိုယ်စား သားဖြစ်သူ ဦးဗိုလ်ဗိုလ်ဝင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

# စာရေးတယ်ဆိုတာ ဆုရဖို့ရည်ရွယ်ပြီးရေးခဲ့တာတော့ မဟုတ်ပါဘူး။ လူငယ် လူရွယ် ဖတ်သင့် ဖတ်ထိုက်တဲ့၊ သိသင့် သိထိုက်တဲ့ စာပေတွေကို ရေးသားကြတာ ဖြစ်ပါတယ်။

ဆရာမကြီး ဒေါ်ကြွယ်ကြွယ်(မကြွယ်ကြွယ်)

၂၀၁၉ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေတစ်သက်တာဆု၊ ပခုက္ကူစာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူဦးအုံးဖေစာကြည့်တိုက်စာအုပ်ဆု ဆုချီးမြှင့်ပွဲအခမ်းအနားကို ဧပြီ ၂ ရက် နံနက်ပိုင်းက သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနခန်းမ၌ကျင်းပရာ ဆုရစာရေးဆရာများ၏ ပီတိစကားသံများကို ဤသို့ကြားသိရသည်။

စောရန်နောင်


ဆရာမကြီး ဒေါ်ကြွယ်ကြွယ်


ဆရာသူရဇော်


ဆရာမျှဝေ(ဥက္ကံ)


ဆရာ အောင်ပန်းဝေ LL.B


ဆရာမောင်ငြိမ်းရည်(မင်းကင်း)


ဆရာဇော်နိုင်မိုး(ဘိုကလေး)

**ဆရာမကြီး ဒေါ်ကြွယ်ကြွယ်(မကြွယ်ကြွယ်)**

**၂၀၁၉ ခုနှစ် ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆု**

"စာရေးတဲ့ ဘဝသက်တမ်းတစ်လျှောက်မှာတော့ ဆောင်းပါး၊ ကဗျာ၊ ဝတ္ထု စုံအောင်ရေးခဲ့တယ်။ လုံးချင်းဝတ္ထုစာအုပ်တွေလည်း ရေးခဲ့ပါတယ်။ မြဝတီတို့၊ ငွေတာရီတို့၊ ရှုမဝမဂ္ဂဇင်းတွေမှာလည်း ရေးခဲ့ပါတယ်။ လမ်းစဉ်ပါတီခေတ်မှာတော့ ပါတီသတင်းစာမှာ အယ်ဒီတာအလုပ်ကိုလုပ်ခဲ့ပါတယ်။ အဲဒီမှာတော့ နှစ်အတော်ကြာလုပ်ခဲ့ပါတယ်။ စာရေးတယ်ဆိုတာ ဆုရဖို့ရည်ရွယ်ပြီးရေးခဲ့တာတော့ မဟုတ်ပါဘူး။ လူငယ် လူရွယ် ဖတ်သင့် ဖတ်ထိုက်တဲ့၊ သိသင့် သိထိုက်တဲ့ စာပေတွေကို ရေးသားကြတာ ဖြစ်ပါတယ်။ ရေးခဲ့တဲ့စာတွေကတော့ အများကြီးပါ။ အသက်က ၉၀ ထဲရောက်နေပြီဆိုတော့ သိပ်မမှတ်မိတော့ပါဘူး။ ခေတ်လူငယ်တွေ ယဉ်ကျေးသိမ်မွေ့စေချင်တယ်။ နိုင်ငံချစ်စိတ်၊ ယဉ်ကျေးမှုကိုမြတ်နိုးတဲ့စိတ် မွေးမြူကြပါလို့ တိုက်တွန်းချင်ပါတယ်။

ဆရာမကြီး မကြွယ်ကြွယ်ကို ပဲခူးမြို့နယ် ဝမ်းဘဲအင်းရွာ၌ ကျောင်းအုပ်ဆရာကြီး ဦးဘိုးချစ်နှင့် ဒေါ်စိန်မေတို့က ၁၈-၄-၁၉၃၃ ရက်နေ့တွင် မွေးဖွားခဲ့ကြောင်း၊ ငယ်စဉ်က ဖခင်၊ ဦးလေး၊ အစ်ကို၊ အစ်မတို့၏ စာသင်ပေးမှုဖြင့် စတင်ပညာသင်ခဲ့ရပြီးနောင်တွင် ပဲခူးမြို့အစိုးရအထက်တန်းကျောင်းတွင် ပညာသင်ယူခဲ့ကာ International Institute for Advanced Buddhist Studies တွင် အထက်တန်းကျမ်းပြုသုတေသနအရာရှိသင်တန်း တက်ရောက်ခဲ့ကြောင်း သိရသည်။

ထို့နောက် ကျောင်းဆရာမ၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဌာနချုပ်တွင် သတင်းထောက်(အယ်ဒီတာအဖွဲ့ဝင်)၊ စာပြုလက်ထောက်အယ်ဒီတာ၊ အယ်ဒီတာအလုပ်တို့ကို နှစ်(၃၀)ခန့် တာဝန်ယူလုပ်ကိုင်ခဲ့ကြောင်း သိရသည်။

၁၉၅၀ ပြည့်နှစ် မတ်လထုတ် လင်းယုန်ဂျာနယ်တွင် ဖော်ပြခြင်းခံရသည့် မောင်းသံဝတ္ထုတိုမှာ ဆရာမကြီး၏ ပထမဆုံးပုံနှိပ်ခံရသည့် ဝတ္ထုတိုဖြစ်သည်။ စာရေးစက ကြွယ်ကြွယ်အမည်ဖြင့် ရေးခဲ့သော်လည်း နောင်အခါ မကြွယ်ကြွယ်အမည်ဖြင့် ရေးသားသည်။ တစ်ခါတစ်ရံ ဖြူဖြူ၊ ခိုင်ခိုင်ဝင်းရွှေ၊ ဝင်းလှဲ့ခင် အမည်များဖြင့်လည်း ရေးသားခဲ့ကြောင်း သိရသည်။

ဂျာမနီနိုင်ငံ ဘွန်းမြို့တက္ကသိုလ်ဝိဇ္ဇာတန်း တွင် ဆရာမကြီး၏ သူရဲကောင်းတို့စိတ်ဓာတ်စာအုပ်ကို ကျောင်းသုံးပြဋ္ဌာန်းခံခဲ့ရကြောင်း၊ ဂျာမနီနိုင်ငံ ဒရက်စ်ဒင့်မြို့မှ မစ္စအန်းနက်မာရီယာအက်ရှယ်၏ ပါရဂူဘွဲ့ယူသမိုင်းနောက်ခံ မြန်မာဝတ္ထုများစာတမ်းကို ကိုးကားအကြံပြုခြင်း၊ ဂျပန်နိုင်ငံ ကျိုတိုတက္ကသိုလ်မှ မစ္စတာနာကာဂျီနီ၏ ပါရဂူဘွဲ့ယူစာတမ်း၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဖြစ်ပေါ်တိုးတက်မှုနှင့် ပြိုကွဲမှုအပေါ်သုံးသပ်ခြင်းစာတမ်းကိုလည်း ကိုးကားအကြံပြုပေးခဲ့ကြောင်း သိရသည်။

ဆရာမကြီးသည် ယနေ့အချိန်ထိ ဝတ္ထုတို ၆၀၀ ကျော်၊ မဂ္ဂဇင်းဝတ္ထုရှည် ပုဒ်ရေ ၃၀ အပါအဝင် ဘာသာရေးစာပေ၊ ကလေးကဗျာ၊ နိုင်ငံရေး၊ စိုက်ပျိုးရေး၊ လုံးချင်းဝတ္ထု ခြောက်အုပ်၊ ကဗျာပေါင်းချုပ်၊ ဘာသာရေးဆောင်းပါးများ၊ ယဉ်ကျေးမှုရေးဟောင်းသုတေသန၊ ပန်းချီပညာရပ်ဆိုင်ရာဆောင်းပါးများ ရေးသားခဲ့သည့်အပြင် ကဗျာပုဒ်ရေ ၂၀၀ ခန့်ကိုလည်း ရေးသားထုတ်ဝေခဲ့ကြောင်း သိရသည်။

**ဆရာသူရဇော်**

**ကျမ်းစာပေ ပထမဆု**

လွန်ခဲ့တဲ့ နှစ်ပေါင်း ၆၀ လောက်က ၁၉၅၈ ခုနှစ်အတွက် ဆယ်တန်းဖြေဖို့ ကျွန်တော်စာကျက်ပါတယ်။ မြန်မာစာပြဋ္ဌာန်းချက်အတွက် ကဗျာတစ်ပုဒ်ကျက်တယ်။ ကဗျာထဲမှာ စာမရီဆိုတဲ့ စာသားပါတယ်။ ဒါပေမယ့် စာမရီဆိုတာ ဘာမှန်းမသိဘူး။ ကဗျာကိုသာ အလွတ်ကျက်ထားတာ။ စာမရီနဲ့ ပတ်သက်လို့ နှစ်ပေါင်းများစွာ ရှာခဲ့ရပါတယ်။

၁၉၉၈ ခုနှစ်လောက်မှာ ကျွန်တော် ရခိုင်ပြည်နယ် သံတွဲကိုရောက်ခဲ့တယ်။ သံတွဲမှာ ဘုရားသုံးဆူရှိတယ်။ ဆံတော်ဘုရားတက်ဖူးတဲ့အခါမှာ စာမရီရုပ်ကိုတွေ့ရတယ်။ စာမရီရုပ်က ငှက်ရုပ်ဖြစ်နေတယ်။

မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်အခါက စန္ဒသူရိယမင်းရဲ့ ပင့်ဖိတ်ချက်အရ ရခိုင်ကိုကြွချီလာပြီး မဟာမြတ်မုနိရုပ်ပွားတော်ကို ပေးခဲ့တယ်။ မြတ်စွာဘုရားနစဉ်အခါက ဤရခိုင်ဒေသမှာ စာမရီသားမင်းဖြစ်ခဲ့တဲ့အကြောင်း ဟောကြားတော်မူခဲ့ပါတယ်။ သို့သော် စာမရီဆိုတာ ငှက်မဟုတ်ပါဘူး။ အမွေးရှိတဲ့ သားကောင်ကြီးတစ်မျိုးဖြစ်ပါတယ်။ တိဘက်ဒေသမှာ ဝန်တင်လှည်းဆွဲပါတယ်။ အမွေးတစ်ပင်မှအကျွတ်မခံတဲ့သတ္တဝါလည်း ဖြစ်ပါတယ်။ ဒါကြောင့်မို့ စာမရီဆိုတာ ငှက်မဟုတ်တဲ့အကြောင်း ကျမ်းစာပေအဖြစ် ရေးသားတင်ပြထားတာ ဖြစ်ပါတယ်။ ဒီကျမ်းစာပေနဲ့ ပထမဆုကို ဆွတ်ခူးခဲ့တာ ဖြစ်ပါတယ်။

ဆရာသူရဇော်သည် အဆိုပါ ကျမ်းစာပေကို သူရဇော်၏ ကလောင်ပွား ဦးစိန်လှိုင်(မဟာဝိဇ္ဇာ) ဟူသော ကလောင်ဖြင့် ရေးသားခဲ့ကြောင်း၊ ဆရာကြီးသည် ၁၉၉၈ ခုနှစ်ကလည်း ကျမ်းစာပေဖြင့်ပင် ပခုက္ကူဦးအုံးဖေစာပေဆု ပထမဆုဆွတ်ခူးခဲ့ကြောင်း၊ ယခုအကြိမ်သည် ဒုတိယအကြိမ်ဖြစ်ကြောင်း၊ ၁၉၇၆ ခုနှစ်တွင် ကလေးစာပေဖြင့် အမျိုးသားစာပေဆုလည်း ရခဲ့ဖူးကြောင်း၊ ယခုအခါ အသက် ၈၀ ကျော်နေပြီဖြစ်ကြောင်း ဆရာကြီး၏ ပြောကြားချက်အရ သိရသည်။

**ဆရာမျှဝေ(ဥက္ကံ)**

**အမည်ရင်း ဦးဝင်းတင်**

**ဝတ္ထုရှည်ပထမဆု**

"ကျွန်တော်က ဝတ္ထုရှည်ပထမဆု၊ နောက် ဝတ္ထုတိုပေါင်းချုပ် တတိယဆုရပါတယ်။ နှစ်ဆုဖြစ်ပါတယ်။ ကျွန်တော်က များသောအားဖြင့် ဖြစ်ရပ်မှန်တွေ ရေးပါတယ်၊ ဆုရတဲ့စာမူက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလမ်းကြောင်းပေါ့။ သယံဇာတဖြစ်တဲ့ ကျွန်းသစ်တို့၊ ဆင်တို့နဲ့ ပတ်သက်ပြီး တချို့က ခိုးကြဝှက်ကြတဲ့အခါရှိတယ်။ အဲဒီဝတ္ထုမှာ အုပ်ချုပ်ရေးမှူးလေးတစ်ယောက်က သူ့တာဝန်ကျေပွန်အောင် ဆောင်ရွက်တဲ့အခါမှာ အတိုက်အခိုက်တွေ၊ အလှည့်အပတ်တွေနဲ့ ရင်ဆိုင်ကြုံတွေ့ရပြီး နောက်ဆုံးမှာ အမှန်နဲ့ မမှားမှာ မမှားကပဲ အနိုင်ရသွားတဲ့အကြောင်း ရေးဖွဲ့ထားတာ ဖြစ်ပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးပေါ့။

စာပေအနေနဲ့ အမှတ်တရပြောရရင် ရသစာပေက မတိမ်ကောပါဘူး။ တဖြည်းဖြည်းပွင့်လင်းလာမှာ ဖြစ်ပါတယ်။

ဆရာ မျှဝေ(ဥက္ကံ)သည် ၁၉၇၀ ပြည့်နှစ်လောက်ကတည်းက ကဗျာများရေးသားခဲ့ကြောင်း၊ ဖြစ်ရပ်မှန်နှင့် ဘဝသရုပ်ဖော်စာပေများလည်း ရေးသားခဲ့ကြောင်း၊ လျှို့ဝှက်ဆန်းကြယ်၊ သောင်းပြောင်းထွေလာ စသည်ဖြင့် ရေးသားခဲ့ကြောင်း၊ ဝတ္ထုတိုပေါင်းချုပ်စာအုပ်တစ်အုပ် ထွက်ခဲ့ဖူးကြောင်း၊ ယခုအခါ တိုက်ကြီးမြို့နယ် ဥက္ကံမြို့၌ သုတရသစာပေပျိုးခင်း အခမဲ့စာကြည့်တိုက်လည်း ဖွင့်ထားကြောင်း သိရသည်။

**ဆရာ အောင်ပန်းဝေ LL.B**

**သုတေသနစာပေ ဒုတိယဆု**

"ကျွန်တော်ရေးတဲ့စာမူက မြန်မာ့ရိုးရာစစ်တုရင်ကစားနည်းအကြောင်း ဖြစ်ပါတယ်။ ကစားမယ့်အရုပ်တွေ ကျွန်တော်တို့ဆီမှာ မလုပ်နိုင်ကြတော့ဘူး။ ကလေးတွေလက်ထဲပျောက်ကုန်ပြီ။ မြန်မာ့ရိုးရာစစ်တုရင်ပညာဆိုတာ ကုန်းဘောင်ခေတ်ဘုရင်တွေလက်ထက်ကတည်းက ဘုရင်တွေ၊ မင်းညီမင်းသားတွေ ကစားခဲ့တဲ့ပညာပါ။ စစ်ကိုင်းက ဆရာကြီးဦးဘိုးသင်းကိုယ်တိုင်လည်း ကစားခဲ့တဲ့ပညာ ဖြစ်ပါတယ်။ ဒီပညာဟာ ကမ္ဘာကိုရင်ပေါင်တန်းနိုင်တဲ့ပညာဖြစ်ပါတယ်။ တဖြည်းဖြည်းနဲ့ မြန်မာ့ရိုးရာကစားနည်းစစ်စစ်ဖြစ်တယ်ဆိုတာ ပြသနိုင်ဖို့ ရေးသားခဲ့တာ ဖြစ်ပါတယ်။ ဘယ်ပညာရပ်မဆို ကိုယ့်ရိုးရာ ကိုယ့်ယဉ်ကျေးမှုတွေ မကွယ်ကောင်း၊ မပျောက်ကောင်းပါဘူး။

ဆရာအောင်ပန်းဝေသည် ငယ်စဉ်ကတည်းက စာပေဝါသနာထုံခဲ့သူဖြစ်ကြောင်း၊ ၁၉၈၇ ခုနှစ်တွင် မြန်မာ့ရပ်သေးကြိုးဆွဲပညာဖြင့် စာပေဗိမာန်စာမူဆု ရခဲ့ဖူးကြောင်း ဆရာ၏ ပြောကြားချက်အရ သိရသည်။

**ဆရာမောင်ငြိမ်းရည်(မင်းကင်း)**

**ကဗျာပေါင်းချုပ် ဒုတိယဆု**

"ချင်းတွင်းဒေသအလှမြေဆိုတဲ့အတိုင်း အဲဒီထဲမှာ ချင်းတွင်းဒေသရဲ့ စီးပွားရေး၊ လူမှုရေး၊ ပညာရေး ကဗျာတွေ၊ ပျော်စရာရှင်စရာဒေသရဲ့ ဓလေ့တွေ ရေးသားထားပါတယ်။ စုစုပေါင်း ကဗျာ ၆၅ ပုဒ်နဲ့ ချင်းတွင်းဒေသရဲ့အလှ၊ ချင်းတွင်းဒေသရဲ့ သဘာဝ၊ ချင်းတွင်းဒေသရဲ့ ရိုးရာဓလေ့တွေကို ထုံမွှမ်းရေးဖွဲ့ထားပါတယ်။ စာပေကို စိတ်အားထက်ထက်သန်သန် ကြိုးစားရေးသားခဲ့တာ ဖြစ်ပါတယ်။ ပထမဆုံးဆုဖြစ်လို့ ဝမ်းမြောက်မိပါတယ်။

**ဆရာဇော်နိုင်မိုး(ဘိုကလေး)**

**ကဗျာပေါင်းချုပ် တတိယဆု**

ကျွန်တော့်ရဲ့ ကဗျာပေါင်းချုပ်ထဲမှာဆိုရင် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း၊ ရာသီပွဲတွေအကြောင်း စတဲ့အကြောင်းအရာမျိုးစုံကို ရသစုံအောင် ရေးဖွဲ့ထားပါတယ်။ စုစုပေါင်း ကဗျာပုဒ်ရေ ၆၀ ကျော်ပါတယ်။ မြဝတီစာပေတိုက်မှာ တာဝန်ထမ်းဆောင်နေတဲ့ တပ်မတော်သားတစ်ဦးပါ။ ပထမဆုံးရတဲ့ဆုမို့ အတိုင်းမသိဝမ်းသာပါတယ်။

စာပေ မြင့်မှ လူမျိုး တင့်မည်

# ၂၀၂၁ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ပြုလုပ်ခဲ့သည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အစည်းအဝေး၌ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener ၏ ပြောကြားချက်များအပေါ် တုံ့ပြန်သတင်းထုတ်ပြန်ချက်

နေပြည်တော် မေ ၂

၁။ ၂၀၂၁ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ပြုလုပ်ခဲ့သည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အစည်းအဝေး၌ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener ၏ ပြောကြားချက်များသည် မြန်မာနိုင်ငံ၏ ပကတိအခြေအနေနှင့် ကင်းကွာနေပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အကောင်အထည်ဖော်ဆောင်ရွက်မည့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ဖော်ဆောင်ရေး ရည်ရွယ်ချက်နှင့် မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းရေးကို အနှောင့်အယှက်ဖြစ်စေနိုင်ကြောင်း တွေ့ရှိရပါသည်။

၂။ မြန်မာနိုင်ငံ၏ ပကတိအခြေအနေကို ထင်ဟပ်ခြင်းမရှိသည့် ပြောကြားချက်များမှာ အာဏာသိမ်းစစ်ခေါင်းဆောင်များ၏ စီစဉ်ဆောင်ရွက်မှုများကြောင့် မြန်မာနိုင်ငံတွင် အရပ်သားများအပေါ် ကျယ်ကျယ်ပြန့်ပြန့်နှင့် စနစ်တကျတိုက်ခိုက်မှုများ ဖြစ်ပေါ်နေကြောင်း၊ တပ်မတော်နေ့တွင် လမ်းများပေါ်နှင့် နေအိမ်များအတွင်းရှိ ကလေးသူငယ်များအပါအဝင် ပြည်သူလူထု ၁၀၀ ဦး ရက်စက်စွာသတ်ဖြတ်ခံရကြောင်း၊ သာမန်အချိန်တွင် အသက်ရှင်နိုင်သူများ၏ အသက်များဆုံးရှုံးနေရကြောင်း၊ ဘဏ်များပြိုလဲမည့်အခြေအနေဖြစ်ပေါ်နေကြောင်း၊ အခြေခံအားဖြင့် လုပ်သားအင်အားအပေါ် သက်ရောက်မှုများဖြစ်ပေါ်နေချိန်တွင် စီးပွားရေးလုပ်ငန်းအပေါ် ရိုက်ခတ်မှုများကြောင့် ကုန်ထုတ်လုပ်ဖြန့်ချိမှုများကို ပြိုလဲစေကြောင်း၊ ပြည်တွင်းစစ်ဖြစ်ပေါ်လာနိုင်ခြေရှိကြောင်း၊ တစ်နိုင်ငံလုံးသည် ထိန်းချုပ်မရသည့် အလုံးစုံပျက်သုဉ်းသည့်နိုင်ငံ(Failed State) အဖြစ်သို့ တဖြည်းဖြည်း ရောက်လုနီးပါးဖြစ်လာနေကြောင်း၊ တပ်မတော်ခေါင်းဆောင်များသည် နိုင်ငံကို စီမံအုပ်ချုပ်နိုင်စွမ်းမရှိသည်မှာ ထင်ရှားနေကြောင်း၊ မြေပြင်အခြေအနေမှာ ပိုမိုဆိုးရွားလာနိုင်ပြီး သွေးချောင်းစီးမှုများ ဖြစ်ပေါ်လာတော့မည့်အခြေအနေရှိကြောင်း၊ သို့ပါ၍ လုံခြုံရေးကောင်စီအနေဖြင့် မြန်မာနိုင်ငံအပေါ် ထိရောက်သည့် အရေးယူဆောင်ရွက်မှုများ လုပ်ဆောင်သင့်ကြောင်း စသည်ဖြင့်ပြောကြားခဲ့သည်ကို တွေ့ရှိရပါသည်။

၃။ ကုလသမဂ္ဂအနေဖြင့် ကမ္ဘာ့အချုပ်အခြာပိုင်နိုင်ငံများ၏ အချုပ်အခြာအာဏာနှင့် ကမ္ဘာ့နိုင်ငံများ၏ ငြိမ်းချမ်းရေး၊ ညီညွတ်ရေးကို အလေးထားဆောင်ရွက်သင့်သော်လည်း ယင်းပြောကြားချက်များသည် ၎င်းအခြေခံအချက်များနှင့် ကိုက်ညီမှုမရှိသည်ကို တွေ့ရှိရပါသည်။ Ms. Christine Schraner Burgener ၏ ပြောကြားချက်များပါ အချက်အလက်များသည် မြန်မာနိုင်ငံ၏ ပကတိအခြေအနေနှင့် ကိုက်ညီမှုမရှိသဖြင့် လက်ရှိမြန်မာနိုင်ငံ၌ ဖြစ်ပေါ်နေသော အခြေအနေမှန်များမှာ-




(က) တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့သည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၄ ရက်နေ့အထိ ငြိမ်းချမ်းစွာဆန္ဒပြမှုများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက တားဆီးမှု တစ်စုံတစ်ရာပြုလုပ်ခဲ့ခြင်းမရှိဘဲ ဖေဖော်ဝါရီလ ၉ ရက်နေ့ ဆူပူအကြမ်းဖက်ဆန္ဒပြမှု ပြုလုပ်မှသာ ရှန်းရင်းဆန်ခတ်မှုလက်စွဲဥပဒေပါ လုပ်ထုံးလုပ်နည်းများအတိုင်း အဓိကရုဏ်းဖြိုခွင်းခဲ့ရခြင်းဖြစ်ပါသည်။ ဖေဖော်ဝါရီလ ၅ ရက်နေ့နောက်ပိုင်း CRPH ပေါ်လာချိန်မှသာ ငြိမ်းချမ်းစွာဆန္ဒပြမှု (Peaceful Protest)မှ အကြမ်းဖက်ဆန္ဒပြမှု (Protest and Riots)သို့ အသွင်ပြောင်းသွားခဲ့ပြီး CDM လှုပ်ရှားမှုများ၊ Social Bullying များပေါ်ပေါက်လာခဲ့ပါသည်။ လေးပတ်မြောက်ဖြစ်သည့် ဖေဖော်ဝါရီလနောက်ဆုံးပတ်၌ ဆူပူဆန္ဒပြမှုနှင့် မင်းမဲ့စရိုက်အသွင် (Riots and Anarchy Mob) အသွင်ပြောင်းကာ လမ်းပိတ်ဆို့မှု၊ မီးရှို့မှုများဖြစ်ပေါ် လာခဲ့သည်။ နောက်ပိုင်းတွင် ပဋိပက္ခအသွင်၊ မင်းမဲ့စရိုက်အသွင် (Intensify Riots, Anarchy Mob and Violent Actions)ဖြစ်လာခဲ့သည်။ ယင်းသို့ဖြစ်ပေါ်လာခဲ့မှုအပေါ် အဆင့်လိုက်တားဆီးနှိမ်နင်းခဲ့ပါသည်။ မင်းမဲ့စရိုက်ဖြင့် ဆူပူအကြမ်းဖက်မှုများသည် မည်သည့်နိုင်ငံကမျှ လက်ခံနိုင်သည့် လုပ်ဆောင်မှုများမဟုတ်သည်ကို တွေ့ရှိရမည်ဖြစ်သည်။ မတ်လ ပထမပတ်နောက်ပိုင်းတွင် လက်နက်ကိုင်အကြမ်းဖက် တုံ့ပြန်မှုအသွင်(Insurrection with arms) ဖြစ်လာခဲ့သည်။ ထို့ကြောင့် ဥပဒေနှင့်အညီ နှိမ်နင်းခဲ့ရပါသည်။ ထိုကဲ့သို့ NLD နှင့် NLD လိုလားသူများက ဆန္ဒပြမှုမှသည် လက်နက်ကိုင်အကြမ်းဖက် တုံ့ပြန်မှုအသွင်ပြောင်းလာခဲ့သည်ကို ဖော်ပြခြင်းမရှိဘဲ တစ်ဖက်သတ်စွပ်စွဲ ပြောကြားမှုများသည် တရားနည်းလမ်းကျမှုမရှိကြောင်း တွေ့ရှိရသည်။ တစ်နိုင်ငံလုံးက NLD ကို ထောက်ခံခြင်းမဟုတ်သည်ကို စာရင်းဇယားများအရ NLD နှင့် ထောက်ခံသူများ၏လှုံ့ဆော်မှုကြောင့် တစ်နိုင်ငံလုံးဆန္ဒပြခဲ့သည်ဆိုသော ၂ ငါးလုံးနေ့ (၂၂-၂-၂၀၂၁)၌ပင် တစ်နိုင်ငံလုံး လူဦးရေ၏ ၉ ရာခိုင်နှုန်းခန့်သာရှိသည်ကို တွေ့ရှိရမည်ဖြစ်သည်။ ယင်းအခြေအနေကို မီဒီယာများ၏ အကူအညီဖြင့် ပုံကြီးချဲ့နေခြင်းသာဖြစ်ပါသည်။

(ခ) မတ်လ ၂၇ ရက် တပ်မတော်နေ့တွင် မတရားအသင်း CRPH နှင့် သွေးထိုးလှုံ့ဆော်သူများမှ တစ်နိုင်ငံလုံး ပြည်သူ့တော်လှန်ရေးနေ့အဖြစ် သတ်မှတ်ပြီး အဖျက်အမှောင့်လုပ်ငန်းများ ဖြစ်ပေါ်စေရန် လှုံ့ဆော်သွေးထိုးခြင်း၊ ခြိမ်းခြောက်ခြင်းတို့ကိုမဖော်ပြဘဲ ၎င်းတို့သွေးထိုးမှုကြောင့် မီးရှို့၊ အကြမ်းဖက်၊ လက်နက်စွဲကိုင်အကြမ်းဖက်မှုများကို နှိမ်နင်းခဲ့ရ၍ အသေအပျောက်ရှိခဲ့သည်ကို တစ်ဖက်သတ် ဖော်ပြခဲ့ပါသည်။ မည်သည့်အိမ်အတွင်းကိုမျှ ဝင်ရောက်ပစ်ခတ်မှုမရှိဘဲ လမ်းပေါ်ထွက်၍ ဆူပူအကြမ်းဖက်ဆောင်ရွက်နေသူများကိုသာ ဖြိုခွဲခဲ့ခြင်းဖြစ်ပါသည်။ ဆူပူဆန္ဒပြသူများက အရွယ်မရောက်သေးသူ ကလေးငယ်များ လမ်းပေါ်ဆွဲတင်၍ အသုံးချမှုကို တစ်စုံတစ်ရာ ကန့်ကွက်ပြောဆိုခဲ့မှုမရှိသည်ကို တွေ့ရှိရသည်။ ကလေးသူငယ်များ သေဆုံးမှုနှင့်စပ်လျဉ်း၍ အထောက်အထား တစ်စုံတစ်ရာမရှိကြောင်းလည်း တွေ့ရှိရသည်။ ဆူပူအကြမ်းဖက်မှုများကို ဖြိုခွင်းမှုကြောင့် သေဆုံးမှုများရှိသည့်အခါတွင်လည်း လုံးဝထိမ်ချန်ထားခြင်းမရှိဘဲ ရဲလုပ်ထုံးလုပ်နည်းများနှင့်အညီ သေမှုသေခင်းများဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် အထောက်အထားများလည်း ရှိပြီးဖြစ်ပါသည်။

(ဂ) လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်ဆူပူသူများကို ဖြိုခွင်းခဲ့မှုကြောင့် သေဆုံးဒဏ်ရာရမှုများကို ပြောဆိုခြင်းများတွေ့ရပြီး ဆူပူဆန္ဒပြ CDM ပြုလုပ်ရာတွင်ပါဝင်သည့် ကျန်းမာရေးဝန်ထမ်းများကြောင့် ဆေးရုံ၊ ဆေးခန်းများ ပိတ်ထားရကာ သာမန်အချိန်တွင် မသေဆုံးသင့်သည့် ပြည်သူလူထုများ လျစ်လျူရှုထားသည်။ ရောဂါကြောင့် သေဆုံးနေရမှုကိုမူ COVID -19 ရောဂါ မဖြစ်ပွားမီ ၂၀၁၉ ခုနှစ် တစ်နှစ်လုံး ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ရောဂါအမျိုးမျိုးနှင့် အတွင်းလူနာအဖြစ် တက်ရောက်ကုသမှုခံယူရသူ ၈၉၀၇၂ ဦးရှိပြီး သေဆုံးသူ ၆၄၇၅ ဦးရှိသဖြင့် တစ်လပျမ်းမျှ သေဆုံးလူနာ ၅၃၉ ဦး ရှိပါသည်။ ယခုအချိန်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် CDM ပြုလုပ်နေသည့် ကျန်းမာရေးဝန်ထမ်းအချို့ကြောင့် လုပ်ငန်းအပြည့်အဝ ဆောင်ရွက်နိုင်မှုမရှိခဲ့၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အပြည့်အဝဆောင်ရွက်နိုင်ခြင်းမရှိခဲ့သလို နိုင်ငံတစ်ဝန်း၌ အဆိုပါ CDM ပြုလုပ်နေသည့် ကျန်းမာရေးဝန်ထမ်းများကြောင့် ကျန်းမာရေးနှင့် ပတ်သက်၍ ပြည်သူများသေဆုံးနေရခြင်းဖြစ်ပါသည်။ တပ်မတော်အနေဖြင့် ပြည်သူလူထု၏ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ပါဝင်ဆောင်ရွက်လျက်ရှိပြီး ယနေ့အထိပြည်သူလူထုအား ကုသပေးမှုအနေဖြင့် ပြင်ပလူနာ ၁၁၂၆၂၅ ဦး၊ အတွင်းလူနာ ၃၅၇၀၀ ဦး၊ မီးဖွားသူ ၇၀၇၄ ဦးရှိကာ ကလေးငယ် ၇၀၇၄ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။

(ဃ) မိမိတို့နိုင်ငံအနေဖြင့် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးနောက်ပိုင်း နိုင်ငံတွင်း မတည်ငြိမ်မှုများကြောင့် ရန်ကုန်အစိုးရဟုပင် ကဲ့ရဲ့ခေါ်ဆိုခံခဲ့ရမှုများရှိခဲ့ပါသည်။ ယခုအချိန်သည် ထိုကဲ့သို့အခြေအနေမျိုးမဟုတ်ဘဲ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ကို ချုပ်ဆိုခဲ့ကြသည့် လက်နက်ကိုင်အဖွဲ့အချို့မှ ယင်းတို့နှင့်အောင်းရာ နယ်စပ်ဒေသအချို့၌ မိမိတပ်မတော်နှင့် ရဲတပ်ဖွဲ့စခန်းများကို တိုက်ခိုက်မှုပြုလာပါသဖြင့် တပ်မတော်က စာမျက်နှာ ၂၅ သို့ »»



# တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတစ်ခု နယ်မြေအတွင်းသို့ သွားရောက်မည့် လူငယ် ငါးဦးအား ထိန်းသိမ်း

နေပြည်တော် ဧပြီ ၂

အကြမ်းဖက်ဆန္ဒပြရာတွင် ပါဝင်သော လူငယ်များအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတစ်ခုနှင့် ချိတ်ဆက်၍ ဖောက်ခွဲရေးသင်တန်းတက်ရောက်ရန် သွားရောက်မည်ဖြစ်ကြောင်း တာဝန်သိ ပြည်သူတစ်ဦး၏ သတင်းပေးပို့ချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သက်ဆိုင်ရာနယ်မြေများအလိုက် လုံခြုံရေးလုပ်ငန်းများအား အထူးကြပ်မတ်စစ်ဆေးဆောင်ရွက်လျက်ရှိသည်။


စိုးမိုး


ရွှေဇင်အေး


တာရာစိုး


ဇော်ဇော်


သိမ့်သန္တာနှင်း

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မတ် ၃၁ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် တောင်ငူမြို့၊ ရန်ကုန်-မန္တလေးလမ်း၊ အင်းဝဘာဏ်လမ်းထောင့်၌ နေပြည်တော်မှ ရန်ကုန်သို့ ယာဉ်မောင်း ဦးစိုးမိုး(ဘ)ဦးစံဌေး မိတ္ထီလာမြို့နေသူ မောင်းနှင်လာသည့် ယာဉ်အမှတ်၊ 4P/ 7429၊ Toyota Vios အမျိုးအစားယာဉ်အား စစ်ဆေးရာ ယာဉ်ပေါ်မှ မိတ္ထီလာမြို့နေသူ နှစ်ဦးဖြစ်သည့် ဒေါ်ရွှေဇင်အေး(ဘ) ဦးစန်းရွှေ အသက် ၃၈ နှစ်၊ ဦးတာရာစိုး(ဘ) ဦးစိုးမင်း အသက် ၂၁ နှစ်တို့အားလည်းကောင်း၊ မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ ခန့်တွင် ရန်ကုန်-မန္တလေးကားလမ်း၊ ပေါ်တော်မူဘုရားရှေ့၌ ယာဉ်မောင်း ဦးဇော်ဇော်(ဘ) ဦးကျင်သောင်း မြင်းခြံမြို့နေသူ မောင်းနှင်လာသည့် ယာဉ်အမှတ်၊ 6Q/ 2462 ၊ KIA Picanto အမျိုးအစား ယာဉ်အားစစ်ဆေးရာ ယာဉ်ပေါ်မှ ၎င်း၏ ဇနီးဖြစ်သူ ဒေါ်သိမ့်သန္တာနှင်း(ဘ)ဦးမျိုးသက် အသက် ၃၈ နှစ်တို့အားလည်းကောင်း၊ လက်တော့ပ် နှစ်လုံး အပါအဝင် အခြားဆက်စပ်ပစ္စည်းများနှင့်အတူ တွေ့ရှိခဲ့သဖြင့် စစ်ဆေးခဲ့ရာ ၎င်းတို့သည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း နယ်မြေများအတွင်းသို့ စစ်သင်တန်း တက်ရောက်ရန် သွားရောက်ကြမည့်သူများဖြစ်ကြောင်း သိရှိရသဖြင့် အချိန်မီ ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။

ထိန်းသိမ်းခံရသူများ၏ ထွက်ဆိုချက်အရ ၎င်းတို့သည် ဆူပူအကြမ်းဖက်ဆန္ဒပြမှုများတွင် ဦးဆောင်ပါဝင်ခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရန်ပြုတိုက်ခိုက်ရန် ဒိုင်း၊ လုံ စသည့်ပစ္စည်းများအား ထောက်ပံ့ပေးခြင်း၊ CDM ပြုလုပ်သည့် ဝန်ထမ်းများအား ထောက်ပံ့ရန်အတွက် ထောက်ပံ့ငွေများအား အလှူခံခြင်း၊ ထောက်ပံ့ပေးခြင်း၊ ပေါက်ကွဲစေတတ်သော ပစ္စည်းများအား စမ်းသပ်ဖောက်ခွဲခြင်း၊ CDM ဆောင်ရွက်မှုမရှိသော ဆရာ ဆရာမများအား Social Punishment ပြုလုပ်ခြင်းများ ဆောင်ရွက်ခဲ့ပြီး ၎င်းတို့အနေဖြင့် စစ်သင်တန်း တက်ရောက်ရန်အတွက် ဦးထက်အောင်(၅၂) နှစ်(အဘ၊နေရပ်) စီစစ်ဆဲ(စစ မျိုးဆက်ကျောင်းသားဟောင်း)နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတစ်ခုမှ အဆင့် စီစစ်ဆဲ ဦးမြင့်စိုးတို့နှင့် ချိတ်ဆက်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါဖမ်းဆီးထိန်းသိမ်းထားသူများအား နိုင်ငံတော်အကြည်ညိုပျက်စေမှု ပုဒ်မ-၅၀၅(ခ)ဖြင့် အမှုဖွင့်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် ထွက်ပြေးလွတ်မြောက်လျက်ရှိသည့်ဆက်စပ်တရားခံ ဦးထက်အောင်နှင့် ဦးမြင့်စိုးတို့ နှစ်ဦးအား အမြန်ဆုံးဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

■

»» စာမျက်နှာ ၂၄ မှ

တန်ပြန်ဆောင်ရွက်ခဲ့မှုနှင့် စပ်လျဉ်း၍ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခဖြစ်ပေါ်မှု အခြေအနေသာဖြစ်သဖြင့် ပြည်တွင်းစစ်ဖြစ်ပွားရန် အခြေအနေလုံးဝမရှိသော်လည်း ဖြစ်တော့မည့်သယောင် ပုံကြီးချဲ့ပြောကြားခဲ့ခြင်းသာ ဖြစ်ပါသည်။

(င) မြန်မာနိုင်ငံ၏ နယ်မြေဒေသအများစုတွင် တည်ငြိမ်အေးချမ်းမှုရှိနေသည်ကို မျက်ကွယ်ပြု၍ ဆူပူအကြမ်းဖက်မှုဖြစ်ပွားနေသည့် အခြေအနေများကို ရှေ့တန်းတင်ကာ မြန်မာနိုင်ငံအား (Failed State) အဖြစ်သို့ ရောက်ရှိတော့မည့် အခြေအနေဖြစ်သယောင် ပုံကြီးချဲ့ပြောကြားခဲ့ခြင်းသာဖြစ်ပါသည်။

(စ) ယခုအခါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် စီမံအုပ်ချုပ်မှုများအား စနစ်တကျဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မှုများကြောင့် နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရားများ ကောင်းမွန်စွာလည်ပတ်နေသည်ကို မျက်ကွယ်ပြု၍ တပ်မတော်ခေါင်းဆောင်များအား စွပ်စွဲပုတ်ခတ်ပြောခဲ့ခြင်းဖြစ်ပါသည်။

၄။ Ms. Christine Schraner Burgener သည် မြန်မာနိုင်ငံ၏ ပကတိဖြစ်ပေါ်တိုးတက်မှုများနှင့် ကင်းကွာလျက်ရှိသည့် သတင်းအရင်းအမြစ်များမှ ရရှိသော အချက်အလက်များကို အခြေခံကာ ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ ဆွေးနွေးတင်ပြခဲ့ကြောင်း တွေ့ရှိရပါသည်။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်ဖြစ်သူ Ms. Christine Schraner Burgener အနေဖြင့် မြန်မာနိုင်ငံအရေးနှင့် စပ်လျဉ်း၍ မှန်ကန်မျှတစွာ လုပ်ဆောင်မည်ဟု မျှော်လင့်ထားသော်လည်း ကုလသမဂ္ဂ၏ မူသဘောတရားများနှင့် ဆန့်ကျင်စွာ တစ်ဖက်သတ်စွပ်စွဲပြောကြားခဲ့သည်ကို တွေ့ရှိရကြောင်း ထုတ်ပြန်ထားသည်။




# တူမီးသေနတ်များနှင့် လက်လုပ်သေနတ်များအား လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်အပ်နှံ

နေပြည်တော် ဧပြီ ၂

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်အတွင်းရှိ ကျေးရွာအချို့တို့၌ ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် လက်လုပ်သေနတ်များ ကိုင်ဆောင်နေကြောင်း သတင်းအရ ဧပြီ ၁ ရက်တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် တပ်နယ်အသီးသီးမှ လုံခြုံရေးတပ်ဖွဲ့ဝင်များက သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်အတူ သွားရောက်၍ ဒေသခံပြည်သူများကို တရားမဝင်လက်နက်ကိုင်ဆောင်ခြင်းသည် တရားဥပဒေဖြင့် ထိရောက်စွာ အရေးယူခံရနိုင်ကြောင်း နားလည်သဘောပေါက်အောင် ရှင်းလင်းပြောကြားသည်။

ယင်းသို့ ရှင်းလင်းပြောကြားမှုကြောင့် ကျေးရွာနေပြည်သူများက နားလည်သဘောပေါက်ကာ တူမီးသေနတ် ၁၄၆ လက်နှင့် လက်လုပ်သေနတ် ၄၄ လက်တို့ကို ၎င်းတို့ သဘောဆန္ဒအလျောက် လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ အသီးသီးလာရောက်အပ်နှံခဲ့ကြသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ကျေးရွာအချို့တို့မှ ဒေသခံပြည်သူများက လေသေနတ် ၁၉ လက်တို့ကို ၎င်းတို့သဘောဆန္ဒအလျောက် လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်အပ်နှံခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# မေ ၂ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၁၃ ဦး တွေ့ရှိ

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

**(၂-၄-၂၀၂၁) ရက်နေ့ ည (၈:၀၀)နာရီ**

(၁-၄-၂၀၂၁)ရက်နေ့ ည (၈:၀၀)နာရီမှ (၂-၄-၂၀၂၁)ရက်နေ့ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲ နမူနာစုစုပေါင်း (၉၃၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် (၁၃) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၅၄၀,၅၈၄) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၄၇၉) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၈) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၈၁၀) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေး နည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဒေသခံပြည်သူ လူနာများကို တပ်မတော်ဆေးရုံများ၌ ဆက်လက် လက်ခံကုသ

နေပြည်တော် မေ ၂

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသား ပြည်သူများအတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေး စောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၁၁၂၆၂၅ ဦး၊ အတွင်းလူနာ ၄၁၀၁ ဦးကို တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ကျန်းမာရေး စစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန်လိုအပ်သည့် လူနာများအား ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သောလူနာများကို ဆေးရုံတင်ကာ ကျန်းမာရေး စောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်ပေးသည့် အပြင် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက် ကိုပါ စီမံဆောင်ရွက်ပေးသည်။

ထိုသို့ လာရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများအနက် အကြီးစားခွဲစိတ်ကုသရန် လိုအပ်သူ ၅၂၈၂ ဦး၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၂၇၇၅ ဦး စုစုပေါင်း ၈၀၅၇ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက် ရှိသည်။ ၎င်းအပြင် ကလေးမီးဖွားရန် အခက်အခဲ ဖြစ်နေသည့် မွေးလူနာများကို တပ်မတော်ဆေးရုံ အသီးသီးတွင် တက်ရောက်စေလျက်ရှိပြီး ၎င်းတို့ အနက် ၂၇၉၈ ဦးကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၄၂၇၆ ဦးကို သာမန်မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၇၀၇၄ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။

ယင်းသို့ ဒေသခံပြည်သူများကို ဆေးကုသ ပေးနေမှုအခြေအနေများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူ များက သွားရောက်ကြည့်ရှုအားပေးပြီး ဆေးရုံ တက်ရောက်ကုသမှုခံယူနေသော လူနာများအတွက် စားသောက်ဖွယ်ရာများနှင့် ကျန်းမာရေးဝန်ထမ်းများ အတွက် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# (၂၈) ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ အကြိုအလုပ်ရုံဆွေးနွေးပွဲ (Pre-conference Workshop) ကျင်းပ

ရန်ကုန် မေ ၂

(၂၈)ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာဆိုင်ရာ နှီးနှောဖလှယ်ပွဲ အကြိုအလုပ်ရုံဆွေးနွေးပွဲ (Pre-conference Workshop) ကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးတက္ကသိုလ်၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားကို တပ်မတော်ဆေးတက္ကသိုလ် Theatre ခန်းမတွင်ပြုလုပ်ပြီး တပ်မတော်ဆေးတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် အောင်မင်းဦး၊ တပ်မတော်ဆေးတက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးချုပ် ခင်အောင်ထွန်းနှင့် ဌာနမှူးများ၊ အလုပ်ရုံဆွေးနွေးပွဲတွင် ပါဝင်မည့် သင်တန်းသားများ တက်ရောက်ကြသည်။

**ဦးဆောင်ဆွေးနွေး**

အစီအစဉ်အရ အကြိုအလုပ်ရုံဆွေးနွေးပွဲ (Pre-conference Workshop) ကို "Blueprinting: Creating a Test blueprint" ခေါင်းစဉ်ဖြင့် ပြုလုပ်ခဲ့သည်။ ဆေးပညာသင်ကြားရေးဌာနမှ ဂုဏ်ထူးဆောင် ပါမောက္ခများ၊ ဌာနမှူးများက နံနက်ပိုင်းအစီအစဉ်တွင် ဦးဆောင်ဆွေးနွေးခဲ့ပြီး မွန်းလွဲပိုင်းတွင် သင်တန်းသားများက အုပ်စုခွဲ လေ့ကျင့်ခန်းပြုလုပ်ပြီး အုပ်စုအလိုက် Presentation များ တင်ပြကြသည်။ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်သူများအနေဖြင့် ဆေးပညာသင်ကြားရေးအတွက် အရေးကြီးအစိတ်အပိုင်းတစ်ရပ် ဖြစ်သည့် Blueprinting နှင့်စပ်လျဉ်းပြီး အသိအမြင်ဗဟုသုတနှင့် ကျွမ်းကျင်မှုများကို မိမိတို့သက်ဆိုင်ရာ နယ်ပယ်အသီးသီးတွင် ထိထိရောက်ရောက် အကျိုးရှိရှိအသုံးချနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

(၂၈)ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာဆိုင်ရာ နှီးနှောဖလှယ်ပွဲကို ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)၊ ဆင်ဖြူရှင်ခန်းမတွင် မေ ၅ ရက်မှ မေ ၇ ရက်အထိ Online စနစ်ဖြင့် Virtual Conference ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

**ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ**

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၁၂၄၈၇၁၂ | ၂၃၇၅၄၄၈၁ | ၅၆၆၉၁ |
| ၂။ | ဘရာဇီး | ၁၂၈၄၂၇၁၇ | ၁၁၂၃၉၀၉၉ | ၃၂၅၅၉ |
| ၃။ | အိန္ဒိယ | ၁၂၃၀၃၇၆၇ | ၁၁၅၂၅၀၃၉ | ၁၆၃၄၃၄ |
| ၄။ | ပြင်သစ် | ၄၆၉၅၀၈၂ | ၂၉၆၁၆၆ | ၉၅၉၇၆ |
| ၅။ | ရုရှား | ၄၅၆၃၀၅၆ | ၄၁၈၆၂၅၁ | ၉၉၆၃၃ |
| ၆။ | ဗြိတိန် | ၄၃၅၀၂၆၆ | ၃၈၆၀၁၇၄ | ၁၂၆၇၆၄ |
| ၇။ | အီတလီ | ၃၆၀၇၀၈၃ | ၂၉၃၃၇၅၇ | ၁၀၉၈၄၇ |
| ၈။ | စပိန် | ၃၂၉၁၃၉၄ | ၃၀၅၄၇၂၅ | ၇၅၅၄၁ |
| ၉။ | တူရကီ | ၃၃၅၇၉၈၈ | ၃၀၃၅၀၄၃ | ၃၁၇၁၃ |
| ၁၀။ | ဂျာမနီ | ၂၈၆၀၁၇၈ | ၂၅၄၈၂၀၀ | ၇၇၃၀၀ |

**အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်**

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၅၂၃၁၇၉ | ၁၃၆၀၁၀၇ | ၄၁၁၅၁ |
| ၂။ | ဖိလစ်ပိုင် | ၇၇၁၄၉၇ | ၆၀၄၃၆၈ | ၁၃၃၂၀ |
| ၃။ | မလေးရှား | ၃၄၇၉၇၂ | ၃၃၂၄၄၃ | ၁၂၈၃ |
| ၄။ | မြန်မာ | ၁၄၂၄၇၉ | ၁၃၁၈၁၀ | ၃၂၀၆ |
| ၅။ | စင်ကာပူ | ၆၀၄၅၀ | ၆၀၁၇၆ | ၃၀ |
| ၆။ | ထိုင်း | ၂၈၉၄၇ | ၂၇၆၀၆ | ၉၄ |
| ၇။ | ဗီယက်နမ် | ၂၆၂၀ | ၂၃၈၃ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၂၅၄၆ | ၁၂၅၆ | ၁၆ |
| ၉။ | ဘရူနိုင်း | ၂၀၃ | ၁၉၅ | ၃ |
| ၁၀။ | လာအို | ၄၉ | ၄၆ | ၀ |

# မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား လက်ဝယ်ထားရှိသူများနှင့်အတူ ဆက်လက်ဖော်ထုတ်ဖမ်းဆီး

နေပြည်တော် ဧပြီ ၂

မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား လက်ဝယ်ထားရှိသူများနှင့်အတူ ဆက်လက်ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများ ပြုလုပ်သူများ၊ လက်ဝယ်ထားရှိသူများကို ဖော်ထုတ်ဖမ်းဆီးလျက်ရှိရာ ဧပြီ ၂ ရက်တွင်လည်း မြို့နယ်အချို့၌ လက်ဝယ်ထားရှိသူများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိကြောင်း။

ထိုသို့ဖော်ထုတ်ဖမ်းဆီးရာတွင် ဧပြီ ၁ ရက် ည ၉ နာရီတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သာကေတမြို့နယ်အတွင်း တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် အမှတ်(၈)ရပ်ကွက် နဝရတ်(၃)လမ်း တိုက်(၅၀၆) သုံးလွှာ အခန်း(B)အား သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ အခန်းအတွင်းမှ နိုင်ဝင်းအောင်ပါ အမျိုးသားသုံးဦးကို တွေ့ရှိရသဖြင့် ထိန်းသိမ်းခဲ့ပြီး ဆက်လက်ရှာဖွေခဲ့ရာ အခန်းအတွင်းမှ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ဒိုင်းသုံးခု၊ မီးခိုးကာမျက်နှာဖုံး သုံးခု၊ မီးခိုးကာမျက်မှန် တစ်ခု၊ အလူမီနီယမ်ဖြင့်ပြုလုပ်ထားသော လေးခွစင်ကြီးတစ်ခု၊ စကားပြောစက်နှစ်လုံးနှင့် အခြားဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ တိုက်နောက်ဘက် အရေးပေါ်လှေကားအဆင်းမြောင်းအတွင်းမှ လက်လုပ် မီးခိုးဗုံးငါးလုံးတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း။

အလားတူ ယင်းနေ့ နံနက် ၈ နာရီ ၄၅ မိနစ်တွင် ပြင်ဦးလွင်မြို့နယ် ရေငယ်ကျေးရွာအနီး မန္တလေး-လားရှိုးကားလမ်းပေါ်ရှိ စစ်ဆေးရေး



ပြင်ဦးလွင် စစ်ဆေးရေးဂိတ်၌ လေသေနတ်ဖမ်းဆီးရမိမှုဖြစ်စဉ်တွင် သိမ်းဆည်းရမိသည့် သက်သေခံပစ္စည်းများ။



တရားခံ ပိုင်စိုးမင်းနှင့် သက်သေခံပစ္စည်းများ

ဂိတ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ယာဉ်စစ်ဆေးခြင်းဆောင်ရွက်နေစဉ် နောင်ချိုမှ မန္တလေးသို့ နောင်ချိုမြို့နယ်နေ နိုင်ဝင်း(၃၀)နှစ် (ဘ) ဦးဝင်းအောင် မောင်းနှင်လာသော MDY GG-7304 Fielder "ရွှေလွင်မင်း" ခရီးသည်တင်ယာဉ်အားစစ်ဆေးခဲ့ရာ ၎င်းယာဉ်ပေါ်တွင် တင်ဆောင်လာသော ဂျပ်ဖာနှစ်ပုံးအတွင်းမှ လေသေနတ်တစ်လက်၊ မှန်ဘီလူးနှစ်ခု၊ သံထိပ်ဖူးပါ မြားကျည် ၁၅ ခုနှင့် ရော်ဘာပိုက်ပြွန် ၁၈ ခုတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း။

အလားတူ နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ပုသိမ်မြို့ အမှတ်(၃)ရပ်ကွက်နေ မိုးဆန်းအောင်(ခ)ပြောင်ကြီး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ မိုးဆန်းအောင်(ခ)ပြောင်ကြီးကို နေအိမ်အတွင်းတွေ့ရှိရသဖြင့် ထိန်းသိမ်းခဲ့ပြီး ဆက်လက်ရှာဖွေခဲ့ရာ နေအိမ်အတွင်းမှ လေးခွတစ်လက်၊ ဂျင်ကလီ ၅၂ ချောင်း၊ ဓားမနှစ်ချောင်း၊ မီးသတ်ဆေးဘူးသုံးဘူးနှင့် အခြားဆက်စပ်ပစ္စည်းများကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း။

အလားတူ မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင် ပြည်ကြီးတံခွန်မြို့နယ် (စ)ရပ်ကွက်၊ ၁၂၆ လမ်း၊ ၅၉ x ၆၀ လမ်းကြား၊ အမှတ် တတ-၁၇/၅၁ ရှိ "ပြည့်စုံမင်း" လျှပ်စစ်ပစ္စည်းဆိုင်ကို သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ ဆိုင်အတွင်း ပိုင်စိုးမင်း (၃၀)နှစ် (ဘ) ဦးအောင်ခိုင်ကို လက်လုပ်သေနတ်နှစ်လက်၊ လေးခွတစ်လက်၊ ဓားရှည်တစ်ချောင်း၊ ဒိုင်းတစ်ချပ်၊ မှန်ပြောင်းတစ်ခုတို့နှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့ကြောင်း။

အထက်ပါဖြစ်စဉ်များမှ ဆူပူအကြမ်းဖက်လုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများ လက်ဝယ်ထားရှိသူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ဆူပူအကြမ်းဖက်သူများက ဒေသခံပြည်သူများ၏ နေအိမ်များအား မီးရှို့ဖျက်ဆီး၊ နိုင်ငံတော်ပိုင်အဆောက်အအုံများကို လက်လုပ်မိုင်းများဖြင့် ဖောက်ခွဲတိုက်ခိုက်

နေပြည်တော် ဧပြီ ၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးအား ဧပြီ ၁ ရက် ညနေ ၆ နာရီ ၅ မိနစ်ခန့်တွင် ဆူပူအကြမ်းဖက်သူလေးဦးက ဆိုင်ကယ်နှစ်စီးဖြင့် ရောက်ရှိလာပြီး ၎င်းတို့အသင့်ပါလာသည့် လက်လုပ်ဗုံး လေးလုံးဖြင့် ပစ်ပေါက်ထွက်ပြေးသွားခဲ့ရာ ရဲတပ်ဖွဲ့မှူးရုံးအတွင်း ကျရောက်မှုမရှိဘဲ ခြံစည်းရိုးအုတ်တံတိုင်းကို ထိမှန်၍ ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး လူထိခိုက်မှုမရှိကြောင်း သိရသည်။

အလားတူ ဧပြီလ ၁ ရက် ည ၇ နာရီ မိနစ် ၅၀ တွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကန်ဖျားရပ်ကွက်ရှိ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စုရုံးကို ဆူပူအကြမ်းဖက်သူ အမျိုးသား နှစ်ဦးက ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာပြီး မီးပုလင်းဖြင့် ပစ်ပေါက်ခဲ့ရာ အဆိုပါရုံးအမိုးပေါ် ကျရောက်ပေါက်ကွဲမီးလောင်ခဲ့ပြီး လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

ထို့အတူ ယနေ့နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့ အမှတ်(၅)ရပ်ကွက်ရှိ ဗိုလ်ချုပ်ကြေးရုပ်အနီး လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များအသုံးပြုသည့် မော်တော်ယာဉ်အား ဆူပူအကြမ်းဖက်သူ အမျိုးသားနှစ်ဦးက ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာပြီး လက်လုပ်မိုင်း တစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးခဲ့ရာ လူနှင့်ယာဉ် ထိခိုက်ပျက်စီးမှု မရှိကြောင်း သိရသည်။

ထို့ပြင် ယနေ့နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ ရှင်စောပုရပ်ကွက် ရှင်စောပုလမ်း UTC နောက်ကျော ထရန်စဖော်မာအနီး ဆူပူအကြမ်းဖက်သူများက လက်လုပ်အသံမိုင်းဖြင့် ပေါက်ခွဲခဲ့ရာ လူနှင့် အဆောက်အအုံ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။



ထို့ပြင် ယနေ့မွန်းတည့် ၁၂ နာရီတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ပဲခူးဘူတာနှင့် ရွှေလှေဘူတာကြား မီးရထားသံလမ်း မိုင်တိုင်အမှတ်(၄၈) ကြေးနန်းတိုင်အမှတ် ၁၀ နှင့် ၁၁ အကြား တံတားအမှတ်(၆၂)တွင် Breaktime စာတန်းပါ နီဝါရောင် မုန့်ပုံးတစ်ပုံးကို ကိုက် ၅၀ ခန့်အရှည်ရှိ ဝါယာကြိုးဖြင့် ဆက်သွယ်ထားသည့် မိုင်းဟုယူဆရသော မသင်္ကာဖွယ် ပုံးတစ်ပုံးတွေ့ရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ TNT အဝါရောင်ယမ်းပြင်းမှုန့် ငါးပေါင်ခန့်အား ဒီတိုနေတာဖြင့် ဆက်သွယ်၍ မိုင်းထောင်ထားသည်ကို စစ်ဆေးတွေ့ရသဖြင့် စစ်မြေပြင်အင်ဂျင်နီယာတပ်ဖွဲ့ဝင်များမှ မိုင်းအားရှင်းလင်းခဲ့ရာ မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင် ရှင်းလင်းမှုပြီးစီးခဲ့ကြောင်း သိရသည်။

အလားတူ ယနေ့မွန်းလွဲ ၁၂ နာရီ ၂၅ မိနစ် တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ အမှတ်(၁)ရပ်ကွက် ကံ့ကော်လမ်းရှိ နယ်မြေခံတပ်အား ဆူပူအကြမ်းဖက်လူတစ်စုက လက်လုပ်မိုင်းဖြင့် လာရောက်ပစ်ခတ်ထွက်ပြေးသွားခဲ့ပြီး အဆိုပါ လက်လုပ်မိုင်းမှာ တပ်ဝင်းအတွင်း ကျရောက်ပေါက်ကွဲခဲ့ရာ လူနှင့် အဆောက်အအုံ ထိခိုက်ပျက်စီးမှု မရှိကြောင်း သိရသည်။

ထို့အတူ ယနေ့နံနက် ၄ နာရီ မိနစ် ၄၀ ခန့်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ သစ်တောရပ်ကွက် ရှမ်းပြည်နယ်လွှတ်တော် အဆောက်အအုံကို ဆူပူအကြမ်းဖက်သူများက လက်လုပ်ဗုံးဖြင့် ပစ်ပေါက်ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

ထို့ပြင် ယနေ့နံနက် ၇ နာရီခန့်တွင် တမူးမြို့ မြို့မရပ်ကွက် နန့်ဖာလုံဈေးအနီးရှိ မီးသတ်ရုံးအား ဆူပူအကြမ်းဖက်သူအင်အား ၁၅ ဦးခန့်က တူမီးသေနတ်၊ လက်လုပ်သေနတ်များဖြင့် လာရောက်ပစ်ခတ်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လုပ်ထုံးလုပ်နည်းများနှင့်အညီ လူစုခွဲဖြိုခွဲခဲ့ရာ နံနက် ၇ နာရီခွဲခန့်တွင် လူစုကွဲသွားခဲ့ပြီး ဆူပူအကြမ်းဖက်သူများထဲမှ အမျိုးသား တစ်ဦးကို အသေဖမ်းဆီးရမိခဲ့သည်။

၎င်းအပြင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြဝတီရပ်ကွက်နေ ဒေါ်စန်းစန်းဝင်း (ဘ)ဦးညဏ်သောင်း၏ နေအိမ်အား ဧပြီ ၁ ရက် ညနေ ၅ နာရီခန့်တွင် ဆူပူအကြမ်းဖက်သူ လူတစ်ဦးက မီးပုလင်းဖြင့် လမ်းပေါ်မှနေ၍ ပစ်ပေါက်ခဲ့ရာ နေအိမ်ခြံစည်းရိုးဘေးတွင် ကျရောက်ပေါက်ကွဲခဲ့ပြီး နေအိမ်သို့ မီးကူးစက် လောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်။

အဆိုပါ မီးလောင်မှုဖြစ်ပွားရာနေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ မီးသတ်ယာဉ် ငါးစီး၊ ရေသယ်ယာဉ် သုံးစီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ညနေ ၆ နာရီခန့်တွင် မီးငြိမ်းသွားခဲ့သည်။ အဆိုပါ မီးလောင်မှုကြောင့် လူနှင့် တိရစ္ဆာန် ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် နေအိမ် ငါးလုံး ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

အလားတူ ဧပြီ ၁ ရက်နှင့် ယနေ့တို့တွင်လည်း ဆူပူအကြမ်းဖက်သူများက ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမှတ်(၅)ရပ်ကွက် ဘောလီတံတားအဆင်းနေရာ၌ရှိသည့် ယာဉ်ထိန်းရဲတပ်ဖွဲ့ အဆောက်အအုံအားလည်းကောင်း၊ အမှတ်(၄)ရပ်ကွက် ပါရမီလမ်းနှင့်ဝေဇယန္တာလမ်းထောင့်နေရာ၌ရှိသည့် ယာဉ်ထိန်းရဲတပ်ဖွဲ့ အဆောက်အအုံအားလည်းကောင်း၊ မရမ်းကုန်းမြို့နယ် နဝဒေးလမ်းဆုံနေရာ၌ရှိသည့် ယာဉ်ထိန်းရဲအဆောက်အအုံတို့အားလည်းကောင်း အသီးသီးမီးရှို့ဖျက်ဆီးခဲ့ကြကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များတွင် အများပြည်သူ အထိတ်တလန့်ဖြစ်စေရန်နှင့် နိုင်ငံတော်ပိုင် အဆောက်အအုံများကို မင်းမဲ့စရိုက်ဆန်စွာ ကျူးလွန်ခဲ့သူများကို ထိရောက်စွာအရေးယူနိုင်ရေးအတွက် အမြန်ဆုံးဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

**မိဘပြည်သူများ စိတ်အေးချမ်းသာစွာနေထိုင်နိုင်စေရေး လုံခြုံရေး ဆောင်ရွက်ပေးလျက်ရှိ**

နေပြည်တော် ဧပြီ ၂။ ။နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှစတင်၍ လုံခြုံရေးအား နေ့ညမပြတ် ပြည့်ဝစွာ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း မိဘပြည်သူများ စိတ်အေးချမ်းသာယာစွာ နေထိုင်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ လှည့်ကင်း၊ ပတ်ကင်းများဖြင့် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးတာဝန်များကို ဆက်လက်ထမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# အခုနှစ်ဘောလုံးရာသီ ဘိုင်ယန်မြူးနစ်အသင်းရရှိခဲ့တဲ့ သွင်းဂိုးစုစုပေါင်းရဲ့ ထက်ဝက်နီးပါးသွင်းယူနိုင်ခဲ့တဲ့ လီဝန်ဒိုစကီး လိုက်ပ်ဇစ်နဲ့ ပွဲစဉ်လွဲချော်မည်



ဘိုင်ယန်မြူးနစ်အသင်းတိုက်စစ်မှူး လီဝန်ဒိုစကီးဟာ အခုနှစ်ဘောလုံးရာသီ ပြိုင်ပွဲအရပ်ရပ်မှာ ဘိုင်ယန်မြူးနစ်အသင်း သွင်းယူနိုင်ခဲ့တဲ့ သွင်းဂိုးစုစုပေါင်း ၁၁၅ ဂိုးထဲမှာ ၄၂ ဂိုး(၃၆ ဒသမ ၅ ရာခိုင်နှုန်း) အထိ သွင်းယူပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။

ဒါပေမယ့် တိုက်စစ်မှူး လီဝန်ဒိုစကီးဟာ ဒူးဒဏ်ရာပြဿနာ ကြုံတွေ့ခဲ့ရတာကြောင့် ဧပြီ ၃ ရက်မှာ လိုက်ပ်ဇစ်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမယ့် ဂျာမန်ဘွန်ဒက်လီဂါပွဲစဉ်မှာ လွဲချော်ရဖို့ရှိနေပြီး ရရှိထားတဲ့ ဒဏ်ရာကြောင့် တစ်လနီးပါးကြာအနားယူရဖို့ ရှိနေတယ်လို့လည်း သိရပါတယ်။

ပိုလန်အသင်းနဲ့ ဘိုင်ယန်မြူးနစ်အသင်းတို့အတွက် အားထားရတဲ့ တိုက်စစ်မှူး လီဝန်ဒိုစကီးဟာ ပိုလန်အသင်းရဲ့ နိုင်ငံတကာပွဲစဉ်မှာ ဒူးဒဏ်ရာရရှိခဲ့တာဖြစ်ပြီး ဘိုင်ယန်မြူးနစ်အသင်းနဲ့ ပီအက်စ်ဂျီအသင်းတို့ ယှဉ်ပြိုင်ကစားမယ့် ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်တွေမှာလည်း လွဲချော်ရဖို့ရှိနေတာ ဖြစ်ပါတယ်။

ဧပြီ ၃ ရက်မှာ လိုက်ပ်ဇစ်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမယ့် ဘွန်ဒက်လီဂါပွဲစဉ်ဟာ ဘိုင်ယန်မြူးနစ်အသင်းအတွက် အရေးပါတဲ့ပွဲစဉ်တစ်ပွဲဖြစ်ပြီး လက်ရှိအနေအထားဟာ ဘိုင်ယန်မြူးနစ်အသင်းနဲ့ လိုက်ပ်ဇစ်အသင်းတို့ဟာ ဘွန်ဒက်လီဂါဖလားရရှိရေး အမှတ်ပေးဇယားထိပ်မှာ အပြိုင်ကြိုးပမ်းနေရတာ ဖြစ်ပါတယ်။ ဘိုင်ယန်မြူးနစ်အသင်းဟာ ဘွန်ဒက်လီဂါပွဲစဉ် ၂၆ ပွဲကစားအပြီးမှာ ရမှတ် ၆၁ မှတ်နဲ့ အမှတ်ပေးဇယားထိပ်မှာ ဦးဆောင်နေပြီး လိုက်ဇစ်အသင်းကလည်း ဘွန်ဒက်လီဂါပွဲစဉ် ၂၆ ပွဲကစားအပြီးမှာ ရမှတ် ၅၇ မှတ်နဲ့ အမှတ်ပေးဇယား ဒုတိယနေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

ဘိုင်ယန်မြူးနစ်အသင်းဟာ လိုက်ဇစ်အသင်းကို အနိုင်ရရှိခဲ့မယ်ဆိုရင် လက်ရှိလေးမှတ်ကွာအနေအထားကနေ ခုနစ်မှတ်ကွာအနေအထားကို ရောက်ရှိလာမှာဖြစ်ပြီး လိုက်ဇစ်အသင်းကို ရှုံးနိမ့်ခဲ့မယ်ဆိုရင်တော့ တစ်မှတ်ကွာအနေအထားကို ရောက်ရှိသွားမှာ ဖြစ်ပါတယ်။

ဘိုင်ယန်မြူးနစ်အသင်းဟာ အသင်းရဲ့အခုနှစ်ဘောလုံးရာသီ ထိပ်တန်းဂိုးသွင်းရှင်ဖြစ်တဲ့ တိုက်စစ်မှူး လီဝန်ဒိုစကီး ဒဏ်ရာပြဿနာ ကြုံတွေ့နေရခြင်းက အသင်းရဲ့ဂိုးရရှိရေးအတွက် အခက်အခဲတစ်ရပ်ဖြစ်နေပြီး တိုက်စစ်မှူး လီဝန်ဒိုစကီးအနေနဲ့ အခုနှစ်ဘောလုံးရာသီမှာ ဘွန်ဒက်လီဂါသွင်းဂိုး ၃၅ ဂိုးအထိသွင်းယူထားတာ ဖြစ်ပါတယ်။

တိုက်စစ်မှူး လီဝန်ဒိုစကီးအနေနဲ့ ဒဏ်ရာပြဿနာကနေ ပြန်လည်သက်သာလာတာ ဘိုင်ယန်မြူးနစ် ဂိုးတွေထပ်မံသွင်းယူနိုင်မယ်ဆိုပါက ဘိုင်ယန်မြူးနစ်အသင်းအတွက် ၁၉၇၁-၁၉၇၂ ဘောလုံးရာသီမှာ သွင်းဂိုး ၄၀ အထိစံချိန်တင်သွင်းယူနိုင်ခဲ့တဲ့ တိုက်စစ်မှူး ဂတ်မူလာရဲ့ စံချိန်ကို ကျော်ဖြတ်နိုင်ဖို့လည်းရှိနေတာ ဖြစ်ပါတယ်။

## O လီဗာပူးအသင်းမှ

အသက် ၃၅ နှစ်အရွယ်ရှိ နောက်တန်းကစားသမား ရာမို့စ်ဟာ စပိန်အသင်းနဲ့အတူ ပါဝင်ပွဲထွက်ကစားခဲ့တဲ့ နိုင်ငံတကာပွဲစဉ်မှာ ခြေသလုံးကြွက်သားဒဏ်ရာရရှိခဲ့တာလည်းဖြစ်ပါတယ်။ ရီးယဲလ်မက်ဒရစ်အသင်းဟာ ဧပြီ ၆ ရက်မှာ ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ပထမအကျော့ပွဲစဉ်အဖြစ် လီဗာပူးအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး ဧပြီ ၁၄ ရက်မှာတော့ စပိန်လာလီဂါရဲ့ အယ်လ်ကလက်စီကိုပွဲစဉ်အဖြစ် ဘာစီလိုနာအသင်းနဲ့ ယှဉ်ပြိုင်ကစားရဖို့ရှိနေတာဖြစ်ပါတယ်။

### ဒဏ်ရာပြဿနာကြုံတွေ့ခဲ့ရ

ရီးယဲလ်မက်ဒရစ်အသင်းခေါင်းဆောင် ဆာဂျီယိုရာမို့စ်ဟာ စပိန်အသင်းက ကိုဆိုဗိုအသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တဲ့ ၂၀၂၂ ကမ္ဘာ့ဖလားဝင်ခွင့်အတွက် ယှဉ်ပြိုင်ကစားခဲ့တဲ့ ဥရောပဇုန်ခြေစစ်ပွဲယှဉ်ပြိုင်ကစားပြီးနောက် စပိန်အသင်းရဲ့ လေ့ကျင့်ရေးအစီအစဉ်အတွင်းမှာ ဒဏ်ရာပြဿနာ ကြုံတွေ့ခဲ့ရတာဖြစ်တယ်လို့လည်း စပိန်အသင်းက ဧပြီ ၁ ရက်မှာ အတည်ပြုပြောကြားခဲ့ပါတယ်။ ရီးယဲလ်မက်ဒရစ်အသင်းဟာ လီဗာပူးအသင်းနဲ့ ယှဉ်ပြိုင်ကစားရမယ့် ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့် ပထမအကျော့ပွဲစဉ်မှာ အိမ်ကွင်း ဘာနေဗျူးမှာ ဧည့်ခံကစားရမှာလည်း ဖြစ်ပါတယ်။

**ငွေကြယ် - ရေးသားသည်**

## ယူအီးအက်ဖ်အေက နွေရာသီကာလတွင် ကျင်းပမယ့် ယူရိုပြိုင်ပွဲ၌ ကစားသမားငါးဦးအထိ လူစားလဲကစားခွင့်ပြုမည်

ဥရောပဘောလုံးအဖွဲ့ချုပ် (ယူအီးအက်ဖ်အေ)ဟာ အခုနှစ်နွေရာသီကာလအတွင်းမှာ ကျင်းပမယ့် ယူရိုပြိုင်ပွဲမှာ ပြိုင်ပွဲဝင်အသင်းတိုင်းအား ပွဲစဉ်တစ်ပွဲလျှင် ကစားသမားငါးဦးအထိ လူစားလဲကစားခွင့်ပြုသွားမှာဖြစ်တယ်လို့ သိရပါတယ်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ယှဉ်ပြိုင်ကစားနေတဲ့ ခြေစစ်ပွဲစဉ်တွေကို ၂၀၂၂ ခုနှစ် မတ်လအထိ ကျင်းပရမှာဖြစ်တဲ့အတွက် အဲဒီခြေစစ်ပွဲစဉ်တွေမှာ ကစားသမားငါးဦးအထိ လူစားလဲ ကစားခွင့်ပြုခဲ့ပြီးနောက် ဥရောပဘောလုံးအဖွဲ့ချုပ်ကလည်း ယူရိုပြိုင်ပွဲမှာ ပွဲစဉ်တစ်ပွဲလျှင် ကစားသမားငါးဦးအထိ လူစားလဲကစားခွင့်ပြုသွားမယ့်စည်းမျဉ်းတစ်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

ဒါ့ပြင် ဥရောပဘောလုံးအဖွဲ့ချုပ်ဟာ ယူအီးအက်ဖ်အေနေးရှင်းလိဂ်ပြိုင်ပွဲတွေမှာလည်း ကစားသမားငါးဦးအထိ လူစားလဲဝင်ရောက်ကစားခွင့်ပြုသွားမှာဖြစ်တယ်လို့ သိရပါတယ်။

ကစားသမားငါးဦးအထိ လူစားလဲကစားခွင့်ကို ကမ္ဘာတစ်ဝန်းရှိ ပြိုင်ပွဲအရပ်ရပ်မှာ အသုံးပြုခဲ့ပေမယ့် ဥရောပရဲ့ ထိပ်တန်းပြိုင်ပွဲတစ်ခုဖြစ်တဲ့ ပရီမီယာလိဂ်ပြိုင်ပွဲကတော့ ၂၀၂၀-၂၀၂၁ ဘောလုံးရာသီအတွင်းမှာ ကစားသမားငါးဦးအထိ လူစားလဲကစားခွင့်မပြုခဲ့ဘူးလို့ သိရပါတယ်။

ဥရောပဘောလုံးအဖွဲ့ချုပ်က ဦးဆောင်ကျင်းပခဲ့တဲ့ ယူရိုပြိုင်ပွဲတွေအနက် ယူရို ၂၀၂၀ ပြိုင်ပွဲဟာ ကိုဗစ်-၁၉ ရောဂါကြောင့် ၂၀၂၀ ပြည့်နှစ်အတွင်းမှ မကျင်းပနိုင်ခဲ့ဘဲ ၂၀၂၁ ခုနှစ်သို့ ရွှေ့ဆိုင်းခဲ့ရတာဖြစ်ပြီး အဲဒီယူရိုပြိုင်ပွဲကို ဇွန် ၁၁ ရက်ကနေ ဇူလိုင် ၁၁ အထိ ကျင်းပသွားမှာဖြစ်ပါတယ်။

ဥရောပဘောလုံးအဖွဲ့ချုပ်ဟာ ယူရိုပြိုင်ပွဲမှာ ကစားသမားငါးဦးအထိ လူစားလဲကစားခွင့်ပေးဖို့ ဆုံးဖြတ်ခဲ့တဲ့အပြင် ဥရောပဘောလုံးအဖွဲ့ချုပ်ရဲ့ စည်းမျဉ်းကော်မတီကလည်း ယူရိုပြိုင်ပွဲတွေမှာ အိမ်ရှင်အသင်းကို ပရိသတ်ဝင်ဆံ့မှုရဲ့ ၃၀ ရာခိုင်နှုန်းအထိ ဝင်ရောက်ကြည့်ရှုခွင့်ပေးဖို့လည်း အတည်ပြုပေးထားတယ်လို့ သိရပါတယ်။

## အနုပညာ

# Star Wars ရုပ်ရှင်သစ် ထုတ်လွှင့်မယ့်ရက်ကြေညာ



ဟောလိဝုဒ်ရဲ့ ကျော်ကြားတဲ့ ဇာတ်လမ်းတွဲရုပ်ရှင်တွေဖြစ်တဲ့ Star Wars ရုပ်ရှင်တွေရဲ့ ရုပ်ရှင်သစ်ဖြစ်တဲ့ Star Wars: The Bad Batch ကို လာမယ့် မေ ၄ ရက်မှာ စတင်ထုတ်လွှင့်မှာဖြစ်ကြောင်း လတ်တလောမှာ ထုတ်ပြန်ကြေညာခဲ့တယ်လို့ အေးရှားဝမ်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါ ရုပ်ရှင်သစ်မှာ ကိုယ်ပွားတွေအကြားက တိုက်ပွဲတွေကို တွေ့မြင်ရမှာလည်း ဖြစ်ပါတယ်။ လတ်တလောမှာ Star Wars: The Bad Batch အတွက် ပိုစတာကို ဒစ်စနေက ထုတ်ဖော်ပြသရာမှာတော့ ရုံတင်ပြသမယ့်ရက်ကို ထည့်သွင်းဖော်ပြခဲ့တာပါ။ လာမယ့် မေ ၄ ရက်မှာ အဆိုပါရုပ်ရှင်သစ်ကို ပရိသတ်ရှေ့အရောက် ပို့ဆောင်မှာလည်း ဖြစ်ပါတယ်။ ယင်းရုပ်ရှင်သစ်အတွက် ပိုစတာခေတ်ပုံနဲ့အတူ အစမ်းရုပ်ရှင်ကိုလည်း ထုတ်လွှင့်ပေးခဲ့ကြောင်းလည်း သိရပါတယ်။

**အေးပြည့် - စုစည်းသည်**

# ဆယ်ကျော်သက် ကင်ဆာရောဂါသည်တွေအတွက် အမေရိကန်ဒေါ်လာ ငါးသိန်းလှူဒါန်းခဲ့တဲ့ ခိုင်လီဂျန်နာ

ကျော်ကြားတဲ့ ဟောလိဝုဒ်ကြယ်ပွင့်တစ်ဦးဖြစ်သူ ခိုင်လီဂျန်နာက ဆယ်ကျော်သက်အရွယ်ကင်ဆာရောဂါသည်တွေအတွက် အထောက်အပံ့ဖြစ်စေဖို့ ရည်ရွယ်ကာ ဆေးရုံဧည့်ခန်းဆောင် ဆောက်လုပ်ဖို့အတွက် လတ်တလောမှာ အမေရိကန်ဒေါ်လာ ငါးသိန်းလှူဒါန်းခဲ့ကြောင်း အေးရှားဝမ်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မတ် ၃၁ ရက်မှာ ခိုင်လီဂျန်နာက သူဟာ နက်ရှ်ဗီးလ်မှာရှိတဲ့ မွန်ရိုးကာရယ်လ်ဂျူနီယာ ကလေးဆေးရုံရဲ့ ဆယ်ကျော်သက်တွေအတွက် ထားရှိပေးတဲ့ဧည့်ခန်းမှာ ရောက်ရှိနေကြောင်း ရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

ခိုင်လီဂျန်နာရဲ့ လှူဒါန်းခဲ့တဲ့ ငွေတွေကို ရော့ခ်တေးသံရှင်တွေဖြစ်ကြတဲ့ ရော်ဂျာဒယ်ထရေးနဲ့ ပီးတောင်းရှန်းတို့ ထူထောင်ထားတဲ့ ဆယ်ကျော်သက် ကင်ဆာအမေရိကန်အဖွဲ့က ထပ်မံပံ့ပိုးပေးခဲ့တာ ဖြစ်ပါတယ်။ ခိုင်လီဂျန်နာအနေနဲ့ ဒီလိုလှူဒါန်းဖို့ ရွေးချယ်ခဲ့တာဟာ သူ့ရဲ့သူငယ်ချင်းဖြစ်သူ ဟယ်ရီဟန်ဆန်ကြောင့်လည်း ဖြစ်နိုင်ပါတယ်။ ဟယ်ရီဟာ ၂၀၁၇ ခုနှစ်အတွင်း ကင်ဆာရောဂါခံစားခဲ့ရပြီး ကုသမှုတွေခံယူခဲ့ရသူလည်း ဖြစ်ပါတယ်။

အဆိုပါ ဧည့်ခန်းရဲ့ အမည်ကိုတော့ For You လို့အမည်ပေးထားပြီး အဆိုပါအမည်ဟာ တေးသံရှင် ဟယ်ရီဟန်ဆန်အတွက် တည်ထောင်ထားတဲ့ ရန်ပုံငွေအမည်ကို အစွဲပြုပေးထားတာဖြစ်သလို ဟယ်ရီ သီဆိုထားကာ ၂၀၂၀ ပြည့်နှစ်အတွင်း ထွက်ရှိခဲ့တဲ့ သူ့ရဲ့ တေးအယ်လ်ဘမ်အမည်လည်း ဖြစ်ပါတယ်။

သတင်းရင်းမြစ်တစ်ဦးရဲ့ ပြောကြားချက်အရ ဟယ်ရီအနေနဲ့ ၂၀၁၇ ခုနှစ်အတွင်း ကီမိုဆေးသွင်းကာ ကုသမှုတွေ ခံယူနေချိန်မှာ ခိုင်လီဂျန်နာဟာ သူ့ရဲ့ အခင်ဆုံးသူငယ်ချင်းနဲ့အတူ ရှိနေခဲ့ကြောင်း၊ အဲဒီအချိန်မှာ ခိုင်လီဂျန်နာတို့နှစ်ဦးဟာ ကင်ဆာရောဂါသည်တွေအတွက် စိတ်ပိုင်းဆိုင်ရာခွန်အားတွေရရှိနေဖို့ မျှော်လင့်ချက်တွေ ရှင်သန်စေဖို့ အရေးကြီးကြောင်း နားလည်ခဲ့ကြတယ်လို့သိရပါတယ်၊ ဒါ့အပြင် ကင်ဆာရောဂါကို ကုသရာမှာ သိပ္ပံပညာနည်းတူ ပြုစုကုသပေးတဲ့ စွမ်းရည်ဟာလည်း အရေးကြီးတာကို တွေ့ရှိခဲ့ကြပါတယ်။

ခိုင်လီဂျန်နာဟာ သူထုတ်လုပ်ရောင်းချတဲ့ မိတ်ကပ်ပစ္စည်းတွေက ရောင်းရငွေကို ဆယ်ကျော်သက် ကင်ဆာရောဂါသည်တွေအတွက် သူ့ရဲ့မွေးနေ့တွေမှာ လှူဒါန်းမှာဖြစ်ကြောင်းလည်း ထုတ်ဖော်ပြောကြားခဲ့ဖူးပါတယ်။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် ဘုမိဖသမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများက ဘုမိဖသမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများ လာရောက်ဖူးမြော်နိုင်ရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြုစေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထိုး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြစ်မှုရိုးရာထည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ ဘုမိဖသမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်ကြည်း၊ ရေ၊ လေ ... သာသနာ့ဒါယကာများ ဖြည့်ဆည်းလှူဒါန်းမှုဖြင့် တည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ... တည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများအား ... အလှူခံ လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်-

(၁) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်စော ၀၉-၄၃၃၁၈၆၃၀၈၊ ၀၄၆-၄၁၀၀၅

(၂) ဒေါ်ခေတ္တအေးကြည် ၀၉-၄၂၆၃၂၂၉၄၊ ၀၉-၂၅၅၈၂၅၂၆

အလှူငွေရှာဖွေရေးလုပ်ငန်းကော်မတီ
ဘုမိဖသမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ရေးလုပ်ငန်း
ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်။

## အမုန်းစကားမပြောရ

facebook



Facebook ၏ လူမှုကွန်ရက်ဆိုင်ရာ စံနှုန်းများ

**ကမ္ဘာ့အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာ ကာကွယ်မှုနဲ့အတူ ဆက်လက် ဆောင်ရွက်စို့**

**အများသိစေရန် အသိပေးကြေညာခြင်း**

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်၊ (၁)ရပ်ကွက်၊ ၅၁-လမ်း၊ အမှတ်(၈၇)၊ အခန်းအမှတ်-(၀၀၃)၊ မြေညီထပ်၊ အလျား (၂၀)ပေ x အနံ (၆၀)ပေရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ စုပေါင်းပိုင် အဆောက်အအုံမှတ်ပုံတင်စာရင်း၌ ဦးလှသူ(ဘ) ဦးတုတ်ကြီး ၉/မခန(နိုင်)၀၂၇၄၁၄ အမည်ဖြင့် မှတ်သားထားသည်ရှိသော တိုက်ခန်းဖြစ်ပါသည်။ ယခုအခါ ဦးလှသူသည် (၁၈-၁-၂၀၂၂)ရက်တွင် (၉၆)ပါ၊ ရောဂါဖြင့် ကွယ်လွန်သွားခဲ့ပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ ဦးလှသူအမည်ဖြင့် ပိုင်ဆိုင်သော တိုက်ခန်း၏ စုပေါင်းပိုင်အဆောက်အအုံပိုင်ဆိုင်ခွင့် မှတ်ပုံတင်စာအုပ်မူရင်းမှာ ပျောက်ဆုံးလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ဦးလှသူအမည်ပေါက် စုပေါင်းပိုင်အဆောက်အအုံပိုင်ဆိုင်ခွင့် မှတ်ပုံတင်စာအုပ်မူရင်း လက်ဝယ်ရှိသူသည် ဦးလှသူ၏ ကျန်ရစ်သူမိသားစုထံသို့ (၁၄)ရက်အတွင်း လာရောက်ဆက်သွယ်ရှင်းလင်းရန်နှင့် ကျန်ရစ်သူမိသားစု၏ခွင့်ပြုချက် တစ်စုံတစ်ရာမရှိဘဲ အဆိုပါတိုက်ခန်းအား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်း၊ အမည်ပြောင်းလွှဲထားခြင်း၊ အခြားနည်းဖြင့် လွှဲပြောင်းထားခြင်း မပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးရဲလင်းထွန်း
အထက်တန်းရှေ့နေ(စဥ်-၄၂၄၃၇)
အမှတ်-၅၄၊ ပြဲတာလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၆၁၁၀၀၀၅၊ E-mail-yeltun89@gmail.com



# သတင်းစာဖတ်ပြည်သူများအနေဖြင့် မြန်မာ့အလင်း၊ ကြေးမုံ၊ The Global New Light of Myanmar ရောင်စုံသတင်းစာများ မှာယူဖတ်ရှုလိုခြင်းနှင့် သတင်းစာများရောက်ရှိမှု မရှိခြင်းတို့ကြောင့် အခက်အခဲများဖြစ်ပေါ်ပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါသည်-

- သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)၊ နေပြည်တော်။
  ဖုန်း-၀၆၇-၃၄၁၂၁၁၈၊ ၀၉-၄၃၀၁၉၁၆၂
- နေပြည်တော်သတင်းစာတိုက်(ဇေယျာသီရိမြို့နယ်)
  ဖုန်း-၀၆၇-၃၆၁၀၇၊ ၀၉-၄၂၀၇၀၆၈၆၇
- မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်)
  ဖုန်း-၀၁-၅၅၄၄၃၁၇၊ ၀၉-၄၄၈၀၄၂၂၁၄
- ကြေးမုံသတင်းစာတိုက်(ရန်ကုန်)
  ဖုန်း-၀၁-၈၂၉၂၈၃၀၊ ၀၉-၄၅၀၀၂၅၅၇၀
- The Global New Light of Myanmar (ရန်ကုန်)
  ဖုန်း-၀၁-၈၆၀၄၅၃၂၊ ၀၉-၉၈၃၉၂၄၉၉၁
- ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)
  ဖုန်း-၀၂-၄၀၃၂၇၂၉၊ ၀၂-၄၀၃၂၅၅၀
- ကိုယ်ပွားသတင်းစာတိုက်(မုံရွာ)
  ဖုန်း-၀၇၁-၂၀၂၆၅၃၅၊ ၀၇၁-၂၀၂၆၅၃၃
- ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)
  ဖုန်း-၀၅၇-၂၀၂၇၅၂၅၊ ၀၅၇-၂၀၂၇၅၂၆
- ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)
  ဖုန်း-၀၄၃-၂၀၂၄၀၉၁၊ ၀၄၃-၂၀၂၃၀၆၈
- ကိုယ်ပွားသတင်းစာတိုက်(တောင်ကြီး)
  ဖုန်း-၀၈၁-၂၁၂၁၁၆၄
- ကိုယ်ပွားသတင်းစာတိုက်(မကွေး)
  ဖုန်း-၀၆၃-၂၀၂၃၇၁၂
- ကိုယ်ပွားသတင်းစာတိုက်(ကျိုင်းတုံ)
  ဖုန်း-၀၈၄-၂၁၂၂၄၉၂
- ကိုယ်ပွားသတင်းစာတိုက်(ကလေး)
  ဖုန်း-၀၇၃-၂၁၂၂၁၃၃
- ကိုယ်ပွားသတင်းစာတိုက်(မြစ်ကြီးနား)
  ဖုန်း-၀၇၄-၂၅၂၂၄၆၂
- ကိုယ်ပွားသတင်းစာတိုက်(လားရှိုး)
  ဖုန်း-၀၈၂-၂၂၀၄၀၆၇
- ကိုယ်ပွားသတင်းစာတိုက်(မြိတ်)
  ဖုန်း-၀၅၉-၂၀၄၂၀၈၃

## သင့်လုပ်ငန်းများအောင်မြင်ဖို့

အမြို့မြို့အနယ်နယ်ပျံ့သည့် မြန်မာ့အလင်း

GLOBAL NEW LIGHT OF MYANMAR

ကြေးမုံ

သတင်းအတွက် ကြော်ငြာထည့်ကြစို့



သီရိမင်္ဂလာဈေး၌ ဈေးရောင်း၊ ဈေးဝယ်သူများဖြင့် စည်းကားလျက်ရှိသည်ကို တွေ့ရစဉ်။

# ကုန်စည်များဝင်ရောက်လျက်ရှိပြီး မြန်မာပြည်အရပ်ရပ်သို့ ဖြန့်ဖြူးပေးလျက်ရှိ

ရန်ကုန် ဧပြီ ၂

ရန်ကုန်မြို့တွင် တည်ငြိမ်အေးချမ်းမှုရှိလာသည့်အလျောက် စည်ပင်သာယာဈေးများ၊ လက်ကားဈေးကြီးများနှင့် ကိုယ်ပိုင်ဈေး ကုန်တိုက်ကြီးများတွင် ဈေးရောင်း၊ ဈေးဝယ်သူများဖြင့် ပြန်လည်စည်ကားလျက်ရှိသည်။

ယနေ့တွင် ရန်ကုန်မြို့၏ အဓိက လက်ကားဈေးကြီးများသို့ ကုန်စည်များ ဝင်ရောက်လျက်ရှိရာ လှိုင်မြို့နယ် ရွှေပိတောက်ငါးဈေးသို့ ရေချို၊ ရေငန် ငါးနှင့် ပုဇွန် ၂၃၀၄၆၅ ပိဿာ၊ ကြည့်မြင်တိုင်မြို့နယ် ဗဟိုစံပြငါးဈေးသို့ ရေချိုငါးနှင့် ပုဇွန် ပိဿာ ၁၁၂၀၀၀၊ ကုန်စိမ်း လက်ကားဈေးကြီးများဖြစ်သည့် သီရိမင်္ဂလာဈေးသို့ ကွမ်း၊ ပန်း၊ ကုန်စိမ်းနှင့် သစ်သီး ပိဿာ ၉၁၃၀၀၀၊ မင်္ဂလာဒုံမြို့နယ် ရတနာသီရိဈေးသို့ ကုန်စိမ်း ပိဿာ ၁၀၈၀၀၀ နှင့် ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကုန်ခြောက် ပိဿာ ၁၆၉၂၅၀ ဝင်ရောက်ခဲ့ကြောင်း သိရသည်။

ရန်ကုန်မြို့တွင် ယခုလို ကုန်စည်စီးဆင်းမှု ပြန်လည်ကောင်းမွန်လာခြင်းဖြင့် ပြည်သူတို့၏ စားရေး၊ ဝတ်ရေး၊ နေရေး အရေး(၃)ပါးတွင် အဓိကအရေးကြီးသည့် စားရေးအတွက် ရန်ကုန်မြို့ပေါ်သာမက မြန်မာပြည်အရပ်ရပ်ရှိ ပြည်သူများထံသို့ ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီးအတွင်း စမ်းသပ်ထုတ်လွှင့်မည်ဟု သတင်းဖြစ်ပေါ်လျက်ရှိသည့် FM ရေဒီယိုလိုင်းတစ်ခုသည် ပြန်ကြားရေးဝန်ကြီးဌာနက တရားဝင် ထုတ်လွှင့်ခွင့်ပြုထားသည့် FM ရေဒီယိုမဟုတ်ပါ။ အကယ်၍ ခွင့်ပြုချက်မရရှိဘဲ မည်သူမဆို လုပ်ငန်းဆောင်ရွက်ခြင်းနှင့် ထောက်ပံ့ကူညီခြင်းတို့ ပြုလုပ်ပါက တည်ဆဲတရားဥပဒေနှင့်အညီ အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
(၂-၄-၂၀၂၁)

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် ဧပြီ ၂

ယနေ့ နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိခဲ့သည်။ အဆိုပါ မုန်တိုင်းငယ်သည် မြန်မာနိုင်ငံ ထားဝယ်မြို့၏ အနောက်တောင်ဘက် ရေမိုင် ၂၁၅ မိုင်ခန့်၊ ကိုကိုးကျွန်းမြို့၏ အရှေ့တောင်ဘက် ရေမိုင် ၂၅၅ မိုင်ခန့်နှင့် ရန်ကုန်မြို့၏တောင်ဘက် ရေမိုင် ၃၄၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မိုး/ဇလ

## ကြေးမုံ ယနေ့ ဖတ်စရာ

လူမှုကွန်ရက်အားအသုံးပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် လှုံ့ဆော်သူများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်

စာမျက်နှာ » ၁၇

အရွယ်မရောက်သေးသူ ကလေးသူငယ်များကို ဆူပူဆန္ဒပြမှုဖြစ်စဉ်များတွင် ရှေ့တန်းတင်အသုံးချလာမှုများအား သတိပြုထိန်းသိမ်းစောင့်ရှောက်ရေး

စာမျက်နှာ » ၂၁

၂၀၁၉ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်စာအုပ်ဆု ဆုချီးမြှင့်ပွဲကျင်းပ

စာမျက်နှာ » ၂၂



# လီဗာပူးအသင်းနဲ့ ယှဉ်ပြိုင်ကစားမယ့် ချန်ပီယံလိဂ်ကွာတားဖိုင်နယ်တွင် ရီးယဲလ်မက်ဒရစ်အသင်းခေါင်းဆောင် ရာမို့စ် ဒဏ်ရာကြောင့်လွဲချော်မည်

ရီးယဲလ်မက်ဒရစ်အသင်းခေါင်းဆောင် ဆာဂျီယိုရာမို့စ်ဟာ ခြေသလုံးကြွက်သားဒဏ်ရာပြဿနာကြုံတွေ့ခဲ့ရတာကြောင့် လီဗာပူးအသင်းနဲ့ ရီးယဲလ်မက်ဒရစ်အသင်းတို့ ယှဉ်ပြိုင်ကစားမယ့် ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ပွဲစဉ်နှစ်ကျော့စလုံးမှာ ရီးယဲလ်မက်ဒရစ်အသင်းနဲ့အတူ ပါဝင်လာမှာမဟုတ်ဘဲ လွဲချော်ရဖို့ရှိနေတယ်လို့ သိရပါတယ်။

စာမျက်နှာ ၂၈ ကော်လံ ၁ သို့ ➲